# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957



**ကပ်ငြိတွယ်တာမှုမရှိ**

လာကြကုန်လော့(ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော (အဝတ်တန်ဆာတို့ဖြင့်) ဆန်းကြယ်သော ဤခန္ဓာငါးပါးတည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိတွယ်တာမှုသည်မရှိ။

လောကဝဂ်(ဓမ္မပဒ-၁၇၁)


၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်၊ စနေနေ့။ Saturday, 27 March 2021 ၁၀၃၂၉


# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၇၆)နှစ်မြောက်တပ်မတော်နေ့အခမ်းအနားသို့ ပါဝင်တက်ရောက်မည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ့တပ်မတော်၏ (၇၆)နှစ်မြောက်တပ်မတော်နေ့အခမ်းအနားသို့ ပါဝင်တက်ရောက်မည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Vasilyevich Fomin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် မတ် ၂၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာ့တပ်မတော်၏ (၇၆)နှစ်မြောက်တပ်မတော်နေ့အခမ်းအနားသို့ ပါဝင်တက်ရောက်မည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Vasilyevich Fomin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီးနှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ပြည်သူ့ကောင်စီဥက္ကဋ္ဌနှင့် သမ္မတ၏ သတင်းပြန်ကြားရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်ဖြစ်သူ Mr.Pavel GUSEV၊ Head of Moscow Buddhist Society ဖြစ်သူ Mr. Bair B.TSYMPILOV ၊ ရုရှားနိုင်ငံ စစ်ဘက်၊ အရပ်ဘက်မှအရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံစစ်သံမှူး Col Sergey S. KURCHENKO တို့ တက်ရောက်ကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖


## (၇၆)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုပါ၏။

ကြေးမုံ

# သမိုင်းကြောင်းအစဉ်အလာကြီးမားသော မြန်မာ့တပ်မတော်

တပ်မတော်သည် အမိနိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရာတွင် အသက်ခန္ဓာကိုပင် ပေးဆပ်ရန်မတွန့်ဆုတ်ဘဲ နိုင်ငံတော်နှင့်တိုင်းရင်းသားမိဘပြည်သူတို့ကို ကာကွယ်စောင့်ရှောက်ခဲ့သည်။ ခေတ်သမိုင်းအဆက်ဆက်တွင် မည်သည့်အဖွဲ့အစည်းနှင့်မျှမတူသော အနစ်နာခံမှု၊ စွန့်လွှတ်စွန့်စားမှုတို့ကို တပ်မတော်က စွမ်းဆောင်နိုင်ခဲ့သည်ကိုလည်း ယုံမှားသံသယရှိရန် လိုမည်မဟုတ်ပေ။ တပ်မတော် စတင်ဖွဲ့စည်းစဉ်ကပင် နိုင်ငံတော်အတွက်နှင့် တိုင်းရင်းသားပြည်သူများအတွက်ဖြစ်သကဲ့သို့ ပစ္စုပ္ပန်ကာလတွင်လည်း နိုင်ငံတော်အတွက်၊ ပြည်သူ့အတွက်ပင်ဖြစ်သည်။

တပ်မတော်သည် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးလိုအပ်ချက်မှန်သမျှကို ရယူတည်ဆောက်ပေးခဲ့သည်။ ထို့အပြင် သမိုင်းကြောင်းအခြေအနေအရ ဖြစ်ပေါ်လာသော ပြဿနာများအပေါ်တွင်လည်း ပီပီပြင်ပြင်ဖြေရှင်း၍ ကောင်းမြတ်သော အစဉ်အလာများကို ထိန်းသိမ်းလျက် အများပြည်သူလိုလားသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့တွင် ပြုပြင်ပြောင်းလဲဆောင်ရွက်ပေးခဲ့သည်။ ယင်းအကြောင်းအချက်များသည် မြန်မာ့သမိုင်းကြောင်းစာမျက်နှာများတွင် မှတ်တမ်းရေးထိုးနေဆဲ ဖြစ်သည်။

တပ်မတော်သည် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ထိန်းသိမ်းစောင့်ရှောက် ကာကွယ်ဆောင်ရွက်နေရသည့်ကာလများတွင် ပေးအပ်သောတာဝန်မှန်သမျှကို ဦးလည်မသုန် ထမ်းဆောင်ခဲ့ကြသည်သာဖြစ်သည်။ နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် ရှေ့တန်းစခန်းများ၊ နယ်မြေအသီးသီးတွင် သူရသတ္တိရှိစွာဖြင့် ရန်သူကိုချေမှုန်းသကဲ့သို့ နိုင်ငံတော်၏ လိုအပ်ချက်အခြေအနေများအရ မြို့ပြကျေးရွာများ လုံခြုံရေးနှင့် တည်ဆောက်ရေးတာဝန်များ ထမ်းဆောင်ရာတွင်လည်း ပီပီပြင်ပြင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရမည်ဖြစ်သည်။

တပ်မတော်သားများသည် ရှေ့တန်းစစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ရင်း မဖွံ့ဖြိုးသေးသောဒေသများရှိ တိုင်းရင်းသားပြည်သူများကိုလည်း အလုပ်အကျွေးပြုခဲ့သည်။ ပြည်သူ့တပ်မတော်သားကောင်းစိတ်ဓာတ်ဖြင့် ပြည်သူ့ဝန်ကို ထမ်းခဲ့ကြသည်။ အတိတ်ကာလများနှင့် ပစ္စုပ္ပန်ကာလများတွင် တပ်မတော်သည် အမျိုးသားရေးကို သစ္စာတရားဖြင့်ဦးထိပ်ထားကာ ကြီးမားသောအစဉ်အလာကိုပြဆိုမည့် သမိုင်းဆက်အား မော်ကွန်းရေးထိုးခဲ့ကြသည်။ ထို့အတူ အနာဂတ်ကာလများတွင်လည်း ဆက်လက်မော်ကွန်းရေးထိုးသွားဦးမည် ဖြစ်သည်။

မည်သို့ပင်ဆိုစေကာမူ တပ်မတော်သည် မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းတွင် ရရှိပြီးသောလွတ်လပ်ရေး မဆုံးပါးရလေအောင် အသက်၊ သွေး၊ ချွေးပေါင်းမြောက်မြားစွာတို့ကို ပေးဆပ်ကာကွယ်စောင့်ရှောက်ခဲ့ကြသည်မှာ မည်သူမျှမငြင်းနိုင်သောအချက်များဖြစ်သည်။ တပ်မတော်သည် နိုင်ငံတော်၏ နိုင်ငံရေးရေစီးကြောင်းတွင် အနေအထားအမျိုးမျိုးဖြင့် လိုက်ပါလာခဲ့ရသည်။ သမိုင်းရေစီးကြောင်းအဆင့်ဆင့်တွင် တပ်မတော်သည် လွတ်လပ်ရေးကို အခြေအနေအမျိုးမျိုးမှ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့ရသည်။ ထိုအကြောင်းအရာတို့သည် မြန်မာ့နိုင်ငံရေးသမိုင်း ကြေးမုံပြင်တွင် အထင်အရှားကျန်ရှိနေဆဲ ဖြစ်သည်။

ဤနေရာတွင် တပ်မတော်က ပြောင်းလဲလာသော မြန်မာ့နိုင်ငံရေး ရေစီးကြောင်းအဆင့်ဆင့်တွင် အခြေအနေ၊ အချိန်အခါကိုလိုက်၍ နိုင်ငံတော်၏ လွတ်လပ်ရေး မဆုံးရှုံးစေရန်လည်းကောင်း၊ ပြည်ထောင်စုမပြိုကွဲစေရန်ကိုလည်းကောင်း ကာကွယ်စောင့်ထိန်းခဲ့ရသည်ကို အမှန်ကိုအမှန်အတိုင်း၊ အရှိကိုအရှိအတိုင်း မြင်တတ်သူများအနေဖြင့် တပ်မတော်၏ ဆောင်ရွက်ချက်တို့ကို ကြိုဆိုလက်ခံကြသော်လည်း အဆိုးမြင်ဝါဒီများအတွက်မူကား တပ်မတော်၏ စွမ်းဆောင်နိုင်မှုတို့ကို အမျိုးမျိုးအပြစ်တင် ရှုတ်ချတိုက်ခိုက်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်သည်။

ဤသို့ဆိုလျှင် အဆိုးမြင်သမားများအလိုအရ နိုင်ငံတော်ကို ရေစုန်မျှောလိုက်ရမည့်သဘော သက်ရောက်နေပေတော့မည်မဟုတ်ပါလော။ ဤအခြေအနေကို မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားပြည်သူအားလုံးတို့က လက်ခံနိုင်ကြပါ၏လော။ နိုင်ငံတော်ကြီး ဝါးအစည်းပြေသကဲ့သို့ အစိတ်စိတ်အမွှာမွှာကွဲလျှင် တိုင်းပြည်ငြိမ်းချမ်းသာယာသောပန်းတိုင်သို့ ရောက်ရှိမည်ထင်ပါသလော။ မြန်မာနိုင်ငံအား မီးလောင်တိုက်သွင်းကာ တိုင်းရင်းသားပြည်သူများအား အတိဒုက္ခရောက်ကြစေချင်ပါသလော။ ယဉ်ကျေးမှုအမွေအနှစ်များသာမက လူမျိုးပါ အပျောက်ခံကြဦးပါမည်လော။ ဤမေးခွန်းများကို တိုင်းရင်းသားပြည်သူအပေါင်းတို့က ရှေ့နောက်တွေးကာ အဖြေထုတ်ကြည့်ကြစေလိုပါသည်။

မည်သို့ပင်ဖြစ်စေကာမူ ပြည်ထောင်စုကြီးနှင့် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်နေကြသော သမိုင်းကြောင်းအစဉ်အလာကြီးမားသည့် မြန်မာ့တပ်မတော်အနေဖြင့် မည်သူတွေ မည်သို့ပင် တိုက်တွန်းကြသည်ဖြစ်စေ၊ ကန့်ကွက်ကြသည်ဖြစ်စေ၊ နှောင့်ယှက်ကြသည်ဖြစ်စေ၊ ဖျက်ဆီးကြသည်ဖြစ်စေ နိုင်ငံတော်အကျိုး၊ တိုင်းရင်းသားပြည်သူများအကျိုးကို ရည်မျှော်ကာ အနစ်နာခံ၍ ကာကွယ်စောင့်ရှောက်သွားမည်သာ ဖြစ်ပါကြောင်း။ ။

## (၇၆)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

(၁) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃)ပါးကို ဆက်လက်ထိန်းသိမ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ဆန္ဒဖြစ်သည့် ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မှု မရှိစေရန် ပြည်သူတစ်ရပ်လုံးနှင့်လက်တွဲ၍ တပ်မတော်က ကာကွယ်ထိန်းသိမ်းပေးရေး။

(၂) သဘာဝဘေးအန္တရာယ်ကျရောက်မှုအပါအဝင် ပြည်သူများအပေါ် ကျရောက်လာသည့် အန္တရာယ်မှန်သမျှကို မည်သည့်အခြေအနေ မည်သည့်အချိန်အခါတွင်မဆို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြည်သူလူထု၏ လူနေမှုဘဝလုံခြုံရေးကိုပါ ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

(၃) ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ဒို့တာဝန်အရေး(၃)ပါးကို မသွေဖည်ဘဲ NCA အပေါ် အခြေခံ၍ အကောင်အထည်ဖော် ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်နိုင်ရန် တိုက်ပွဲစွမ်းရည်နှင့် တိုက်ပွဲစွမ်းအားရှိသော ကျစ်လျစ်ခိုင်မာတောင့်တင်းသည့် ခေတ်မီတပ်မတော်တည်ဆောက်ရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦး၊ ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# စည်းကမ်းရှိဖို့လို

**လွတ်လပ်ရေးဆိုတဲ့ အဓိပ္ပာယ်ဟာ စည်းမဲ့ကမ်းမဲ့ သဘောမျိုးမဟုတ်ဘူး။ စည်းနဲ့ကမ်းနဲ့ သဘောမျိုးသာ ဖြစ်တယ်။ စည်းနဲ့ကမ်းနဲ့ရှိမှသာလျှင် လွတ်လပ်ရေးဆိုတာ ဖြစ်နိုင်တယ်။ လွတ်လပ်ရေးရတဲ့အခါမှာ ငါတို့တိုင်းပြည်ဟာ ပိုပြီးစည်းကမ်းရှိဖို့လိုတယ်။ ငါတို့တိုင်းပြည်ဟာ လွတ်လပ်ရေးရအောင်လည်းပဲ စည်းကမ်း ရှိရှိနဲ့ လုပ်ရမယ်။**

*(၁၉၄၇ ခု၊ ဇူလိုင်လ ၁၃ ရက်နေ့ မြို့တော်ခန်းမတွင်ကျင်းပသော ပြည်သူ့အစည်းအဝေးကြီး၌ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)*



❖ ရှေ့ဖုံးမှ

တွေ့ဆုံဆွေးနွေးရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြန်မာ့တပ်မတော်၏ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့သည် ၂၀၂၀ ပြည့်နှစ်တွင် ကျရောက်ခဲ့ပြီး COVID-19 ရောဂါဖြစ်ပွားမှုကြောင့် ကျင်းပနိုင်ခဲ့ခြင်းမရှိသဖြင့် ယခုနှစ်တွင် ကျရောက်သည့် (၇၆)နှစ်မြောက် နှစ်ပတ်လည်နေ့နှင့်ပေါင်း၍ ပြုလုပ်မည်ဖြစ်ကြောင်းနှင့် ယခုကဲ့သို့ ပါဝင်တက်ရောက်သည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ COVID-19 ရောဂါဖြစ်ပွားမှုများနှင့် မိမိတို့နိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများအကြားမှ ယခုကဲ့သို့ ပါဝင်တက်ရောက်ရန် လာရောက်ခြင်းကို ဝမ်းမြောက်စွာ ကြိုဆိုပါကြောင်းနှင့် မိမိတို့နှစ်နိုင်ငံသည် အလှမ်းဝေးသော်လည်း တစ်ဦးနှင့်တစ်ဦး လေးစားတန်ဖိုးထားမှုများကို ပိုမိုခိုင်မြဲစေမည်ဖြစ်ပါကြောင်း ဦးစွာပြောကြားသည်။

**ကျေးဇူးတင်ရှိ**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီးက ပြန်လည်ပြောကြားရာတွင် ယခုကဲ့သို့ မိမိတို့ ကိုယ်စားလှယ်အဖွဲ့အား နွေးထွေးစွာကြိုဆိုသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဖြစ်သူ Army General Sergei Kuzhygetovich Shoigu ကလည်း မြန်မာ့တပ်မတော်၏ (၇၆)နှစ်မြောက် တပ်မတော်နေ့အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာကို ပေးအပ်လိုက်ပါကြောင်းနှင့် ကာကွယ်ရေးဝန်ကြီးကိုယ်စား မြန်မာ့တပ်မတော်၏ (၇၆)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုပါသည်ဟု ပြောကြားလိုပါကြောင်း၊ မြန်မာနိုင်ငံ၏ တည်ရှိမှုသမိုင်းကြောင်းကို လေ့လာခဲ့ရာတွင် မြန်မာ့တပ်မတော်၏ တည်ရှိမှုနှင့် များစွာဆက်နွှယ်နေသည်ကို လေ့လာတွေ့ရှိရပြီး မြန်မာ့တပ်မတော်မှ နိုင်ငံတော်၏ပြည်တွင်း၊ ပြည်ပ ရန်စွယ်မှန်သမျှကို ခေတ်အဆက်ဆက် မားမားမတ်မတ် ရပ်တည်ကာကွယ်ပေးခဲ့မှုကြောင့် မြန်မာနိုင်ငံအနေဖြင့် တည်ငြိမ်အေးချမ်းပြီး တည်တံ့ခိုင်မြဲနေခြင်းဖြစ်သည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် သမိုင်းကြောင်းအရ တူညီမှုရှိပြီး တပ်မတော်နေ့ အကြိမ်အရေအတွက်များသည်လည်း တူညီမှုရှိကာ ၂၀၂၀ ပြည့်နှစ်တွင် ကျရောက်ခဲ့သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ (၇၅)နှစ်မြောက် Victory Day of Great Patriotic War အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားကို အဆွေတော် ဗိုလ်ချုပ်မှူးကြီး ကိုယ်တိုင် တက်ရောက်ချီးမြှင့်ပေးခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြန်လည်ပြောကြားသည်။

**မြန်မာ့တပ်မတော်၏ အရေးပါမှု**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိတို့နိုင်ငံ၏ သမိုင်းတစ်လျှောက်ကို ပြန်ကြည့်မည်ဆိုပါက မြန်မာ့တပ်မတော်၏ အရေးပါမှုကို မြင်တွေ့နိုင်မည်ဖြစ်ပြီး လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းမှစ၍ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကို အခက်အခဲမျိုးစုံကြားမှ **စာမျက်နှာ ၄ သို့ »»**



## ဂုဏ်ပြုပေးအပ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Vasilyevich Fomin အား ဂုဏ်ထူးဆောင်တံဆိပ် ဂုဏ်ပြုပေးအပ်စဉ်။



လက်ရှိမြန်မာနိုင်ငံ၌ ဖြစ်ပေါ်နေသည့် ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များတွင် သိမ်းဆည်းရမိခဲ့သည့် ဆူပူအကြမ်းဖက်လှုပ်ရှားသူများ အသုံးပြုလာသော ဒေသန္တရလုပ် လက်နက်၊ ကိရိယာပစ္စည်းများ ခင်းကျင်းပြသထားမှုအား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Vasilyevich Fomin နှင့် အဖွဲ့ဝင်များက လေ့လာကြည့်ရှုရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လိုက်လံရှင်းလင်းပြသစဉ်။

»»» **စာမျက်နှာ ၃ မှ**

နိုင်ငံတော်ကြီး မပြိုကွဲအောင် ခေတ်အဆက်ဆက် ထိန်းကျောင်း လုပ်ဆောင်ခဲ့ရသည်ကို မည်သူမျှ ငြင်း၍ ရနိုင်မည်မဟုတ်ကြောင်း၊ တပ်မတော်အနေဖြင့် ပြည်သူလူထု၏ တောင်းဆိုမှုအရ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ရောက်ရှိအောင် လုပ်ဆောင်ပေးခဲ့သော်လည်း မျှော်မှန်းထားသကဲ့သို့ ဖြစ်မလာခဲ့ကြောင်း၊ လွတ်လပ်ပြီး တရားမျှတသည့် ဒီမိုကရေစီနိုင်ငံရေးကို လိုလားခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မရိုးသားသည့် နိုင်ငံရေးအဖြစ်ပုံဖော်လုပ်ဆောင်ခဲ့ပြီး နိုင်ငံတော်၏အာဏာကို မတရားသောနည်းလမ်းများဖြင့် ရယူနိုင်ရန် လုပ်ဆောင်ခဲ့မှုများကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်၏တာဝန်ကို ရယူထိန်းသိမ်းခဲ့ရပါကြောင်း၊ ဖြစ်ပေါ်ခဲ့သည့် အခြေအနေများကြောင့် စစ်မှန်သည့် ဒီမိုကရေစီဖြစ်စေရေး၊ စည်းကမ်းရှိပြီး ခိုင်မာသည့် ဒီမိုကရေစီဖြစ်စေရေး ခေတ္တတာဝန်ယူထိန်းသိမ်းဆောင်ရွက်နေခြင်းသာဖြစ်ပြီး နိုင်ငံတော်ကို တည်ငြိမ်အေးချမ်းအောင် တည်ဆောက်ပြီးပါက ဒီမိုကရေစီလမ်းကြောင်းကို ပြန်လည်တည့်မတ်ပေးသွားမည်ဖြစ်ကာ အေးချမ်းတည်ငြိမ်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ဖြစ်အောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**အပြန်အလှန်ဆွေးနွေး**

ဆက်လက်ပြီး နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား စစ်ဘက်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံနှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ လေ့ကျင့်ရေးနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ သင်တန်းသားများ စေလွှတ်ရေးဆိုင်ရာကိစ္စရပ်များနှင့် COVID-19 ရောဂါကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် ကာကွယ်ဆေးနှင့် နည်းပညာဖလှယ်ရေးဆိုင်ရာကိစ္စရပ်များနှင့် ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန် သွားရောက်ရေးဆိုင်ရာကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီးအား နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် စစ်ဘက်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှု တည်တံ့ခိုင်မြဲရေးကို ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သဖြင့် ဂုဏ်ထူးဆောင်တံဆိပ်နှင့် ဂုဏ်ထူးဆောင်ဓားကို ဂုဏ်ပြုပေးအပ်သည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီးက ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်တို့ကို "တိုက်ပွဲဝင် သွေးသောက်စိတ်မြှင့်တင်မှု" (For Strengthening of Combat Companionship-in-Arms) ဆုတံဆိပ်ကို ပေးအပ်ချီးမြှင့်သည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ယင်းနောက် လက်ရှိမြန်မာနိုင်ငံ၌ဖြစ်ပေါ်နေသည့် ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များတွင် သိမ်းဆည်းရမိခဲ့သည့် ဆူပူအကြမ်းဖက်လှုပ်ရှားမှုများတွင် အသုံးပြုလာသော ဒေသန္တရလုပ်လက်နက်၊ ကိရိယာပစ္စည်းများ စသည်တို့ကို ခင်းကျင်းပြသထားရှိရာ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Vasilyevich Fominအား ဂုဏ်ထူးဆောင်ဓား ဂုဏ်ပြုပေးအပ်စဉ်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီးနှင့် အဖွဲ့ဝင်များ၊ ရုရှားသတင်းမီဒီယာများက လေ့လာကြည့်ရှုခဲ့ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Vasilyevich Fomin က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းအား "တိုက်ပွဲဝင် သွေးသောက်စိတ်မြှင့်တင်မှု" (For Strengthening of Combat Companionship-in-Arms) ဆုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။



ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Vasilyevich Fomin က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး မောင်မောင်အေးအား "တိုက်ပွဲဝင် သွေးသောက်စိတ်မြှင့်တင်မှု" (For Strengthening of Combat Companionship-in-Arms)ဆုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။

# မဲစာရင်းလိမ်လည်မှုသည် ဆိုးရွားသည့် လုပ်ရပ်ဖြစ်

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲကျင်းပပြုလုပ်ချိန်သည် COVID-19 ရောဂါဖြစ်ပွားနေချိန်ဖြစ်ပြီး social distancing နှင့်အညီ မဲပေးမှုများဆောင်ရွက်ခဲ့ရကြောင်း၊ မဲပေးမှုမှာ ၇၁ ရာခိုင်နှုန်းဖြစ်သည်ကိုတွေ့ရှိရကြောင်း၊ မဲစာရင်းရလဒ်များကို စစ်ဆေးခဲ့ရာတွင်လည်း ကွာဟမှုများစွာတွေ့ရှိခဲ့ရပြီး တွေ့ရှိချက်များကိုလည်း ထုတ်ပြန်ကြေညာခဲ့ကြောင်း၊ ထိုသို့ မဲစာရင်းလွဲမှားနေမှုများကို ပြန်လည်စိစစ်ပေးရန် အကြိမ်ကြိမ်ပြောဆိုခဲ့ကြောင်း၊ မြိတ်မြို့နယ်တွင် မဲမသမာမှုပေါင်း ၅ သောင်းကျော်နှင့် ကျွန်းစုမြို့နယ်တွင် မဲမသမာမှုပေါင်း ၃ သောင်းကျော်ရှိပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ဆိုပါက ၁၀ သန်း ကျော်ရှိခဲ့သည်ကို တွေ့ရှိရကြောင်း၊ မဲစာရင်းလိမ်လည်မှုသည် ဆိုးရွားသည့်လုပ်ရပ်ဖြစ်ပြီး ရိုးရိုးသားသားဖြင့် လုပ်ဆောင်လျှင် မဲနိုင်မည်ဖြစ်သော်လည်း ရိုးရိုးဖြေပါက အောင်မြင်မည့်စာမေးပွဲကို မတန်တဆအမှတ်လိုချင်သဖြင့် မသမာသည့်နည်းဖြင့် လုပ်ဆောင်သည်နှင့် တူနေကြောင်း၊ ထိုသို့ မဲစာရင်းမှားယွင်းနေမှုများကို ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိသည့်အပြင် တတိယအကြိမ်လွှတ်တော်ခေါ်ယူ၍ အစိုးရအသစ်ဖွဲ့ရန် အတင်းအဓမ္မကြံစည်ကြိုးပမ်းလာမှုများကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေ (၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှစ၍ နိုင်ငံတော်၏တာဝန်များအား ပုဒ်မ ၄၁၇ နှင့် ၄၁၈ တို့အရ ဆောင်ရွက်ခဲ့ပြီး ပုဒ်မ ၄၁၉ အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ ထိုသို့ဖွဲ့စည်းရာတွင်လည်း တပ်ဘက်၊ အရပ်ဘက် မျှတအောင် ဖွဲ့စည်းထားခြင်းဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ကောင်စီဥက္ကဋ္ဌများကို အရပ်သားများဖြင့်သာ ဖွဲ့စည်းပေးခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် စစ်မှန်သည့် ဒီမိုကရေစီ ဖြစ်စေရေး၊ စည်းကမ်းရှိပြီး ခိုင်မာသည့် ဒီမိုကရေစီဖြစ်စေရေး ခေတ္တတာဝန်ယူ ထိန်းသိမ်းဆောင်ရွက်နေခြင်းသာဖြစ်ကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀-၃-၂၀၂၁ ရက်နေ့တွင် မြိတ်၊ ကျွန်းစုနှင့် ကိုကိုးကျွန်းတပ်နယ်တို့မှ အရာရှိ၊ စစ်သည်မိသားစုများနှင့် တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ သတင်းဌာနများ၏ တွေ့ဆုံမေးမြန်းမှုများကို လက်ခံဖြေကြား

**နေပြည်တော် မတ် ၂၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ပြည်သူ့ကောင်စီဥက္ကဋ္ဌနှင့် သမ္မတ၏ သတင်းပြန်ကြားရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်ဖြစ်သူ Mr.Pavel GUSEV နှင့် ရုရှားနိုင်ငံမှ သတင်းဌာနများအား နေပြည်တော်ရှိ ဆင်ဖြူတော်ဧည့်ရိပ်သာ၌ သီးခြားစီလက်ခံတွေ့ဆုံ၍ သိရှိလိုသည့် မေးမြန်းချက်များကို ဖြေကြားခဲ့သည်။

**ရှင်းလင်းဖြေကြား**

ထိုသို့ တွေ့ဆုံမေးမြန်းရာတွင် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများ၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပေါ်ခဲ့သည့် အခြေအနေများ၊ တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများ၊ ရုရှား-မြန်မာ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်မြှင့်တင်ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ COVID-19 ရောဂါ ကာကွယ်တားဆီးကုသရေးနှင့် ပတ်သက်၍ ဆက်လက်လုပ်ဆောင်သွားမည့် အခြေအနေများနှင့် အခြားသိရှိလိုသည့် မေးမြန်းမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြည့်ပြည့်စုံစုံ ရှင်းလင်းဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားနိုင်ငံမှ သတင်းဌာနများ၏ သိရှိလိုသည့် မေးမြန်းချက်များကို ဖြေကြားစဉ်။

# နိုင်ငံတော်၏သမိုင်းကြောင်းနှင့်အတူ ယှဉ်တွဲနေသောပြည်သူ့တပ်မတော်

**အောင်ဇေယျ**

(ယမန်နေ့မှအဆက်)

**မျိုးချစ်ဗမာ့တပ်မတော်မှသည် ဗမာ့တပ်မတော်သို့**

ဖက်ဆစ်ဂျပန်ဆုတ်သွားသောအခါ ဗြိတိသျှတို့ ပြန်ဝင်လာ၏။ ၁၉၄၅ ခုနှစ် မေလ ၁၇ ရက်နေ့တွင် ဗြိတိသျှတို့က စက္ကူဖြူစာတမ်းကို ထုတ်ပြန်သည်။ ထိုစာတမ်းမှာ ဗြိတိသျှအစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အုပ်ချုပ်ရေးမူဝါဒသဘောထားဖြစ်သည်။ စာတမ်းအရ မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးနှင့်စီးပွားရေးကို ဆက်လက်ချုပ်ကိုင်မည်မှာ ထင်ရှားသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံသည် လွတ်လပ်ရေးနှင့် အလှမ်းဝေးနေဆဲပင်။

ဖက်ဆစ်ဂျပန်အား တော်လှန်တိုက်ခိုက်ခဲ့သော ပြည်သူ့လွတ်လပ်ရေးတပ်မတော်ကို ၁၉၄၅ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် 'မျိုးချစ်ဗမာ့တပ်မတော်' (ပီဘီအက်ဖ်) ဟု တရားဝင် အမည်ပြောင်းလိုက်သည်။ မျိုးချစ်စိတ်ဓာတ်ရှိသော တပ်မတော်၊ အမျိုးကိုချစ်သော တပ်မတော်ဟု အဓိပ္ပာယ်သက်ရောက်၍ လွတ်လပ်ရေးအတွက် အသင့်ရှိနေခဲ့သည်။ ဗြိတိသျှနှင့်အတူ ၎င်းဖွဲ့စည်းထားသော Burma Army ပါလာသဖြင့် တပ်မတော်နှစ်ခုမရှိရသော ဗြိတိသျှ၏မူအရ Patriotic Burma Force ဟု သုံးနှုန်းခဲ့ရကြောင်း မှတ်သားဖူးသည်။

ဂျပန်တွေထွက်သွားပြီးနောက် မြန်မာနိုင်ငံတွင် ဘီအိုင်အေမှ ပေါက်ဖွားလာသည့် မျိုးချစ်ဗမာ့တပ်မတော်နှင့် ဗြိတိသျှတို့ခေါ်သွင်းလာသည့် မြန်မာပြည်တပ်မတော် (ဘားမားအာမီ) ဟူ၍ တပ်နှစ်မျိုးရှိနေသည်။ နယ်ချဲ့တို့သည် ဘီအိုင်အေတပ်အဖြစ် ဂျပန်နှင့်ပူးပေါင်း၍ ၎င်းတို့အား တိုက်ထုတ်ခဲ့သည့်အပြင် လွတ်လပ်ရေးကြွေးကြော်သံကို ရှေ့တန်းတင်ထားသော မျိုးချစ်ဗမာ့တပ်မတော်ကို ဖျက်သိမ်းကာ ၎င်းတို့ကြိုးဆွဲရာကမည့် တိုင်းရင်းသားအချို့နှင့် ဖွဲ့စည်းထားသော ဘားမားအာမီကို အစားထိုးချင်သည်။ တပ်မတော်ဖွဲ့စည်းရေးမှာ မပြတ်မသား မတင်မကျဖြစ်နေ၏။

မျိုးချစ်ဗမာ့တပ်မတော် ခေါင်းဆောင်များနှင့် တိုင်းမှူးများသည် လွတ်လပ်ရေးအတွက် တပ်မတော်ကို ဆက်လက်ရှင်သန်ဖွံ့ဖြိုးစေရန် လိုအပ်မည်ဖြစ်သောကြောင့် ၁၉၄၅ ခုနှစ် ဩဂုတ်လ ၁၀ ရက်နေ့နှင့် ၁၁ ရက်နေ့တို့တွင် ပဲခူးမြို့၌



(၇၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပစဉ်။

လည်းကောင်း၊ ၁၂ ရက်နေ့တွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်း၏နေအိမ်တွင် လည်းကောင်း တပ်မတော်၏အနာဂတ်ကို စည်းဝေးဆုံးဖြတ်ကြသည်။ အစည်းအဝေးသို့ စစ်သေနာပတိချုပ် ဗိုလ်ချုပ်အောင်ဆန်း၊ ဒုတိယစစ်သေနာပတိ ဗိုလ်မှူးကြီးလကျ်ာ၊ စစ်ဦးစီးမှူး ဗိုလ်မှူးကြီးဇေယျ၊ ရှေ့တန်းစစ်ဌာနချုပ်မှူး ဗိုလ်မှူးကြီးနေဝင်း၊ အမှတ် (၄) တိုင်းမှူး ဗိုလ်မှူးကျော်ဇော၊ အမှတ် (၆) တိုင်းမှူး ဗိုလ်မှူးရဲထွဋ်၊ အမှတ် (၇) တိုင်းမှူး ဗိုလ်မှူးအောင်၊ အမှတ် (၁)တိုင်းမှူး ဗိုလ်မှူးမောင်မောင်၊ မြစ်ဝကျွန်းပေါ်တိုင်းမှူး ဗိုလ်မှူးအောင်ကြီး၊ အထက်ဗမာပြည်တိုင်းမှူး ဗိုလ်ကြီးအာဇ္ဇာဝကတို့ တက်ခဲ့ကြသည်။

**နေသူရိန်အစည်းအဝေးကြီး**

ဗိုလ်ချုပ်အောင်ဆန်းသည် ဖတပလဥက္ကဋ္ဌဖြစ်သည့်အားလျော်စွာ မြန်မာ့လွတ်လပ်ရေးလုပ်ငန်းစဉ်များကို နိုင်ငံရေးလမ်းကြောင်းမှလည်း ချမှတ်ပေးခဲ့၏။ ၁၉၄၅ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့တွင် ကန်တော်ကြီးစောင်းရှိ နေသူရိန်ဇာတ်ရုံကြီး၌ ဖတပလအဖွဲ့က ကြီးမှူးကျင်းပခဲ့သော နိုင်ငံရေးအဖွဲ့ပေါင်းစုံမှ ခေါင်းဆောင်များ၊ တပ်မတော်သားများ၊ ပြည်သူများတက်ရောက်ခဲ့သည်။ ပြည်သူ့အစည်းအဝေးကြီးတွင် လွတ်လပ်ရေးအတွက် အရေးကြီးသော ဆုံးဖြတ်ချက်များ ချမှတ်နိုင်ခဲ့သည်။ အစည်းအဝေးကျင်းပရာ ဇာတ်ရုံကိုအစွဲပြု၍ နေသူရိန်အစည်းအဝေးကြီးဟု သမိုင်းတွင်ခဲ့သည်။

အစည်းအဝေးတွင် တင်သွင်းသော အရေးကြီးသည့်အဆိုအချို့မှာ 'ဖွဲ့စည်းပုံအခြေခံရေးဆွဲရေးအတွက် တိုင်းပြုပြည်ပြုလွှတ်တော်ခေါ်ယူရန်'၊ 'မြန်မာတစ်နိုင်ငံလုံး ညီညွတ်ရန်'၊ 'ဗမာ့တပ်မတော်သစ်ကို မျိုးချစ်ဗမာ့တပ်မတော်သားများဖြင့် ဖွဲ့စည်းရန်'တို့ဖြစ်ကြ၏။

တပ်မတော်နှင့်ပတ်သက်သော အဆိုများတွင် မျိုးချစ်ဗမာ့တပ်မတော်ကို ဖျက်သိမ်းပြီး အမည်ခံမျှသာရှိသော ဘားမားအာမီထဲသို့ တစ်ဦးချင်းတစ်ယောက်ချင်း အကန့်အသတ်ဖြင့် ဖွဲ့စည်းမည့်အစီအစဉ်များကိုရုပ်ဆိုင်းရန်၊ မြန်မာ့တပ်မတော်ကို စနစ်တကျဖွဲ့စည်းခွင့်ပြုရန်၊ ဗြိတိသျှလက်အောက်ရှိ ဘားမားအာမီမှ တိုင်းရင်းသားများကို အသစ်ဖွဲ့စည်းမည့် တပ်မတော်တွင် ဝင်ခွင့်ပြုရန်၊ အရာရှိအကြပ်များအား မြန်မာတိုင်းရင်းသားများ (နိုင်ငံခြားသား၊ ကပြားမဟုတ်သူကို ဆိုလိုသည်) ကိုသာခန့်ထားရန်၊ တပ်မတော်ဖွဲ့စည်းရေးအတွက် သဘောတူညီချက်မရခင် တပ်များကို မရုပ်သိမ်းရန်.....တို့ပါဝင်သည်။

**ရင်ဆိုင်ရန် ဝန်လေး**

တပ်မတော်၏အဆိုများကို မန္တလေး၊ စစ်ကိုင်း၊ မြင်းခြံ၊ ပျဉ်းမနား၊ တောင်ငူ၊ ပဲခူး၊ ဟံသာဝတီ၊ ဟင်္သာတစသောမြို့ကြီးများတွင်လူထုအစည်းအဝေးကြီးများကျင်းပ၍ တစ်ခဲနက်ထောက်ခံကြသောအခါ နယ်ချဲ့ဗြိတိသျှသည် လျစ်လျူရှု၍မရတော့ချေ။ စစ်ပန်းနေသော ဗြိတိသျှအစိုးရသည် တပ်မတော်နှင့် ပြည်သူတို့က ဆင်နွှဲလာမည့်လက်နက်ကိုင်တော်လှန်ရေးကို ရင်ဆိုင်ရန် ဝန်လေးနေပုံရသည်။

နေသူရိန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့် ဗမာ့တပ်မတော်သစ် ဖွဲ့စည်းရေးကိစ္စကို ဆွေးနွေးရန် အရှေ့တောင်အာရှဒေသ မဟာမိတ်တပ်ပေါင်းစုမှူး စစ်သေနာပတိချုပ် လော့ဒ်လူဝီ မောင့်ဘက်တန်က မြန်မာကိုယ်စားလှယ်အဖွဲ့ကို သီဟိုဠ်နိုင်ငံ (ယခု သီရိလင်္ကာနိုင်ငံ) ကန္ဒီမြို့သို့ ဖိတ်ခေါ်ခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့တွင် ဗိုလ်မှူးကြီးလကျ်ာ၊ ဗိုလ်မှူးကြီးဇေယျ၊ ဗိုလ်မှူးကြီးနေဝင်း၊ ဗိုလ်မှူးဇော်မင်း၊ ဗိုလ်မှူးကျော်ဇော၊ ဗိုလ်မှူးမောင်မောင်၊ ဦးဘဖေ၊ ဦးညိုထွန်း (ရခိုင်ကိုယ်စားလှယ်)၊ စောဘဦးကြီး (ကရင်ကိုယ်စားလှယ်)နှင့် သခင်သန်းထွန်းတို့ ပါဝင်ကြသည်။ မဟာမိတ်တို့ဘက်က အရာရှိကြီး ၄၂ ဦးတက်သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် မဟာမိတ်အရာရှိကြီးများနှင့် အကြိတ်အနယ် အချေအတင်ဆွေးနွေးကြသည်။ မဟာမိတ်ဘက်က အကြောင်းအမျိုးမျိုးပြကာ ဈေးဆစ်ကြသည်။ သွေးခွဲကြသည်။

စက်တင်ဘာလ ၆ ရက်နေ့က စခဲ့သော အစည်းအဝေးသည် ၂၅ ရက်နေ့တွင် ပြီးဆုံးကာ သဘောတူညီချက်များကို လက်မှတ်ရေးထိုးနိုင်ခဲ့၍ ကန္ဒီသဘောတူညီချက် (Kandy Agreement) ဟု ထင်ရှားခဲ့၏။ ထိုသဘောတူညီချက် (ဝါ) စာချုပ်အရ မျိုးချစ်ဗမာ့တပ်မတော် (ပီဘီအက်ဖ်) သည် ဘားမားအာမီနှင့် အလုံးအရင်းမပျက် ပူးပေါင်းဖွဲ့စည်းခွင့်ရသော်လည်း အရာရှိ ၂၀၀ နှင့် တပ်သား ၅၂၀၀ အထိ ကန့်သတ်ထားလေသည်။ လေ့ကျင့်ရေးကိုမူ ဗြိတိသျှအရာရှိများက တာဝန်ယူသည်။

**ပထမဆုံးတပ်ရင်း**

ဗမာ့တပ်မတော်သစ်၏ ပထမဆုံးတပ်ရင်းများမှာ တပ်ရင်း (၃)၊ တပ်ရင်း (၄) နှင့် တပ်ရင်း(၅) တို့ဖြစ်ကြသည်။ တပ်ရင်းမှူးများမှာ ဒုတိယဗိုလ်မှူးကြီးအဆင့် မျက်နှာဖြူလူမျိုးများဖြစ်ကြပြီး ဒုတိယတပ်ရင်းမှူးကိုသာ မြန်မာလူမျိုးကို ခန့်သည်။ တပ်မတော်ကို မယုံကြည်သောသဘောဖြစ်၏။ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးကျော်ဇော၊ ဗိုလ်မှူးနေဝင်း၊ ဗိုလ်မှူးဇေယျတို့က ဒုတိယတပ်ရင်းမှူးများ ဖြစ်ကြသည်။

ဗြိတိသျှတို့သည် ကန္ဒီစာချုပ်ဖြင့် တပ်မတော်ကို ကန့်သတ်ဖွဲ့စည်းခွင့်ပြုသော်လည်း စာချုပ်ပါအချက်များကို အပြည့်အဝမလိုက်နာချေ။ မျိုးချစ်ဗမာ့တပ်မတော်မှ တပ်ဖွဲ့များအား သူ့တပ်နှင့်သူ့အရာရှိ ဖြစ်စေရမည်ဆိုသော်လည်း မသိမသာ လူစုခွဲ၏။ မျိုးချစ်ဗမာ့တပ်မတော်မှ သင့်လျော်သော အရာရှိများအား နိုင်ငံခြားစစ်ကျောင်းများတွင် တက်ရောက်သင်ကြား လေ့ကျင့်စေရေးတွင်လည်း မသိချင်ယောင်ဆောင်ခဲ့ကြသည်။ ဗမာ့တပ်မတော် ပြန်တမ်းဝင်အရာရှိ ခန့်ထားခြင်းကို ဒိုမီနီယမ်နိုင်ငံအသီးသီး၏ တပ်မတော်ပြန်တမ်းဝင်ခန့်ထားခြင်းနှင့်မခြား အဆင့်အတန်းတူဖြစ်အောင် အလျင်အမြန် ဆောင်ရွက်ပေးရန် သဘောတူသည်ဟူသော အချက်ကိုလည်း ဆောင်ရွက်မပေးခဲ့ချေ။ မျိုးချစ်ဗမာ့တပ်မတော်မှ အရာရှိများအား အရေးပေါ်ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်ထားခြင်းကိုပင် နှစ်အကန့်အသတ်ဖြင့်သာ ဆောင်ရွက်ပေးခဲ့သည်။ ဗြိတိသျှတို့ဖွဲ့စည်းခဲ့သော တိုင်းရင်းသားတပ်ဖွဲ့များမှ အရာရှိများနှင့် မျိုးချစ်ဗမာ့တပ်မတော်မှ အရာရှိများကို မသိမသာ ခွဲခြားဆက်ဆံသည်။

စာမျက်နှာ ၇ သို့

**ဤကဲ့သို့ ဗိုလ်ချုပ်အောင်ဆန်းနှင့် တပ်မှူးအချို့က ယူနီဖောင်းချွတ်၍ အရပ်ဝတ်လဲကာ နိုင်ငံရေးနယ်ပယ်အတွင်း ဝင်ရောက်ပြီး လွတ်လပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြသကဲ့သို့ ဗိုလ်မှူးကြီးနေဝင်း၊ ဗိုလ်မှူးကြီးဇေယျ၊ ဗိုလ်မှူးကြီးလကျ်ာ၊ ဗိုလ်မှူးကျော်ဇော၊ ဗိုလ်မှူးဗလ၊ ဗိုလ်မှူးရဲထွဋ် စသူတို့က အသစ်ဖွဲ့စည်းသည့် ဗမာ့တပ်မတော်တွင် ကျန်ရစ်ပြီး စစ်ရေးတာဝန်ထမ်းဆောင်ရင်း လွတ်လပ်ရေးကြိုးပမ်းမှုတာဝန်ကို တစ်ဖက်တစ်လမ်းမှ ထမ်းဆောင်ပေးခဲ့ကြ။**

# ဘူမိဖသဃမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ အစိတ်အပိုင်းအား ပဉ္စမအကြိမ် ကြိုဆိုပင့်ဆောင်ခြင်း မဟာမင်္ဂလာအခမ်းအနား ကျင်းပ



**နေပြည်တော် မတ် ၂၆**

ဘူမိဖသဃမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ အစိတ်အပိုင်းအား ပဉ္စမအကြိမ် ကြိုဆိုပင့်ဆောင်ခြင်း မဟာမင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မဟာမင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားသို့ လယ်ဝေးမြို့နယ် သံဃနာယကဥက္ကဋ္ဌ မြို့ဦးဓမ္မာရုံဆရာတော် ဘဒ္ဒန္တအဂ္ဂစာရ အမှူးပြုသော ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကံမြင့်သန်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မျိုးတင်နှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး လယ်ဝေးမြို့နယ် သံဃနာယကဆရာတော် အမှူးပြုသော သံဃာတော်အရှင်သူမြတ်တို့က မေတ္တာပို့ဂါထာတော်များကို ရွတ်ဆိုပူဇော်၍ မေတ္တာပြုတော်မူသည်။ ထို့နောက် ဘုရားဒါယကာ၊ ဒါယိကာမများနှင့် ဧည့်ပရိသတ်အပေါင်းတို့က အရိယာသာဝိတ္ထိဂါထာ၊ ဘုရားဂုဏ်တော်ကိုးပါး၊ ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိတော် ပါဝင်သော ရတနတ္တယပူဇာဂါထာများနှင့် မေတ္တာပို့လင်္ကာများကို သံပြိုင်ညီညာစွာ ရွတ်ဆိုပူဇော်ကြသည်။

ဆက်လက်ပြီး ဘူမိဖသဃမုဒြာထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်ကြီး၏ ဆင်းတုတော် အပိုင်း(၄)ကို လယ်ဝေးမြို့နယ် သံဃနာယကဆရာတော်က ဦးဆောင်၍ တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများ၊ ဘုရားဒါယကာများက အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြပြီး ဇယမင်္ဂလာအောင်ဂါထာတော်များကို ရွတ်ဆိုပူဇော်ကြသည်။ ထို့နောက် မင်္ဂလာအချိန်တွင် ဘူမိဖသဃမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော် အပိုင်း(၄)ကို အပူဇော်ခံမည့်နေရာသို့ ဆက်လက်ပင့်ဆောင်တော်မူကြသည်။

**အောင်မြင်ပြီးမြောက်ခြင်းအထိမ်းအမှတ်**

ယင်းနောက် ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားရုပ်သိမ်းခဲ့ရာ ဝတ်အသင်းများက အရပ်ဆယ်မျက်နှာ မေတ္တာပို့လင်္ကာများဖြင့် မေတ္တာဘာဝနာပွားများပူဇော်ခြင်းနှင့် အမျှပေးဝေခြင်းများကို ဆောင်ရွက်ခဲ့ကြပြီး အခမ်းအနားအောင်မြင်ပြီးမြောက်ခြင်းအထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးခဲ့ကြသည်။

ယနေ့ကြိုဆိုပင့်ဆောင်သည့် ဘူမိဖသဃမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်တော်မြတ်ကြီး၏ ဆင်းတုတော် အပိုင်း (၂) အရန် အလေးချိန် ၅၆၃ တန်နှင့် ဆင်းတုတော်အပိုင်း (၄) အလေးချိန် တန် ၈၀၀ ရှိပြီး အဆိုပါအစိတ်အပိုင်းများအား မတ် ၂၀ ရက်တွင် ဆီးမီခုံ ဆိပ်ကမ်းမှ Modular Trailer များဖြင့် ပင့်ဆောင်ခဲ့ပြီး နေပြည်တော် ကောင်စီနယ်မြေ မင်္ဂလာနေရာသို့ မတ် ၂၅ ရက်တွင် ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် မတ် ၂၆**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

## သွေးနဲ့ရေးတဲ့ နေ့တစ်နေ့

☆ လမြတ်တပေါင်း ရှက်ဟောင်းညာကြွေ
ဂိမှာန်နွေဝယ် မသွေမဖောက်
သစ္စာသောက်လျက် စစ်ထွက်လာရ
ဘဝကျွန်ဖြစ် နှံ့ညစ်အတွင်း
မဆင်းမသက် ရှန်းထွက်ကြရေး
အားပေးကြံဆောင် တော်လှန်အောင်ပွဲ
ဆင်နွှဲခြိမ့်ခြိမ့် မိုးမြေသိမ့်မျှ
ဖိမ့်ဖိမ့်တုန်အောင် စားကိုဆောင်ကြ
မိဘဆွေမျိုး ဂုဏ်မညှိုးအောင်
စားကျိုးလုံခွေ ပျက်ယွင်းလေလဲ
စိတ်တွေခိုင်ခံ့ တည်တံ့မြဲမြဲ
ကိုင်စွဲလျက်သာ တော်လှန်ပါသည်
မြန်ပြည်သူတို့ လွတ်လပ်ဖို့။
မတ်နှစ်ဆယ့်ခွန်မှာ စတင်လို့။

☆ ဟေမန်ကုန်ပြောင်း နွေတပေါင်းက
ပြန်ပြောင်းသက်သေ ဖော်ပြနေစဉ်
တောင်လျှင်တောတက် ဥဩငှက်က
ချိုမြသံစဉ် လွမ်းတေးငင်ခဲ့
သို့လျှင်သာမော စုံတကြောဝယ်
ခက်ကြောထန်ထန် အားမာန်တင့်တင့်
စားကိုဝင့်၍ အသင့်တော်လှန်
သူတို့ရန်ကို ပြန်လှန်ရင်ဆိုင်
ဒို့ကနိုင်လို့ ခိုင်မြဲမချွတ်
လွတ်လပ်အရေး မနှေးရခဲ့
သွေးနဲ့ရေးသော နေ့တစ်နေ့။

(၇၆) နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုလျက် ...

**ဘိုမျိုး(ရွှေဘို)**

❐ စာမျက်နှာ ၆ မှ

**တရားဝင်ရပ်တည်ပေါ်ပေါက်လာသော အဖွဲ့အစည်း**

မည်သို့ဆိုစေ တပ်မတော်အကြီးအကဲများနှင့် အမျိုးသားနိုင်ငံရေးကို အလေးထားသော နိုင်ငံရေးခေါင်းဆောင်များ၏ ကြိုးပမ်းမှုနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ထောက်ခံမှုကြောင့် ဗမာ့တပ်မတော်သည် လွတ်လပ်ရေးမရခင်၊ မြန်မာအစိုးရဟူ၍ မပေါ်ပေါက်ခင်၊ နယ်ချဲ့လက်အောက်မှာပင်၊ တရားဝင်ရပ်တည်ပေါ်ပေါက်လာသော နိုင်ငံနှင့်ပြည်သူ့အကျိုးကိုသာ ထာဝစဉ်ရှေးရှုသည့် အဖွဲ့အစည်း အင်စတီကျူးရှင်းဖြစ်သည်။ **ဤဗမာ့တပ်မတော်သည် ၁၉၄၈-၁၉၄၉ ခုနှစ် ရောင်စုံသောင်းကျန်းသူများ အင်အားအကောင်းဆုံးအခြေအနေတွင် နိုင်ငံတော်ပြိုကွဲမည့် အန္တရာယ်မှ ပထမဆုံး စတင်ကယ်တင်ပေးခဲ့ကြောင်း တွေ့ရှိလာရမည်ဖြစ်သည်။**

ဗမာ့တပ်မတော်ကို အသစ်ပြန်လည်ဖွဲ့စည်းပြီးဖြစ်သောအခါ တပ်မတော်သည် ၁၉၄၅ ခုနှစ် အောက်တိုဘာလ ၂၃ ရက်နေ့တွင် ဖဆပလအဖွဲ့ချုပ်မှ နုတ်ထွက်ခဲ့သည်။ **မလိုအပ်တော့သောအခါတွင် နိုင်ငံရေးအဖွဲ့မှ နုတ်ထွက်ခဲ့သော သာဓကဖြစ်၏။** ဗိုလ်ချုပ်အောင်ဆန်းသည် ဗိုလ်မှူးချုပ်အဆင့်ဖြစ်သော ဒုတိယစစ်ဆေးရေးအရာရှိချုပ်ရာထူးကိုမယူဘဲ မပြီးဆုံးသေးသော မြန်မာ့လွတ်လပ်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်ရန် အောက်တိုဘာလ ၂၇ ရက်နေ့တွင် တပ်မတော်မှ နုတ်ထွက်ခဲ့သည်။ ဗိုလ်ချုပ်နှင့်အတူ ရဲဘော်သုံးကျိပ်ဝင်များဖြစ်ကြသော ဗိုလ်မှူးအောင်၊ ဗိုလ်လရောင်၊ ဗိုလ်မင်းခေါင်၊ ဗိုလ်မြင့်ဆွေ၊ ဗိုလ်တောက်ထိန်၊ ဗိုလ်ဇင်ယော်တို့လည်း တပ်မှနုတ်ထွက်၍ ဖတပလအဖွဲ့ချုပ်တွင် ပါဝင်ကာ နိုင်ငံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်ကြသည်။

ဤကဲ့သို့ ဗိုလ်ချုပ်အောင်ဆန်းနှင့် တပ်မှူးအချို့က ယူနီဖောင်းချွတ်၍ အရပ်ဝတ်လဲကာ နိုင်ငံရေးနယ်ပယ်အတွင်း ဝင်ရောက်ပြီး လွတ်လပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြသကဲ့သို့ ဗိုလ်မှူးကြီးနေဝင်း၊ ဗိုလ်မှူးကြီးဇေယျ၊ ဗိုလ်မှူးကြီးလက်ျာ၊ ဗိုလ်မှူးကျော်ဇော၊ ဗိုလ်မှူး ဗလ၊ ဗိုလ်မှူးရဲထွဋ် စသူတို့က အသစ်ဖွဲ့စည်းသည့် ဗမာ့တပ်မတော်တွင် ကျန်ရစ်ပြီး စစ်ရေးတာဝန်ထမ်းဆောင်ရင်း လွတ်လပ်ရေးကြိုးပမ်းမှုတာဝန်ကို တစ်ဖက်တစ်လမ်းမှ ထမ်းဆောင်ပေးခဲ့ကြသည်။ ထိုမျှသာမက လွတ်လပ်ရေးရပြီးနောက် လွတ်လပ်ရေးကို ထိန်းသိမ်းစောင့်ရှောက်ပေးသည့် တာဝန်ကို ယနေ့ထက်တိုင် ထမ်းဆောင်လျက်ရှိသည်။ အနာဂတ်တွင်လည်း နိုင်ငံတော်၏ သမိုင်းကြောင်းတစ်လျှောက် လိုက်ပါရင်း လွတ်လပ်ရေးကို စောင့်ရှောက်ကာကွယ်ပေးနေဦးမည်မှာ တပ်မတော်၏သစ္စာပင်တည်း။ ။

**(၇၆ နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုပါသည်။)**

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ သြဝါဒါစရိယ ဆရာတော်ကြီးများထံမှ (၁၆) ကြိမ်မြောက် သြဝါဒခံယူပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၂၆**

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ သြဝါဒါစရိယ ဆရာတော်ကြီးများထံမှ (၁၆)ကြိမ်မြောက် သြဝါဒခံယူပွဲ အခမ်းအနားကို ယနေ့ညနေ ၄ နာရီက နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ရင်ပြင်တော် ဓမ္မာရုံ၌ ကျင်းပသည်။

**သြဝါဒခံယူကြ**

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏သြဝါဒါစရိယ၊ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်မြတ်ကြီးအမှူးပြုသော ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီဝင်များ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ စေတီတော်ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်သြဝါဒခံယူကြသည်။



သြဝါဒခံယူပွဲအခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ သြဝါဒါစရိယ၊ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယကဆရာတော်ကြီးထံမှ ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြကာ ဆရာတော်ကြီးများ ရွတ်ပွားသရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်တို့က သာသနာရေးဆိုင်ရာများ လျှောက်ထားတင်ပြကြသည်။

**သြဝါဒကထာ မိန့်ကြား**

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ သြဝါဒါစရိယ၊ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယကဆရာတော်နှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်း ဆရာတော်ကြီးတို့က သြဝါဒကထာ မိန့်ကြားတော်မူသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်နှင့် ဧည့်ပရိသတ်များက ဆရာတော်ကြီးများထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ သြဝါဒါစရိယ၊ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက ဘဒ္ဒန္တစန္ဒိမာဘိဝံသ ဆရာတော်ကြီးထံမှ ဧည့်ပရိသတ်များက အနုမောဒနာတရားနာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြကာ “ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု” သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း အာဆီယံဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယအကြီးအကဲများ အစည်းအဝေးသို့ တက်ရောက်

**နေပြည်တော် မတ် ၂၆**

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းသည် ယနေ့ မွန်းလွဲပိုင်းတွင် ဘရူနိုင်းဒါရူဆလမ်နိုင်ငံက Virtual စနစ်ဖြင့် အိမ်ရှင်အဖြစ် လက်ခံကျင်းပသော အာဆီယံဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယအကြီးအကဲများ အစည်းအဝေးကို နေပြည်တော်ရှိ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ ပါဝင်တက်ရောက်သည်။



**ဆွေးနွေး**

ယခုနှစ် အာဆီယံအစည်းအဝေးများကို ဘရူနိုင်းဒါရူဆလမ်နိုင်ငံက အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ယူ၍ဆောင်ရွက်လျက်ရှိရာ ယခုနှစ်အတွက် အာဆီယံဆောင်ပုဒ်အဖြစ် “We Care, We Prepare, We Prosper” ကို ချမှတ်ထားသည်။ အစည်းအဝေးတွင် ယခုနှစ် ဒေသတွင်းနှင့် ကမ္ဘာ့စီးပွားရေးတွင် မတည်ငြိမ်မှုများ ရှိနေသေးသော်လည်း နိုင်ငံအလိုက် စီးပွားရေး ပြန်လည်နာလန်ထူနိုင်ရေးအစီအမံများ၊ အထူးသဖြင့် ကာကွယ်ဆေးထိုးနှံခြင်းကဲ့သို့သော ကျန်းမာရေးဆောင်ရွက်ချက်များ၊ အာဆီယံနိုင်ငံများ ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် အာဆီယံဘဏ္ဍာရေးနှင့် ဗဟိုဘဏ်တို့၏ ပူးပေါင်းဆောင်ရွက်မှုသည် ဒေသစီးပွားရေးအတွက် အရေးပါသဖြင့် ပြန်လည်ထူထောင်ရေးအစီအစဉ်များကို တွန်းအားပေးဆောင်ရွက်နိုင်ရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေရှည်ဆောင်ရွက်ချက်များ၊ ASEAN Blueprint 2025 အောက်မှ အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် ကိစ္စရပ်များ၊ အာဆီယံနိုင်ငံများအတွင်း ဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှုများ၏ တိုးတက်မှုအခြေအနေများကို ဆွေးနွေးကြသည်။ အာဆီယံဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှုများတွင် အာဆီယံဒေသတွင်း ငွေလုံးငွေရင်းစာရင်းဆိုင်ရာ ဖြေလျှော့ပေးမှုကိစ္စရပ်များ၊ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာဖြေလျှော့ပေးရေးကိစ္စရပ်များ၊ အာဆီယံဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှုမူဘောင် သဘောတူညီချက် အကောင်အထည်ဖော်ရေးကိစ္စရပ်များ၊ ငွေရေးကြေးရေးကဏ္ဍတွင် အားလုံးပါဝင်လာနိုင်ရေးဆိုင်ရာကိစ္စရပ်များနှင့် ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းရေးစနစ်များ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကိစ္စရပ်များ ပါဝင်သည်။

**အမြင်ချင်းဖလှယ်**

အဆိုပါ အစည်းအဝေးနှင့်အတူ ဆက်စပ်အစည်းအဝေးတစ်ခုဖြစ်သော အာဆီယံဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယအကြီးအကဲများနှင့် အမေရိကန်ပြည်ထောင်စု၊ ဘဏ္ဍာရေးဝန်ကြီးဌာနတို့၏ အစည်းအဝေးကိုလည်း ယနေ့ နံနက် ၉ နာရီမှ ၁၀ နာရီခွဲအထိ Virtual အစီအစဉ်ဖြင့် ကျင်းပသည်။ အစည်းအဝေးတွင် အမေရိကန်ပြည်ထောင်စုအနေဖြင့် Economic Stimulus Package အဖြစ် အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ထရီလီယံ သုံးစွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အမေရိကန်ပြည်ထောင်စု၏ အဓိကကုန်သွယ်ဖက်တစ်ခုဖြစ်သည့် အာဆီယံဒေသတွင် ကိုဗစ်-၁၉ ကပ်ရောဂါ၏ သက်ရောက်မှုများကို တုံ့ပြန်ဆောင်ရွက်သွားမည့် အစီအစဉ်များအပေါ် ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ၊ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးနှင့် လူမှုရေးထိခိုက်မှုများအပေါ် ဘဏ္ဍာရေးအစီအစဉ်များ ချမှတ်ဆောင်ရွက်ရေးကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးသည် မြန်မာနိုင်ငံတွင် COVID-19 Economic Relief Plan (CERP) ချမှတ်ဆောင်ရွက်လျက်ရှိသည့်အခြေအနေနှင့် စီးပွားရေးဦးတည်ချက်များ ချမှတ်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြခဲ့သည်။

ယခုကျင်းပသည့် အာဆီယံဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယအကြီးအကဲများ အစည်းအဝေးမှ ဆွေးနွေးဆုံးဖြတ်ချက်များကို မတ် ၃၀ ရက်တွင် ကျင်းပမည့် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများအစည်းအဝေးသို့ ဆက်လက်တင်ပြအတည်ပြုဆောင်ရွက်မည်ဖြစ်သည်။

ယခုအစည်းအဝေးသို့ အာဆီယံနိုင်ငံများ၏ ဘဏ္ဍာရေးနှင့် ဗဟိုဘဏ်တို့မှ ဒုတိယဝန်ကြီးများနှင့် ဒုတိယဥက္ကဋ္ဌများနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ စုံညီစွာ တက်ရောက်ခဲ့ကြပြီး လာမည့် ၂၀၂၂ ခုနှစ်တွင် ကျင်းပမည့် အာဆီယံဘဏ္ဍာရေးနှင့် ဗဟိုဘဏ် ဒုတိယအကြီးအကဲများ အစည်းအဝေးကို အိမ်ရှင်အဖြစ် အလှည့်ကျသည့် ကမ္ဘောဒီးယားနိုင်ငံက လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရှမ်းပြည်နယ်အတွင်း ဟိုတယ်နှင့် ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် မတ် ၂၆**

ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် မတ် ၂၅ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ ကလောမြို့ရှိ Kalaw Heritage Hotel သို့ သွားရောက်ကာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသော ကိုဗစ်-၁၉ ဆိုင်ရာ သတ်မှတ်စည်းမျဉ်းစည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုခဲ့သည်။



**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ညောင်ရွှေမြို့ Travel life Gold ဆုရရှိထားသော Villa Inle Resort သို့သွားရောက်ကာ ဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသော Enchanting Myanmar Health and Safety Protocols(HSP)နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့မှ ထုတ်ပြန်ထားရှိသော ကိုဗစ်-၁၉ စည်းမျည်းစည်းကမ်း Version များနှင့်အညီ ဧည့်သည်များ စိတ်ချမ်းမြေ့စွာဖြင့် လာရောက်တည်းခိုနိုင်ရေးအတွက် ပြင်ဆင်ထားရှိမှုများ၊ ဟိုတယ်တွင်း သဘာဝနှင့် အစိမ်းရောင်ကို ဦးစားပေးပြီး ပလတ်စတစ်အသုံးပြုမှုလျှော့ချကာ Organic စိုက်ခင်းများ စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုခဲ့သည်။ ဆက်လက်၍ Aureum Palace Hotel သို့သွားရောက်ကာ ဧည့်သည်များအတွက် ကိုဗစ်-၁၉ နှင့်ပတ်သက်၍ ကျန်းမာရေးဆိုင်ရာ သတ်မှတ်ချက်နှင့်အညီ စနစ်တကျပြင်ဆင်ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် Aureum Palace Hotel အစည်းအဝေးခန်းမ၌ ရှမ်းပြည်နယ်တောင်ပိုင်း မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ ဟိုတယ်များမှ တာဝန်ခံများနှင့် ဟိုတယ်နှင့် ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းဆွေးနွေးခဲ့သည်။

ထိုသို့ဆွေးနွေးရာတွင် ပြည်ထောင်စုဝန်ကြီးက ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသည် ဝန်ဆောင်မှုကို အခြေခံသည့်လုပ်ငန်းဖြစ်ပြီး နိုင်ငံတော်အတွက် ဝင်ငွေရှာဖွေပေးသည့် လုပ်ငန်းတစ်ခုဖြစ်သည့်အပြင် နိုင်ငံတကာကို မြန်မာနိုင်ငံ၏ ရေမြေတောတောင် သဘာဝအလှအပများကိုဖော်ကျူးကာ မိတ်ဆက်ချပြပေးသော ပြယုဂ်တစ်ခုပင်ဖြစ်ပါကြောင်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းသည် ပို့ဆောင်ရေး၊ စားသောက်ဆိုင်၊ အမှတ်တရပစ္စည်းရောင်းဝယ်ရေး စသော ကဏ္ဍပေါင်းစုံပါဝင်သည့်အတွက် ခရီးသွားလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ အလွှာပေါင်းစုံမှ ပြည်သူများ အကျိုးကျေးဇူးများစွာ ကိုဗစ်-၁၉ ကာလတွင် ဆုံးရှုံးနစ်နာမှုများစွာရှိခဲ့ပြီး ယခုအခါတွင် ကိုဗစ်-၁၉ ကို အထိုက်အလျောက် ထိန်းချုပ်နိုင်ပြီဟု ယူဆနိုင်သောကြောင့် မွန်းကျပ်နေသော ပြည်သူများအတွက် ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြန်လည်ခရီးသွားလာနိုင်ရေး၊ လူထုအခြေပြုခရီးသွားလုပ်ငန်း Community Based Tourism(CBT)များအား ခရီးစဉ်ဒေသများတွင် ဆက်လက်အကောင်အထည်ဖော်သွားရန်နှင့် ပြည်သူများ စိတ်အပန်းဖြေနိုင်ရေးတို့အတွက် ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများ၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍမှ လုပ်ဖော်ကိုင်ဖက်များက ဝိုင်းဝန်းဆောင်ရွက်ပေးသွားရန်လိုအပ်ပါကြောင်း။

**ဦးစားပေးစီစဉ်ပေးထား**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌကလည်း ဟိုတယ်နှင့် ခရီးသွားကဏ္ဍကို အလေးထားပါကြောင်း၊ ဟိုတယ်ဝန်ထမ်းများကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ဦးစားပေးစီစဉ်ပေးထားပါကြောင်း၊ ပြည်သူများ ခရီးသွားနိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကိုဗစ်-၁၉ ဆိုင်ရာ ကန့်သတ်ချက်များကို အထိုက်အလျောက် လျှော့ချပြီး ယာဉ်လိုင်းများ၊ လေကြောင်းလိုင်းများ၊ ဟိုတယ်များ ပြန်လည်ဖွင့်လှစ်ပေးနေရာတွင် သက်ဆိုင်ရာ ဒေသအာဏာပိုင်များသာမက ပြည်သူ လူထု လုပ်ငန်းရှင်များကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ နိုင်ငံတော်အစိုးရဘက်ကလည်း ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းနယ်ပယ်ရှိ ဝန်ထမ်းများ ကာကွယ်ဆေးထိုးနှံနိုင်ရေး၊ ချေးငွေထုတ်ပေးထားမှုကို နောက်ထပ် ခြောက်လထပ်မံသက်တမ်းတိုးပေးထားပါကြောင်း၊ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ပြောကြားသည်။

ယင်းနောက် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က ကိုဗစ်-၁၉ ကြောင့် ခရီးသွားလုပ်ငန်းများရပ်ဆိုင်းခဲ့သည်မှာ တစ်နှစ်ခန့်ရှိခဲ့ပြီဖြစ်ကာ ခရီးသွားလုပ်ငန်း ပြန်လည်စတင်နိုင်ရန် ပြည်တွင်းခရီးသွားလုပ်ငန်းကို ကနဦး ဦးစားပေးလုပ်ဆောင်သွားရမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ဆိုင်ရာသတ်မှတ်ချက်များနှင့်အညီ ပြင်ဆင်ဆောင်ရွက်သွားရမည့်အပြင် ဝန်ကြီးဌာနကလည်း Enchanting Myanmar Health and Safety Protocols(HSP)အတွက် သင်တန်းများပေးနေပြီး နိုင်ငံတကာနှင့်အညီ အဆင့်တံဆိပ်များ သတ်မှတ်ပေးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အင်းလေးဒေသ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အလေးထားဆောင်ရွက်သွားရန်နှင့် Hotel Guest List Management System ကို သုံးစွဲသွားကြရန်လိုအပ်ပါကြောင်းနှင့် ဝန်ကြီးဌာနမှ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးသွားမည့်အခြေအနေများကို ဆွေးနွေးတင်ပြသည်။

ထို့နောက် ဆွေးနွေးပွဲသို့တက်ရောက်လာသူများက ဟိုတယ်များ ပြန်လည်ဖွင့်လှစ်ရာတွင် ဧည့်သည်များ၏လုံခြုံရေး၊ ကျန်းမာရေး၊ ဝန်ထမ်းများကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှု အခြေအနေများ၊ ချေးငွေကိစ္စအခြေအနေများအား အသီးသီးဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဖောင်တော်ဦး ရုပ်ရှင်တော်မြတ်စွာဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး ဘုရားဖူးလာ ခရီးသွားများအတွက် ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးကာ ဘုရားဂေါပကအဖွဲ့သို့ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

**စီစဉ်ဆောင်ရွက်နေ**

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးသည် တောင်ကြီးမြို့ ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံးတွင် ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းနှင့် တွေ့ဆုံပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်များအရ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းအား ပြန်လည်ဖွံ့ဖြိုးတိုးတက်အောင် စီစဉ်ဆောင်ရွက်နေပါကြောင်း၊ ပုဂံ - မန္တလေး - ပြင်ဦးလွင်၊ ရန်ကုန် - ချောင်းသာ - ငွေဆောင်၊ ကလော - အင်းလေး - တောင်ကြီး - ပင်းတယ၊ ရန်ကုန် - ငပလီ ကဲ့သို့သော မြန်မာနိုင်ငံရှိ အထင်ကရခရီးစဉ်ဒေသများအား ပြည်သူများ ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြန်လည်သွားလာ လည်ပတ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နေပါကြောင်း၊ ကိုဗစ်-၁၉ အလွန်ကာလတွင် ပြည်သူများ ခရီးသွားလာနိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် လိုအပ်သည့် စစ်ဆေးမှုများ ပြုလုပ်ပြီးပါက လွတ်လပ်စွာသွားလာနိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများနှင့် ပူးပေါင်းဆောင်ရွက်ပြီး ကန့်သတ်ချက်များဖြေလျှော့ခြင်းများကို ဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကို မှီခိုအားထားနေသော ပြည်သူများစွာရှိနေသောကြောင့် ပြန်လည် ဖွံ့ဖြိုးလာပါက လူတန်းစားပေါင်းစုံ တိုက်ရိုက်အကျိုးခံစားကြရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများနှင့် ပုဂ္ဂလိကအသင်းအဖွဲ့များတို့ဖြင့် ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ခရီးစဉ်ဒေသများဖွင့်လှစ်ရာတွင် ပြည်သူများအတွက် စိတ်အပန်းပြေစေနိုင်သော လည်ပတ်စရာနေရာများကိုလည်း ပြန်လည်ဖွင့်လှစ်ပေးသွားရန်လိုအပ်ပါကြောင်း၊ လူထုအခြေပြု ခရီးသွားလုပ်ငန်း Community Based Tourism(CBT)ကိုလည်း ဆက်လက်အကောင်အထည်ဖော်သွားရန် လိုအပ်ပါကြောင်း၊ ခရီးသွားဧည့်သည်များ၏ လုံခြုံရေးအတွက် လိုအပ်သည်များ ဆောင်ရွက်ပေးစေလိုပါကြောင်းပြောကြားသည်။

**ပြန်လည်ဆွေးနွေး**

ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းက ရှမ်းပြည်နယ်အတွင်း ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ဆောင်ရွက်နေမှုများ၊ ခရီးသွားရွာ (၁၂) ရွာအပါအဝင် ခရီးစဉ်အသစ်များ ဖော်ဆောင်နေမှုများ၊ တောင်ကြီး-အင်းလေး-ပင်းတယ တစ်ဆက်တည်း ခရီးစဉ်သွားရောက်နိုင်သည့်အခြေအနေများကို ပြန်လည်ဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် ပင်းတယမြို့သို့ သွားရောက်ကာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းတို့လိုက်ပါပြီး ပင်းတယ ရွှေဥမင် လိုဏ်ဂူတော်ဘုရား လိုဏ်ဂူတော်အတွင်းလှည့်လည်ဖူးမြော်ခဲ့ကာ ဘုရားဖူးလာ ခရီးသွားများအတွက် ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုခဲ့ပြီး ဘုရားဂေါပကထံသို့ အလှူငွေများပေးအပ်ခဲ့သည်။ ဆက်လက်၍ Global Grace Pindaya ဟိုတယ်ကို ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖွင့်လှစ်ထားရှိမှုများ၊ ပြည်တွင်းခရီးသွားလုပ်ငန်းများ ပြန်လည်စတင်ချိန် ခရီးသွားဧည့်သည် အများအပြားလာရောက်ရာတွင် ကျန်းမာရေးစည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဝန်ဆောင်မှုအပြည့်အဝပေးနိုင်ရေးတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး၌ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းနှင့် တွေ့ဆုံပြီး ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများကို ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စတင်ဖွင့်လှစ်သွားနိုင်ရေး၊ ခရီးသွားဆွဲဆောင်မှုနေရာများနှင့် ခရီးစဉ်ဒေသအသစ်များဖော်ဆောင်နိုင်ရေး၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းနယ်ပယ်ရှိ ဝန်ထမ်းများကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံနိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

## ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့အား ဆက်သွယ်သွားလာနိုင်မည့် ပြည်နယ်ချင်းဆက်လမ်းဖောက်လုပ်

**ဖရူဆို မတ် ၂၆**


နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ဝေးလံပြီး သွားလာရခက်ခဲသော ဒေသတစ်ခုဖြစ်သည့် ကယားပြည်နယ် ဖရူဆိုမြို့နယ် အနောက်ဘက်ခြမ်း ဟိုယာကျေးရွာအုပ်စု ဒိုမိုခိုကျေးရွာနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ် ဘီသူ (အထက်) ကျေးရွာနှင့် ဆက်သွယ်သည့် ပြည်နယ်ချင်းဆက်လမ်းကို ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် ၂၀၃ ဒသမ ၂၆၇ သန်းဖြင့် ၅ မိုင် ၄ ဖာလုံ မြေလမ်းချဲ့ခြင်း၊ ရေနုတ်မြောင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်းနှင့် အဆိုပါလမ်းပေါ်တွင် လိုအပ်သော (၄x၄x၂၆ )ပေ Box Culvert ၁၁ စင်း တည်ဆောက်ခြင်းလုပ်ငန်းအား ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ သတ်မှတ်ချိန်ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီ ပြီးစီးစေရေးအတွက် ကယားပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးသန့်ဇင်နှင့် တာဝန်ရှိသူများ ယနေ့ နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုခဲ့ကာ လုပ်ငန်း ၇၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်းနှင့် ယင်းပြည်နယ်ချင်းဆက်လမ်း ဆောင်ရွက်ပေးခြင်းဖြင့် ကယားပြည်နယ်အတွင်းရှိ အနီးစပ်ဆုံး ဒေသခံကျေးရွာလေးရွာ၊ အိမ်ခြေ ၂၀၆ အိမ်၊ လူဦးရေ ၁၀၂၄ ဦး အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**ငွေကြယ်**

# ညီညွတ်ရေးနှင့် အသက်ရှည်ရှည် ခင်ခင်မင်မင် လက်ရည်တစ်ပြင်တည်း ရှေးကတော့ ပိုချစ်ကြတယ်

စာချစ်သူ




**မိတ်ဆွေသူငယ်ချင်းများကြားတွင်လည်း ဝိဝါဒ ကွဲကြပြဲကြသည်။ အစွန်းရောက်စိတ်ဝင်သွားသူများက ကိုယ်နှင့်အမြင်မတူ၊ သဘောချင်းမတိုက်ဆိုင်သူတို့ကို လူမှုရေးစည်းမျဉ်းစည်းကမ်း၊ လွတ်လပ်စွာသဘောကွဲလွဲခွင့်တည်းဟူသော ဒီမိုကရေစီယဉ်ကျေးမှုစည်းမျဉ်းစည်းကမ်းများကိုကျော်ကာ ထိကပါးရိကပါး၊ ကလူ၏သို့ မြှူ၏သို့ စကားတင်းဆိုကြသည်။ လူချင်းမတွေ့ပါက လူမှုကွန်ရက်ထက်တွင် ရိသလို ကလိသလို စောင်းမြောင်းစော်ကား ရေးသားကြပြန်သည်။ အစိုးရဝန်ထမ်းတစ်ဦးဖြစ်နေပါမူ “CDM မလုပ်ဘူးလား” ဟူ၍ သရော်စကားဆိုကြပြန်သည်။ ဒီမိုကရေစီယဉ်ကျေးမှုသည် ကွယ်ပျောက်လေပြီ။ “အများညီလျှင် ဤသည်ကျွဲ” ဖြစ်ခဲ့လေပြီ။ စိတ်မကောင်းအဖြစ်ရဆုံးက တစ်အူထုံ့ဆင်း မောင်နှမအရင်းမိသားစုအတွင်းမှာပင် အကွဲအပြဲများ ဖြစ်ပေါ်လာရခြင်းပင်။ စိတ်ခံစားမှုများ မြင့်တင်နေသူ မောင်နှမ၊ တူ၊ တူမသားချင်းများက ကိုယ်နှင့်အမြင်မတူလျှင် တံဆိပ်ကပ်ကြလေ၏။ ဤသို့ဖြင့် တစ်အူထုံ့ဆင်း မောင်နှမအရင်း ဆွေမျိုးညာတိများကြား ဆက်ဆံရေးသည်လည်း ခပ်မှန်မှန် ခပ်တန်းတန်း အေးခဲသွားလေ၏။**

မုန်တိုင်းစဲစပြုလေပြီ။ လေပြည်လေညင်းတို့လည်း နေ့လေပြီ။ နွေရဲ့သင်္ကေတ ဥသြပျိုတို့၏ တေးသီသံများနှင့် ချိုးငှက်တို့၏ တကူကူတွန်ကျူးသံများလည်း ကြားရစပြုလေပြီ။ သို့တစေ မုန်တိုင်း၏ဒဏ်ရာဒဏ်ချက်များကား အကင်းမသေရှိနေဆဲပင်။

အကြီးမားဆုံးဒဏ်ချက်ကတော့ လွန်ခဲ့သောနှစ်အနည်းငယ်ကတည်းက အက်ရာအက်ကြောင်းထင်နေသော လူ့အဖွဲ့အစည်းအတွင်းက အကွဲအပြဲ။

**“အကွဲအပြဲ”**

“အကွဲအပြဲ”။ အကွဲအပြဲများကား မြန်မာတို့အဖို့ အထူးအဆန်းမဟုတ်တော့ပြီ။ ပါမောက္ခချုပ်ဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တ နန္ဒမာလာဘိဝံသက လောကသားတို့အတွက် မြတ်ဗုဒ္ဓ၏ ကြိုးပမ်းချက်(ပထမတွဲ) တရားတော်တွင် “မညီညွတ်တဲ့ထဲမှာတော့ မြန်မာလူမျိုးတွေက တော်တော်နာမည်ကြီးကြတယ်လို့ဆိုတာ ကမ္ဘာကတောင် သိနေတယ်။ တော်တော်သိနေတယ်။ မြန်မာတွေမညီညွတ်ဘူးဆိုတာ ဘာဖြစ်လို့တုံးဆို တစ်လောကတင်ပဲ ရန်ကုန်သွားတော့ မဟာချူလာလောင်ကွန်တက္ကသိုလ်(Maha Chulalongkorn University)က ပါမောက္ခအမျိုးသမီးတစ်ယောက် မြန်မာပြည်လာပြီးတော့ ပညာရေး၊ စီးပွားရေးကို research လာလုပ်တယ်၊ မေးတယ်၊ မြန်းတယ်။ နောက်ပိုင်းမှာ အလွတ်စကားပြောတဲ့အခါ အဲဒီအမျိုးသမီးက ဘာမေးတုံးဆိုတော့ –

“အရှင်ဘုရား ဗမာပြည်မှာ ဗမာတွေ မညီမညွတ်ဘူးလို့ ကြားတယ်”

“အေး – ဟုတ်တယ်”

“ဘာကြောင့်တုံး”

“ဘာကြောင့်မှ မဟုတ်ဘူး၊ တို့လူမျိုးတွေရဲ့သွေးသားကြောင့် ဖြစ်တာလို့” ပြောလိုက်တယ်။ ဗမာလူမျိုးတွေဟာ one man show နဲ့ Hero တွေချည်းပဲ အကုန်လုံး၊ ဘယ်ကိစ္စပဲဖြစ်ဖြစ် one man show တစ်ကိုယ်ကောင်းလုပ်ကြတယ်။ Hero တွေ တကယ့်သူရဲကောင်းတွေပဲလို့။ တို့ဗမာပြည်က လူတွေက တစ်ယောက်နဲ့တစ်ယောက် စုပေါင်းလက်တွဲလုပ်တဲ့အကျင့် အင်မတန်မှ အားနည်းတယ်။ သူ့ထက်ငါသာဖို့အတွက် ကြိုးစားကြတာ၊ one man show တစ်ယောက်တည်းကောင်းတာကို ပြချင်တယ်။ အဖွဲ့အသင်းနဲ့ အောင်မြင်တာကို မလိုချင်ဘူး။ တစ်ယောက်တည်းကို လိုချင်တယ်။ တို့ဆီက Hero တွေပဲ များတယ်လို့ အဲဒီလိုပဲ ဖြေလိုက်တော့ ရယ်နေတယ်၊ သူ့ဟာသူ”

**ညီညွတ်မှုဆိုတာ**

ဒါဟာ ညီညွတ်မှုဆိုတာ မြတ်စွာဘုရားသခင်ကိုယ်တိုင်ကလည်းပဲ ညီညွတ်မှုကို အလေးထားခဲ့တယ်။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးတော့ ပထမဦးဆုံး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတည်ထောင်တဲ့အချိန်မှာ နိုင်ငံတော်တံဆိပ်ထဲမှာ ဘာပါတုံးဆို “သမဂ္ဂါနံ တပေါ သုခေါ” ဆိုတဲ့ စာတန်းကြီးပါတယ်။ အဲဒီတုန်းက “သမဂ္ဂါနံ တပေါ သုခေါ” ညီညွတ်သူတို့ရဲ့ အကျင့်ဟာ ချမ်းသာကြောင်း ဖြစ်တယ်ဆိုတဲ့ စကားကြီးပါတယ်။ ဒါပေမဲ့ နောက်ပိုင်းတော့ အဲဒီစာတန်းဟာ ပျောက်ပျက်သွားတယ်၊ မရှိတော့ဘူး။ အဲဒီတော့ ညီညွတ်ဖို့ဆိုတာကတော့ လိုအပ်တာ အမှန်ပဲ။ သို့သော် လူတွေဟာ “နာနာဆန္ဒ နာနာ ဇ္ဈာသယ” စိတ်ဆန္ဒချင်းဟာ မတူကြဘူး။ အတွေးတွေက မတူကြဘူး။ မတူတဲ့အတွေးတွေ ပေါင်းစပ်ထားဖို့ဆိုတာ အတော်ခဲယဉ်းတယ်။ one man show, Hero ဆိုတဲ့ စိတ်ဓာတ်တွေ ရှိနေရင်တော့ ပိုပြီးတော့ စုစည်းဖို့ ခက်တာပေါ့”ဟု ဟောဖော်ညွှန်ပြ ဆိုဆုံးမတော်မူခဲ့၏။

သမိုင်းတွင်ခဲ့သော မြန်မာနိုင်ငံ၏ အကွဲအပြဲကမူ ၁၉၅၈ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သည်။ မြန်မာနိုင်ငံတွင် အခိုင်အမာဆုံးသော အမျိုးသားတပ်ဦးဖြစ်သည့် ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့(ဖဆပလ)၏ နိုင်ငံရေးအကွဲအပြဲဇာတ်လမ်းဖြစ်လေသည်။

မြန်မာ့လွတ်လပ်ရေးအတွက် ကောင်းတူဆိုးဖက် လက်တွဲဆောင်ရွက်ခဲ့ကြသော ဖဆပလခေါင်းဆောင်များ၊ တစ်နည်းဆိုသော် လွတ်လပ်ပြီးစအစိုးရအဖွဲ့အတွင်း ဆယ်နှစ်ကျော် စုပေါင်းလုပ်ကိုင်ဆောင်ရွက်ခဲ့ကြသော ခေါင်းဆောင်များ၏ အကွဲအပြဲကား မြန်မာ့နိုင်ငံရေးခရီးကို ပြောင်းလဲမှုများဖြစ်ပေါ်စေခဲ့သည်။

ဖဆပလနှစ်ခြမ်းကွဲကာ ဦးဗဆွေနှင့် ဦးကျော်ငြိမ်းတို့၏ တည်မြဲဖဆပလနှင့် ဦးနုနှင့် သခင်တင်တို့၏ သန့်ရှင်းဖဆပလတို့၏ အကွဲအပြဲဇာတ်လမ်းများကြောင့် ဗိုလ်ချုပ်ကြီးနေဝင်းဦးဆောင်သော အိမ်စောင့်အစိုးရပေါ်ပေါက်လာခဲ့သည်။

ထိုစဉ်က သမိုင်းဖြစ်စဉ်များနှင့် စပ်လျဉ်း၍ သတင်းစာဆရာကြီး ဂါးဒီးယန်း ဦးစိန်ဝင်းက “အကွဲအပြဲဇာတ်လမ်း” ဟူသည့် သမိုင်းမှတ်တမ်းစာအုပ်ကို ပြုစုရေးသားခဲ့လေ၏။

**ယုန်ထင်ကြောင်ထင် ဖြစ်လာ**

“တစ်ဦးနှင့် တစ်ဦး ကလဲ့စားချေသည့်သဘောဖြင့် အပြန်အလှန် ပုတ်ခတ်ပြောကြားရာ၌ လူအများစုက သန့်ရှင်းဖြူစင်သည်ဟု ထင်မှတ်ထားသော ပုဂ္ဂိုလ်များအား အလွန်ဆိုးသွမ်းသည့်သူများအဖြစ်လည်းကောင်း၊ မျိုးချစ်ပုဂ္ဂိုလ်များအား လူသတ်သမား၊ ပြန်ပေးဆွဲသူများ၊ မိန်းမပွေရှုပ်သူများ၊ လူဆိုးလူသွမ်းများအဖြစ်လည်းကောင်း ပြောဆိုခဲ့ခြင်းကြောင့် ပြည်သူလူထုအနေဖြင့် ခေါင်းဆောင်များအပေါ် ယုန်ထင်ကြောင်ထင် ဖြစ်လာခဲ့ကြသည်။

ပါတီခေါင်းဆောင်များ တစ်ဦးနှင့်တစ်ဦး ပုတ်ခတ်နေခြင်းကြောင့် နောက်ပိုင်းတွင် ယင်းတို့၏ နောက်လိုက်များကပါ တစ်ဦးကိုတစ်ဦး ပြစ်တင်ဝေဖန်မှုများ ပြုလုပ်ခဲ့ကြသည်။

တစ်ရက်ပြီးတစ်ရက် အချိန်ကုန်ဆုံးလာသည်နှင့်အမျှ အပုပ်ချစွပ်စွဲပြောဆိုမှုများ ပိုမိုများပြားပြင်းထန်လာကာ ယင်းစွပ်စွဲပြောဆိုမှုများ ရန်ကုန်မြို့တော်မှတစ်ဆင့် မြို့များသို့ ပျံ့နှံ့ရောက်ရှိသွားသောအခါ အချို့သောကျေးလက်ဒေသများ၌ အကြမ်းဖက်မှုများ ဖြစ်ပွားလာသည်အထိ အခြေအနေဆိုးရွားခဲ့သည်။

၁၉၅၈ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ (နု-တင် အုပ်စု၏) ဖဆပလ ညီလာခံကို ဝန်ကြီးချုပ်၏ နေအိမ်ဝင်းအတွင်း၌ ကျင်းပခဲ့သည်။

နယ်ကိုယ်စားလှယ်များက မြို့ပြနှင့် တပ်မတော်အရာရှိများသည် အတိုက်အခံ ဆွေ-ငြိမ်း အုပ်စုအတွက် ဘက်လိုက်ဆောင်ရွက်နေကြကြောင်း၊ ၎င်းတို့အား အခြားနေရာများသို့ ပြောင်းရွှေ့ပေးရန် တပ်မတော်အရာရှိများ၏အမည်ကို တင်ပြခဲ့ကြသည်။

ဟံသာဝတီမှ ကိုယ်စားလှယ်က တပ်မတော်အား ပြည်သူ၏အမှတ်တစ် ရန်သူအဖြစ် ကြေညာကာ ဆွေ-ငြိမ်းအုပ်စုကို လိုလားသော မြို့ပြဝန်ထမ်းများအား ပြည်သူ့ရန်သူအမှတ်နှစ်အဖြစ် ထုတ်ဖော်စွပ်စွဲခဲ့သည်။ အစိုးရအား လွန်ခဲ့သော ဆယ်နှစ်မှစ၍ လက်နက်စွဲကိုင်ပုန်ကန်ခဲ့ကြသည့် သူပုန်များကိုမူ ပြည်သူ၏ရန်သူ အမှတ်သုံးအဖြစ် သတ်မှတ်ခဲ့ပါသည်။

**နာကြည်းစေခဲ့**

တပ်မတော်အား ပြည်သူလူထု၏ အမှတ်တစ်ရန်သူအဖြစ် ရှုတ်ချပြစ်တင်ခဲ့ခြင်းကြောင့် နိုင်ငံအတွက် အသက်စွန့်ကြိုးပမ်းဆောင်ရွက်နေကြသော ဌာနချုပ်ရှိ တပ်မတော်ခေါင်းဆောင်များ၊ အထူးသဖြင့် နယ်များတွင် သူပုန်များနှင့် ပြင်းပြင်းထန်ထန် တိုက်ခိုက်နေရသော တပ်မတော်အရာရှိများအား နာကြည်းစေခဲ့သည်။

နု-တင် အုပ်စုခေါင်းဆောင်များက တပ်မတော်အား ဂုဏ်သိက္ခာညှိုးနွမ်းစေရန် ဝါဒဖြန့်ချိနေရုံတစ်ခုတည်းဖြင့်သာ ၎င်းတို့အလိုကျ တပ်မတော်က လိုက်လျောလာမည် မဟုတ်ကြောင်းကို သဘောပေါက်လာခဲ့သည်။ ထို့ကြောင့် တပ်မတော်ခေါင်းဆောင်များအကြား ၎င်းတို့၏ သြဇာခံများ မွေးထုတ်ရန် အတတ်နိုင်ဆုံးကြိုးစားဆောင်ရွက်ခဲ့ကြသည်။

ထို့ပြင် နု-တင်၏ အစီအစဉ်အရ စစ်ရဲတပ်ရင်းများ၊ ပြူစောထီးနှင့် သစ်တောကာကွယ်ရေးတပ်ဖွဲ့များကို ရန်ကုန်မြို့သို့ ခေါ်ခဲ့သည်။ တပ်မတော်ကလည်း အဆိုးရွားဆုံးအခြေအနေဖြစ်ပေါ်လာပါက အသင့်ရှိရန် တန်ပြန်လှုပ်ရှားမှုများကို ပြုလုပ်ဆောင်ရွက်ခဲ့ကြသည်။ တပ်ဖွဲ့များအားလုံးကို တပ်လှန့်ထားခဲ့သည်။

စာမျက်နှာ ၁၁ သို့ ✪

# ရန်ကုန်မြို့နေပြည်သူများအတွက် ကျန်းမာရေးနှင့် ညီညွတ်သော အသားနှင့် ငါး၊ ပုစွန်ပိသာချိန်ငါးသိန်းကျော်ကို နေ့စဉ်ပုံမှန်ထုတ်လုပ်ပေးနိုင်ရန် လုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိ

**ရန်ကုန် မတ် ၂၆**

ရန်ကုန်မြို့တော်နေ ပြည်သူ ငါးသန်းကျော်အတွက် ကျန်းမာရေးနှင့် ညီညွတ်သော အသားနှင့် ငါး၊ ပုစွန် စားသုံးမှုဖူလုံစေရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တိရစ္ဆာန်ဆေးကုနှင့် အသားထုတ်လုပ်ရုံများစီမံခန့်ခွဲမှုဌာနနှင့် ဈေးများဌာနတို့၏ ကြီးကြပ်မှုဖြင့် အသားထုတ်လုပ်ရေး လိုင်စင်ရလုပ်ငန်းရှင် ၇၀ ကျော်တို့နှင့် ပူးပေါင်း၍ ပုံမှန် ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ဝက်၊ ကြက်၊ ဘဲ၊ ငါး၊ ပုစွန်အပါအဝင် ပိဿာချိန်စုစုပေါင်း ငါးသိန်းကျော်ကို နေ့စဉ်ပုံမှန်ထုတ်လုပ်ပြီး မြို့တွင်းဈေးများသို့ လက်လီလက်ကား ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ အသားထုတ်လုပ်ရေးလိုင်စင်ရလုပ်ငန်းရှင်များသည် ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်ရှိ ရွာသာကြီး အသားထုတ်လုပ်ရုံမှ ကျွဲ၊ နွား ပိဿာချိန် ၁၁၀၀ ခန့်၊ သိုး၊ ဆိတ် ပိဿာချိန် ၁၆၁၀ ခန့်၊ ဝက်ပိဿာချိန် ၁၈၆၅၀ ခန့်ကို နေ့စဉ်ပုံမှန်ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိပြီး အင်းစိန်မြို့နယ် ရွာမရပ်ကွက်ရှိ အသားထုတ်လုပ်ရေးရုံမှ ဝက်ပိဿာချိန် ၇၂၀၀ ခန့်၊ လှိုင်သာယာမြို့နယ် အသားထုတ်လုပ်ရေးရုံမှ ကျွဲ၊ နွား ပိဿာချိန် ၁၀၇၀ ခန့်၊ သိုး၊ ဆိတ်ပိဿာချိန်၁၁၇၀ ခန့်၊ ရွှေပြည်သာမြို့နယ် အသားထုတ်လုပ်ရေးရုံမှ သိုး၊ ဆိတ် ပိဿာချိန် ၆၅၀ ခန့်ကို နေ့စဉ်ပုံမှန်ထုတ်လုပ်ပေးလျက်ရှိကြောင်း လိုင်စင်ရလုပ်ငန်းရှင်တစ်ဦး ပြောကြားချက်အရ သိရသည်။

"ကျွန်တော်တို့ရဲ့ အသားထုတ်လုပ်မှုမှာ သတ်မှတ် စည်းကမ်းချက်တွေနဲ့အညီထုတ်လုပ်မှ ကျန်းမာရေးညီညွတ်မှာ ဖြစ်ပါတယ်။ ကိုဗစ်-၁၉ ကာလမှာ အသားထုတ်လုပ်မှုအနည်းငယ်ကျဆင်းတာရှိပါတယ်။ ဒါပေမယ့် နေ့စဉ်ပုံမှန်ထုတ်လုပ်ပါတယ်။ ပိတ်ရက်ကတော့ ကမ္ဘာ့တိရစ္ဆာန်များနေ့နဲ့ အခါကြီးရက်ကြီးများမှလွဲ၍ နေ့စဉ်ထုတ်လုပ်ပေးလျက်ရပါတယ်" ဟု ထုတ်လုပ်မှုလိုင်စင်ရလုပ်ငန်းရှင်တစ်ဦးက ရှင်းပြသည်။

ဈေးများဌာနအောက်ရှိ မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် ကြည့်မြင်တိုင်မြို့နယ်တို့မှ နေ့စဉ် ကြက်၊ ဘဲပိဿာချိန် ၁၁၃၅၀၆ တို့ကို ထုတ်လုပ်ပေးလျက်ရှိပြီး ရန်ကုန်မြို့တော်အတွင်းရှိဈေးများသို့လက်လီလက်ကား ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သက်ဆိုင်ရာ ဌာနမှ သိရသည်။




ထို့အပြင် ရေချို၊ ရေငန်၊ ငါး၊ ပုစွန် ကုန်စည်စီးဆင်းမှုများအနေဖြင့် လှိုင်မြို့နယ် ရွှေပိတောက် ငါးဈေးနှင့် ကြည့်မြင်တိုင်မြို့နယ် ဗဟိုစံပြငါးဈေးတို့မှ ငါးဒိုင်ပေါင်း ၄၀၀ ကျော်ခန့်သည် ငါး၊ ပုစွန် ပိဿာချိန်ပေါင်း သုံးသိန်းခုနစ်သောင်းကျော်ခန့်ကို ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးသို့ နေ့စဉ်လက်လီလက်ကား ဖြန့်ဖြူးရောင်းချပေးနိုင်ရေးအတွက် အခက်အခဲမရှိစေရန် လုပ်ငန်းရှင်များနှင့် သက်ဆိုင်ရာဌာနတို့ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**စောရွှေဝှန်း**

---

❂ စာမျက်နှာ ၁၀ မှ

ဤကဲ့သို့ ပေါက်ကွဲလုနီးနီးအချိန်တွင် ဦးနုသည် အထက်မြန်မာနိုင်ငံသို့ ခရီးလှည့်လည်ရာမှ ပြန်လည်ရောက်ရှိခဲ့သည်။ စက်တင်ဘာလ ၂၅ ရက်နေ့တွင် ဦးနုသည် ၎င်း၏ အမာခံများနှင့် အကြိတ်အနယ်ဆွေးနွေးခဲ့သည်။ ၎င်းက မိမိတို့၏ လက်နက်ကိုင်တပ်ဖွဲ့ အင်အားကို တပ်မတော်၏အင်အားနှင့် ယှဉ်ပြိုင်အန်တုရန် ကြိုးစားခြင်းသည် မိုက်မဲရာကျကြောင်း ရှင်းလင်းပြောပြခဲ့သည်။

ယင်းနောက် စက်တင်ဘာလ ၂၆ ရက်နေ့ နံနက်တွင် နိုင်ငံ၏အုပ်ချုပ်ရေးအာဏာကို ဗိုလ်ချုပ်ကြီးနေဝင်းထံ လွှဲပြောင်းနိုင်ရေးအတွက် ဦးနုနှင့် ဗိုလ်ချုပ်ကြီးနေဝင်းတို့ တရားဝင်ပေးစာများတွင် လက်မှတ်ရေးထိုးကြပြီး ညပိုင်းတွင် ဦးနုက ၎င်း၏ အစိုးရအဖွဲ့ကို ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်သော ကြားဖြတ်အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးမည်ဖြစ်ကြောင်း၊ ဗိုလ်ချုပ်ကြီးနေဝင်းအား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အောက်တိုဘာလ ၂၈ ရက်နေ့တွင် ပါလီမန်က ဝန်ကြီးချုပ်အဖြစ် ခန့်ထားမည်ဖြစ်ကြောင်း၊ အိမ်စောင့်အစိုးရသည် တရားဥပဒေစိုးမိုးရေးနှင့် လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲများကို အစိုးရသက်တမ်း ခြောက်လအကြာကာလအတွင်း ကျင်းပဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ ဤသို့ မကြုံစဖူးသော ဖြစ်ရပ်မှာ အာဏာရပါတီဖြစ်သော ဖဆပလအတွင်း အကွဲအပြဲကြောင့်သာ ဖြစ်သည်။

ဖဆပလခေါင်းဆောင်များသည် နှစ်ပေါင်းရှည်ကြာစွာ အာဏာယစ်မူးခဲ့ကြပြီးနောက် ရန်ဘက်အုပ်စုကြီး နှစ်ရပ်အဖြစ် ဖဆပလအဖွဲ့ကြီးကို ပြိုကွဲရန် ဆုံးဖြတ်ခဲ့ကြသည်။ ဖဆပလအကွဲအပြဲကြောင့် ဤသို့သောဖြစ်ရပ်ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပေသည်" ဟူ၍ ၎င်းစာအုပ်တွင် သုံးသပ်ဖော်ပြရေးသားခဲ့၏။

**ပစ္စက္ခ မြန်မာ့လူ့အဖွဲ့အစည်းအတွင်းက အကွဲအပြဲကလည်း ကြီးမားနက်ရှိုင်းလွန်းလှသည်ဟု ဆိုရမည်။ ဒီမိုကရေစီယဉ်ကျေးမှုကို သွေဖည်၊ ငါနှင့်မတူ ငါ့ရန်သူဟူ၍ သတ်မှတ်ရုံမက လူအုပ်စုအားကိုးဖြင့် အနိုင်ကျင့်စော်ကားမှုများ၊ အကြမ်းဖက် တိုက်ခိုက်သတ်ဖြတ်မှုများအထိ၊ လက်ရဲဇက်ရဲကျူးလွန်လာသည်အထိ ဖြစ်ပေါ်စေခဲ့သည်။**

မိတ်ဆွေသူငယ်ချင်းများကြားတွင်လည်း ဝိဝါဒကွဲကြပြဲကြသည်။ အစွန်းရောက်စိတ် ဝင်သွားသူများက ကိုယ်နှင့်အမြင်မတူ၊ သဘောချင်းမတိုက်ဆိုင်သူတို့ကို လူမှုရေးစည်းမျဉ်းစည်းကမ်း၊ လွတ်လပ်စွာသဘောကွဲလွဲခွင့်တည်းဟူသော ဒီမိုကရေစီယဉ်ကျေးမှုစည်းမျဉ်းစည်းကမ်းများကိုကျော်ကာ ထိကပါး ရိကပါး၊ ကလူ၏သို့ မြှူ၏သို့ စကားတင်းဆိုကြသည်။ လူချင်းမတွေ့ပါက လူမှုကွန်ရက်ထက်တွင် ရိသလို ကလိသလို စောင်းမြောင်း စော်ကားရေးသားကြပြန်သည်။ အစိုးရဝန်ထမ်းတစ်ဦးဖြစ်နေပါမူ "CDM မလုပ်ဘူးလား" ဟူ၍ သရော်စကားဆိုကြပြန်သည်။ ဒီမိုကရေစီယဉ်ကျေးမှုသည် ကွယ်ပျောက်လေပြီ။ "အများညီလျှင် ဤသည်ကျွဲ" ဖြစ်ခဲ့လေပြီ။ စိတ်မကောင်းအဖြစ်ရဆုံးက တစ်အူထုံ့ဆင်း မောင်နှမအရင်း မိသားစုအတွင်းမှာပင် အကွဲအပြဲများ ဖြစ်ပေါ်လာရခြင်းပင်။ စိတ်ခံစားမှုများ မြင့်တင်နေသူ မောင်နှမ၊ တူ၊ တူမသားချင်းများက ကိုယ်နှင့်အမြင်မတူလျှင် တံဆိပ်ကပ်ကြလေ၏။ ဤသို့ဖြင့် တစ်အူထုံ့ဆင်း မောင်နှမအရင်း ဆွေမျိုးဉာတိများကြား ဆက်ဆံရေးသည်လည်း ခပ်မှန်မှန် ခပ်တန်းတန်း အေးခဲသွားလေ၏။

**"တစ်ဦးနှင့်တစ်ဦး ကလဲ့စားချေသည့်သဘောဖြင့် အပြန်အလှန်ပုတ်ခတ်ပြောကြားရာ၌ လူအများစုက သန့်ရှင်းဖြူစင်သည်ဟု ထင်မှတ်ထားသော ပုဂ္ဂိုလ်များအား အလွန်ဆိုးသွမ်းသည့်သူများအဖြစ်လည်းကောင်း၊ မျိုးချစ်ပုဂ္ဂိုလ်များအား လူသတ်သမား၊ ပြန်ပေးဆွဲသူများ၊ မိန်းမပွေရှုပ်သူများ၊ လူဆိုးလူသွမ်းများအဖြစ်လည်းကောင်း ပြောဆိုခဲ့ခြင်းကြောင့် ပြည်သူလူထုအနေဖြင့် ခေါင်းဆောင်များအပေါ် ယုန်ထင်ကြောင်ထင် ဖြစ်လာခဲ့ကြ။**

မြန်မာ့လူ့အဖွဲ့အစည်းအတွင်းက အကွဲအပြဲကို ဘယ်သူကူလို့ ငြိမ်းပါအံ့နည်း။

ဤသည်ကို မိမိတို့တစ်ဦးချင်းမှသည် လူ့အဖွဲ့အစည်းတစ်ခုလုံးက ဝိုင်းဝန်းထိန်းကျောင်း တာဝန်ယူကြရပါမည်။

**မြန်မာ့လူ့အဖွဲ့အစည်းနှင့် မိသားစုအသိုက်အဝန်းအတွင်း ငြိမ်းချမ်းရေးနှင့် သဟဇာတ ဖြစ်ထွန်းစေရေးအတွက် အကြံပြုလိုသည်မှာ နိုင်ငံရေးအသွေးအရောင်များ၊ သဘောထားအမြင်ခံယူချက်များ စသည့် ဘက်ပေါင်းစုံမှ မတူသည်များကိုဖယ်ပြီး တူသည်များကို ပေါင်းလုပ်ကြဖို့ဖြစ်ပါသည်။**

ထပ်မံအကြံပြုလိုသည်မှာကား ဆရာသော်တာဆွေ၏ "ပြုံးရယ်ခြင်း" ဝတ္ထု ဆောင်းပါးထဲကလို မိတ်ဆွေသင်္ဂဟများအားလုံး တစ်ဦးနှင့်တစ်ဦး အခင်အမင်မပျက် ပြုံးရယ်နှုတ်ဆက်ကြဖို့ပင်။

ဆရာက သူ့၏စာထဲတွင် ဆရာမြို့မငြိမ်းရေးခဲ့ပြီး အဆိုတော် ကိုအံ့ကြီး သီဆိုသည့်

"ကြယ်ကလေးတွေ ချစ်စရာ<br>
အပြာရောင် ကောင်းကင်မှာ<br>
သူတို့ကို ပြုံးရင်း တစ်လုံးချင်းကြည့်နေပါ<br>
မကြာမီ ပြန်ကာပြုံးလို့ …<br>
သူတို့လည်း ကိုယ့်ကိုခင်ရှာ … ပြုံးတုံ့ပြုံးလှဲ့<br>
ကျီစယ်မှာ …"

စသည့် မေတ္တာသဘောကို ဖော်ကျူးထားသော သီချင်းလေးကို ထည့်ရေးကာ "အသိမိတ်ဆွေတို့မည်သည် လူချင်းတွေ့ကြလျှင် တစ်ဦးနှင့်တစ်ဦး ပြုံးရယ်ပြမည်၊ နှုတ်ဆက်ကြမည်၊ ပဋိသန္ဓေရ ပြောကြမည်မဟုတ်ပါလား။ မျက်နှာကြီးငယ်ဆင်းရဲချမ်းသာ မရွေးပါနှင့်၊ သဇင်လည်းပန်း၊ နှင်းဆီလည်းပန်း၊ ခရေလည်းပန်း၊ သပြေလည်းပန်း ဖြစ်ဘိသကဲ့သို့ အပြုံးပန်းဟူသမျှသည် အားလုံး အတူတူပါပဲ။ သင့်ထက်နိမ့်ကျသောသူ၏ အပြုံးပန်းကပင် သင့်အတွက်လန်းဆန်းမွှေးကြိုင်ပါလိမ့်မည်"ဟု ဆို၏။

ဆက်လက်၍ အမှန်အားဖြင့် "နေကောင်းရဲ့လား"၊"ထမင်းစားပြီးပြီလား"၊ "ဘယ်သွားမလို့လဲ" ဆိုသည်များဟာ အရေးကြီးသည့်မေးခွန်းများ မဟုတ်ပါဘူး။ ဖြေချင်လည်းဖြေပါ၊ မဖြေချင်လည်းနေပါ။ သိကျွမ်းနေသည့်လူချင်းမို့ ခင်မင်သည့်အထိမ်းအမှတ် ပြောစရာစကားရှာပြီး အပြုံးချင်းဖလှယ်ရင်း တစ်ဦးနှင့်တစ်ဦး မေတ္တာစိတ်ထားဖော်ကျူးလိုက်တာပါပဲ။ ဒါဟာ --- ကျွန်တော်တို့မြန်မာလူမျိုးများ၏ ရှေးရိုးယဉ်ကျေးမှု၊ သည်လိုနှုတ်ဆက်စကားပြုပြီး အပြုံးပန်းပွင့်လိုက်ရတော့ အလကားနေရင်း လူ့ရွှင်လန်းလို့ စိတ်ချမ်းမြေ့သွားရပါသည်။ စိတ်ပါ လက်ပါပြုံးရသော မျက်နှာက ပျော့ပျောင်းပြီး ကြည်လင်၍ နေပါသည်။

"ပြုံးရယ်သမှု ပြုရခြင်းသည် လူကိုရွှင်လန်းစေ၍ စိတ်ကိုချမ်းမြေ့စေသည်။ ထို့ကြောင့် ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့လိုသူတို့သည် မိမိကိုယ်မိမိ ပြုံးရယ်သမှု ပြုရအောင် ဖန်တီးရာသည်" ဟုလည်း ဆိုပါ၏။

**ဆရာ့စာကို ယခုလို ဖတ်လိုက်ရသည်နှင့်ပင် ကြည်နူးရပါ၏။ လတ်တလော မြန်မာ့လူ့အဖွဲ့အစည်းအတွင်းတွင် သဟဇာတရှိရှိ ငြိမ်းချမ်းသာယာစေရန် ကျွန်တော်တို့အားလုံး လက်သီးဆုပ်များဖြေ၊ မျက်နှာကြောများလျှော့ပြီး ပြုံးရယ်ကြပါစို့လား။ တကယ် မင်္ဂလာရှိစွာ "မင်္ဂလာပါ" ဟု လှိုက်လှိုက်လှဲလှဲ နှုတ်ဆက်ကြပါစို့လား။**

နန်းတော်ရှေ့ဆရာတင် ရေးစပ်သီကုံးထားသော "ညီညွတ်ရေးနှင့် အသက်ရှည်ရှည် ခင်ခင်မင်မင် လက်ရည်တစ်ပြင်တည်း ရေးကတော့ ပိုချစ်ကြတယ်"ဟူသည့် လက်ရည်တစ်ပြင်တည်းသီချင်းကိုလည်း ပြန်လည်ကြားယောင်လာမိပါ၏။ ။

---

**လူငယ်အချို့ဟာ နယ်ချဲ့လက်ပါးစေရဲ့ သွေးဆောင်ဖြားယောင်းမှုကို နားယောင်ပြီး တိုင်းပြည်ဖျက်ဆီးမယ့် စီမံကိန်းအရ ဆူပူဆန့်ကျင်ရမယ့် သူတို့ လှုပ်ရှားမှုမှာ ဂိမ်းကစားသလို ထင်မှတ်ကာ ပါဝင်လိုကြတယ်။ သတိထားပါလေ။**

# သမ္မတရာထူးအာဏာစတင်ထမ်းရွက်သည့်အချိန်မှစပြီး ရက်ပေါင်း ၁၀၀ အတွင်း ပြည်သူ သန်း ၂၀၀ အား ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်ရမည်ဟု သမ္မတ ဂျိုးဘိုင်ဒင် ပြောကြား

**ဝါရှင်တန် မတ် ၂၆**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ၎င်းရာထူးအာဏာ စတင်ထမ်းရွက်သည့်အချိန်မှစပြီး ရက် ပေါင်း ၁၀၀ အတွင်း ပြည်သူ သန်း ၂၀၀ အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးဖြစ်ရမည်ဟု ယမန်နေ့က ကြေညာခဲ့သည်။

သမ္မတရာထူးစတင်ထမ်းဆောင်သည့်အချိန် အတွင်း ပထမဆုံးအကြိမ်ပြုလုပ်သည့် သတင်းစာ ရှင်းလင်းပွဲတစ်ရပ်တွင် သမ္မတ ဂျိုးဘိုင်ဒင်က အထက်ပါ အတိုင်းပြောကြားခဲ့ခြင်းဖြစ်သည်။

သမ္မတ ဂျိုးဘိုင်ဒင်က ၎င်းရာထူးအာဏာ စတင် ထမ်းရွက်သည့် ရက်ပေါင်း ၁၀၀ အတွင်း ပြည်သူ သန်း ၁၀၀ အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးပြီးဖြစ်ရမည်ဟု ကနဦးတွင်ပြောကြား ခဲ့သည်။ သို့သော် လက်ရှိအချိန်တွင် နိုင်ငံအတွင်း၌ ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းစဉ်ကို အရှိန်အဟုန် မြှင့်ဆောင်ရွက်လျက်ရှိသည့်အတွက် သမ္မတ ဂျိုးဘိုင်ဒင်က ၎င်း၏ ကာကွယ်ဆေးထိုးနှံပေးမှု မျှော်မှန်းချက်ကို တိုးမြှင့်ပြောင်းလဲခဲ့ခြင်းဖြစ်သည်။

ကျွန်တော်ရဲ့မျှော်မှန်းချက် အောင်မြင်မယ်လို့ ယုံကြည်ပါတယ်ဟု သမ္မတ ဂျိုးဘိုင်ဒင်က ပြောကြား ခဲ့သည်။

လက်ရှိအချိန်အထိ အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုခံယူပြီးသူ ၁၃၃ သန်းရှိပြီဖြစ်ကြောင်းနှင့် ကာကွယ်ဆေးအလုံးရေ ၁၇၃ သန်းကျော်အား နိုင်ငံတစ်ဝန်းသို့ ဖြန့်ဖြူးထား ပြီးဖြစ်ကြောင်း အမေရိကန်ရောဂါကာကွယ်ထိန်းချုပ် ရေးစင်တာက ပြောကြားခဲ့သည်။

ကာကွယ်ဆေး နှစ်ကြိမ်စလုံးထိုးနှံမှုခံယူပြီးသူ ၄၇ သန်း (နိုင်ငံလူဦးရေ ၁၄ ဒသမ ၃ ရာခိုင်နှုန်း) ရှိပြီး ယင်းတို့အနက် ၂၄ ဒသမ ၅ သန်းသည် အသက် ၆၅ နှစ်နှင့်အထက်ပြည်သူများဖြစ်သည်။

အမေရိကန်နိုင်ငံ၏ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ကို ဒီဇင်ဘာလတွင် စတင်ခဲ့ပြီး လက်ရှိ အချိန်တွင် တစ်ရက်လျှင် ကာကွယ်ဆေးအလုံးရေ နှစ်သန်းထိုးနှံပေးလျက်ရှိသည်။

နိုင်ငံအတွင်း အသုံးပြုလျက်ရှိသည့် ကာကွယ် ဆေးသုံးမျိုးမှာ အမေရိကန်ဆေးဝါးကုမ္ပဏီ Pfizer နှင့် ဂျာမနီဆေးဝါးကုမ္ပဏီ BioNTech တို့ပူးပေါင်း ထုတ်လုပ်သည့် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ် ဆေး၊ အမေရိကန်ဆေးဝါးကုမ္ပဏီ Moderna မှ ထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် Johnson & Johnson ကိုဗစ်-၁၉ ရောဂါကာကွယ် ဆေးတို့ဖြစ်သည်။ တစ်ကြိမ်သာထိုးနှံရသည့် ကာကွယ် ဆေးအမျိုးအစားဖြစ်သည့် Johnson & Johnson ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဖေဖော်ဝါရီ ၂၇ ရက်တွင် နိုင်ငံအတွင်း သုံးစွဲခွင့်ပြုခဲ့သည်။



**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**

# မြောက်ကိုရီးယားနိုင်ငံက တိုက်ချင်းပစ်ဒုံးကျည်နှစ်စင်း ဂျပန်ပင်လယ်အတွင်းသို့ ပစ်လွှတ်

**တိုကျို မတ် ၂၆**

မြောက်ကိုရီးယား နိုင်ငံက တိုက်ချင်းပစ်ဒုံးကျည်နှစ်စင်းကို ဂျပန်ပင်လယ်အတွင်းသို့ ယမန်နေ့က ပစ်လွှတ်ခဲ့ကြောင်း ဂျပန် အစိုးရက ပြောကြားခဲ့သည်။



ယမန်နေ့နံနက် ဒေသစံတော်ချိန် ၇ နာရီဝန်းကျင်အချိန်တွင် ဂျပန်နိုင်ငံ၏အထူးစီးပွားရေးဇုန်ပြင်ပရှိ ရေပိုင်နက်အတွင်းသို့ အဆိုပါ ဒုံးကျည်များ ကျဆင်းသွားခဲ့ကြောင်း ဂျပန်တာဝန်ရှိသူများက ဆိုသည်။

အဆိုပါ ဒုံးကျည်များသည် ခေတ်မီ နည်းပညာသစ်များဖြင့် ပြုလုပ်ထားသည့် နည်းဗျူဟာပဲ့ထိန်းဒုံးကျည်များဖြစ်ကြောင်း မြောက်ကိုရီးယား မီဒီယာက အတည်ပြု ပြောကြားခဲ့သည်။ ထို့ပြင် အဆိုပါဒုံးကျည်များသည် အလေးချိန် ၂ ဒသမ ၅ တန်ရှိသည့် ကျည်ဆံထိပ်ဖူးတစ်လုံးကို သယ်ဆောင်နိုင်စွမ်းရှိသည့်အပြင် ကိုရီးယားကျွန်းဆွယ် အရှေ့ပိုင်းရေမိုင် ၆၀၀ ကီလိုမီတာအတွင်းရှိ ပစ်မှတ်ကို တိကျစွာ ပစ်ခတ်နိုင်စွမ်းရှိသည်။

ယင်းဒုံးကျည်အမျိုးအစားများကို ယခင်က ပစ်လွှတ်စမ်းသပ်ခြင်းမျိုးမရှိသေးကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီး ကီရှီနိုဘိုက ဆိုသည်။

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ယခုကဲ့သို့ တိုက်ချင်းပစ်ဒုံးကျည်များ ဂျပန်ပင်လယ်အတွင်းသို့ ပစ်လွှတ်ခြင်းသည် ဂျပန်နိုင်ငံအပါအဝင် ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကိုပါ ခြိမ်းခြောက်ရာရောက်ကြောင်းနှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဖြေရှင်းချက်များကို ချိုးဖောက်ရာရောက်ကြောင်း ဂျပန်ဝန်ကြီးချုပ် ဆူဂါက ပြောကြားခဲ့သည်။

အဆိုပါကိစ္စရပ်နှင့်ပတ်သက်ပြီး ဂျပန်အစိုးရက အမေရိကန်၊ တောင်ကိုရီးယား အပါအဝင် အခြားသောနိုင်ငံများနှင့် ဆွေးနွေးသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဆူဂါက ဆိုသည်။

မြောက်ကိုရီးယား နိုင်ငံ၏ တိုက်ချင်းပစ်ဒုံးကျည်ပစ်လွှတ်မှုသည် လွန်ခဲ့သော တစ်နှစ်တာအတွင်း ပထမဆုံးအကြိမ်ဖြစ်ပြီး တာတိုပစ် ခရုဇ်ဒုံးကျည်နှစ်စင်း စမ်းသပ်ပစ်လွှတ်ခဲ့သည်ဟုသတင်း ထွက်ပေါ်လာပြီးနောက် ရက်အနည်းငယ်အကြာတွင် အဆိုပါ တိုက်ချင်းပစ် ဒုံးကျည်များကို ပစ်လွှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

○

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု ခံယူပြီးသည့် နိုင်ငံခြားသားများအား ကန့်သတ်စောင့်ကြည့်ရန်မလိုဟု နီပေါအစိုးရပြောကြား

**ခတ္တမန္ဒူ မတ် ၂၆**

နီပေါနိုင်ငံသို့ လာရောက်မည့် နိုင်ငံခြားသားများ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ဆေးထိုးနှံမှုခံယူပြီးစီးခဲ့ပါက နိုင်ငံအတွင်း သတ်မှတ်ထားသော ဟိုတယ်များတွင် ကိုဗစ်-၁၉ ဆိုင်ရာ ကန့်သတ်စောင့်ကြည့်မှုခံယူရန် မလိုအပ်ကြောင်း နီပေါနိုင်ငံ ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်းနှင့် မြို့ပြလေကြောင်းဝန်ကြီးဌာနက ယမန်နေ့တွင် ပြောကြားသည်။

နိုင်ငံခြားသားခရီးသည်များသည် ကာကွယ်ဆေး အကြိမ်အရေအတွက် ပြည့်ထိုးနှံပြီးကြောင်း အထောက်အထားများတင်ပြနိုင်ပါက ကိုဗစ်-၁၉ ဆိုင်ရာကန့်သတ်စောင့်ကြည့်မှုခံယူရန် မလိုအပ်ကြောင်း ဝန်ကြီးဌာနက ညွှန်ကြားချက်ထုတ်ပြန်ခဲ့သည်။ မူလက နိုင်ငံအတွင်းသို့ ဝင်ရောက်လာမည့် နိုင်ငံခြားသားများအနေဖြင့် အနည်းဆုံး ခုနစ်ရက်ခန့် ကိုဗစ်-၁၉ ဆိုင်ရာ ကန့်သတ်စောင့်ကြည့်မှု ခံယူရန်သတ်မှတ်ထားသည်။

သို့သော် သက်ဆိုင်ရာနိုင်ငံများတွင် ကိုဗစ်-၁၉ရောဂါရှိ မရှိ စစ်ဆေးမှု မပြုလုပ်ခဲ့သူများနှင့် ကာကွယ်ဆေးမထိုးနှံခဲ့သူများသည် နီပေါနိုင်ငံသို့ ရောက်ရှိသည့်အချိန်တွင် ကိုဗစ်-၁၉ ဆိုင်ရာ ကန့်သတ် စောင့်ကြည့်မှုခံယူရန် လိုအပ်ကြောင်း အဆိုပါဝန်ကြီးဌာနက ညွှန်ကြားခဲ့သည်။

ယခုကဲ့သို့ နိုင်ငံအတွင်း ကန့်သတ်စောင့်ကြည့်ရေးစည်းမျဉ်းများကို ဖြေလျှော့ပေးခဲ့ခြင်းသည် နိုင်ငံ၏ ခရီးသွားလုပ်ငန်းကို ပြန်လည်တိုးတက်လာစေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ခရီးသွားလုပ်ငန်းဝန်ကြီးဌာနမှ ပြောခွင့်ရသူ ပရန်ဆူဘီဒီက ပြောကြားသည်။

ယမန်နှစ်က ကမ္ဘာတစ်ဝန်းကိုဗစ်- ၁၉ ရောဂါဖြစ်ပွားမှုကြောင့် အစိုးရက နိုင်ငံအတွင်းရှိတောင်တက်ခရီးစဉ်များ အားလုံးကို ဖျက်သိမ်းခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

## ချီလီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအရေအတွက် မြင့်တက်

**ဆန်တီရေဂို မတ် ၂၆**

ချီလီနိုင်ငံ၏မြို့ပြဒေသအပါအဝင် အခြားဒေသများတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ အရေအတွက်များပြားလာသောကြောင့် မတ် ၂၇ ရက်မှစတင်ပြီး အသွားအလာ ကန့်သတ်မှုများကို ပြန်လည်ချမှတ်သွားမည်ဖြစ်ကြောင်း ချီလီ ကျန်းမာရေး ဝန်ကြီးဌာနက ယမန်နေ့တွင် ပြောကြားသည်။

ယခုချမှတ်မည့် အသွားအလာ ကန့်သတ်ချက်သည် လူဦးရေ ၁၆ သန်းခန့်အား အကျိုးသက်ရောက်မှု ရှိမည်ဖြစ်ပြီး မရှိမဖြစ်လိုအပ်သော လုပ်ငန်းများတွင် တာဝန်ထမ်းဆောင်နေသော လုပ်သားများမှာ အဆိုပါအသွားအလာ ကန့်သတ်မှုများမှ ကင်းလွတ် ခွင့်ရရှိမည်ဖြစ်သည်။ လွန်ခဲ့သော ၂၄ နာရီအတွင်း နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၀၂၃ ဦး ထပ်မံတွေ့ရှိခဲ့သောကြောင့် နိုင်ငံအတွင်း ရောဂါကူးစက်ခံရသူ ၉၅၄၇၆၂ ဦး ရှိလာပြီး သေဆုံးသူ ၂၂၅၂၄ ဦးရှိလာခဲ့သည်။



နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု အခြေအနေဟာ စိုးရိမ်ဖွယ်ရှိပြီး နိုင်ငံသားတွေ အနေနဲ့ ရောဂါတိုက်ဖျက်ရေး အတွက် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ကျန်းမာရေး ဝန်ကြီး အန်ရီကီပဲရစ်ကသတင်းစာ ရှင်းလင်းပွဲတွင် ပြောကြားသည်။

နိုင်ငံအတွင်း ကျောင်းများ ပြန်လည်ဖွင့်လှစ်ရန် ဆောင်ရွက်နေသည်။ နိုင်ငံအတွင်း ဗြိတိန်ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၆၄ ဦးနှင့် ဘရာဇီးဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၄၅ ဦးတို့ကို နိုင်ငံ၏ ဆန်တီရေဂို အပြည်ပြည်ဆိုင်ရာ လေဆိပ်မှရောက်ရှိလာသည့် ခရီးသည်များမှတစ်ဆင့်တွေ့ ရှိခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# တရုတ်နိုင်ငံ မြို့တော်ပေကျင်း၌ နိုင်ငံခြားသားသတင်းထောက်များအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေး



**ပေကျင်း မတ် ၂၆**

တရုတ်နိုင်ငံမြို့တော် ပေကျင်းရှိ နိုင်ငံခြားသား သတင်းမီဒီယာသမားများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း ကျိုးဒိုသတင်းအေဂျင်စီက ယမန်နေ့တွင် သတင်းဖော်ပြခဲ့သည်။

အသက် ၁၈ နှစ်မှ ၅၉ နှစ် အရွယ်အကြားရှိ နိုင်ငံခြားသားသတင်းမီဒီယာသမားများနှင့် ၎င်းတို့၏ မိသားစုဝင်များသည် ကာကွယ်ဆေးတစ်လုံးလျှင် ယွမ် ၉၀ (အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၈) တန်ကြေးရှိသည့် Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို မတ် ၂၃ ရက်တွင် ပထမအကြိမ် ထိုးနှံမှုခံယူခဲ့ပြီး ဧပြီလတွင် ဒုတိယအကြိမ်ကာကွယ်ဆေးထိုးနှံမှုကို ခံယူရမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံခြားသား သတင်းမီဒီယာသမားများသည် ကာကွယ်ဆေးထိုးနှံမှုခံယူပြီးနောက် နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများ ခံစားရခြင်း ရှိ၊ မရှိ သိရှိစေရန် သတ်မှတ်ထားသည့်နေရာများတွင် မိနစ် ၃၀ ကြာ စောင့်ဆိုင်းခဲ့ရသည်။

ယခုကဲ့သို့ နိုင်ငံခြားသားသတင်းမီဒီယာသမားများနှင့် ၎င်းတို့၏ မိသားစုဝင်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းသည် ကျန်းမာရေး ကောင်းမွန်စွာဖြင့် လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

ကာကွယ်ဆေးထိုးနှံမှုခံယူပြီးသူများအနေဖြင့် ဗိုင်းရပ်စ်ကာကွယ်ရေးစည်းမျဉ်းများကို တိကျစွာ ဆက်လက်လိုက်နာရန် လိုအပ်မည်ဖြစ်သည်။

ရှန်ဟိုင်းမြို့၌ နိုင်ငံခြားသားများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးမည့် အစီအစဉ်တစ်ရပ် ထုတ်ပြန်ကြေညာခဲ့ပြီးနောက် မြို့တော်ပေကျင်း၌ နိုင်ငံခြားသားသတင်းထောက်များအား ကာကွယ်ဆေးထိုးနှံပေးခဲ့ခြင်းဖြစ်သည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်-အောင်ကျော်ကျော်**

# အစ္စရေးနိုင်ငံ လူဦးရေ၏ ထက်ဝက်ကျော်အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်

**ဂျေရုဆလင် မတ် ၂၆**

အစ္စရေးနိုင်ငံ၏ လူဦးရေထက်ဝက်ကျော်အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးပြီးဖြစ်ကြောင်း ကျန်းမာရေးတာဝန်ရှိသူတစ်ဦးက ယနေ့ပြောကြားခဲ့သည်။



ရောဂါကာကွယ်ဆေးများ အရှိန်အဟုန်မြင့် ထိုးနှံပေးခြင်းကြောင့် အစ္စရေးနိုင်ငံသည် ရောဂါကူးစက်မှု အကျပ်အတည်းမှ အမြန်ဆုံးလွန်မြောက်တော့မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

### ခုခံနိုင်စွမ်းရှိ

အစ္စရေးနိုင်ငံ၌ Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဒီဇင်ဘာလမှစပြီး အသက် ၁၆ နှစ်နှင့်အထက် ပြည်သူများအား စတင်ထိုးနှံပေးခဲ့သည်။ အဆိုပါကာကွယ်ဆေးကို ဒုတိယအကြိမ် ထိုးနှံပြီးနောက် တစ်ပတ်အကြာတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို ထိရောက်စွာ ခုခံနိုင်စွမ်းရှိကြောင်း သိရသည်။

နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ သိသိသာသာ လျော့ကျလာသည်ကို တွေ့ရှိရကြောင်းနှင့် ရောဂါကူးစက်မှုများ ထပ်မံမြင့်တက်လာခြင်း မရှိစေရန် ပြည်သူများအနေဖြင့် ဗိုင်းရပ်စ်ကာကွယ်ရေးစည်းမျဉ်းများကို လိုက်နာကြရန် ကျန်းမာရေးဝန်ကြီး ယူလီအီဒီစတိန်က ပြောကြားခဲ့သည်။

### ထိုးနှံပေးလျက်ရှိ

အစ္စရေးအစိုးရက အရှေ့ဂျေရုဆလင်ရှိ ပါလက်စတိုင်းနိုင်ငံသားများကိုလည်း ဗိုင်းရပ်စ်ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။ ထို့ပြင် အစ္စရေးနိုင်ငံအတွင်း လာရောက်လုပ်ကိုင်လျက်ရှိသည့် ပါလက်စတိုင်းနိုင်ငံသားများနှင့် အနောက်ဘက်ကမ်းဒေသတို့၌ အခြေချနေထိုင်သူများကိုလည်း ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိသည်။

အနောက်ဘက်ကမ်းဒေသနှင့် ဂါဇာကမ်းမြောင်ဒေသတို့၌ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်များ စတင်လျက်ရှိကြောင်း ပါလက်စတိုင်းကျန်းမာရေးတာဝန်ရှိသူများက ဆိုသည်။ အဆိုပါဒေသများအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အစ္စရေး၊ ရုရှား၊ အာရပ်စော်ဘွားများပြည်ထောင်စုနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ COVAX အစီအစဉ်တို့မှ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား-စီအင်န်အေ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ရှိ ကိုဗစ်-၁၉ လူနာများ တက်ရောက်ကုသသည့် ပုဂ္ဂလိကဆေးရုံ မီးလောင်မှုဖြစ်ပွား

**မွမ်ဘိုင်း မတ် ၂၆**

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ရှိ ကိုဗစ်-၁၉ လူနာများအား ဆေးဝါးကုသမှုပေးလျက်ရှိသည့် ဆေးရုံတစ်ရုံတွင် ယနေ့မီးလောင်မှုဖြစ်ပွားခဲ့ရာ အနည်းဆုံး ၁၀ ဦး သေဆုံးခဲ့ကြောင်း အာဏာပိုင်များက ယနေ့ပြောကြားခဲ့သည်။

ဈေးဝယ်စင်တာတစ်ခု၏ တတိယအထပ်တွင် ဖွင့်လှစ်ထားသည့် သည်ဆန်းရှိုင်းပုဂ္ဂလိကဆေးရုံရှိ ကိုဗစ်-၁၉ လူနာ ၇၀ ကျော်အား ဘေးလွတ်ရာကျန်းမာရေးစင်တာများသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်းနှင့် မီးလောင်မှုဖြစ်ပွားရသည့်အကြောင်းရင်းခံကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ပြောကြားခဲ့သည်။

မီးလောင်မှုအတွင်း သေဆုံးသွားခဲ့သူအားလုံးသည် ကိုဗစ်-၁၉ လူနာများ ဟုတ်၊ မဟုတ်နှင့်ပတ်သက်ပြီး အတိအကျမသိရသေးပေ။

မွမ်ဘိုင်းမြို့သည် ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုဒဏ်ကို အဆိုးရွားဆုံး ထိခိုက်ခံစားနေရသည်။ မတ် ၂၅ ရက်တစ်နေ့တည်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၅၀၀ ကျော်တွေ့ရှိခဲ့သည်။ အဆိုပါအရေအတွက်သည် မွမ်ဘိုင်းမြို့အတွင်း ဗိုင်းရပ်စ်စတင်ကူးစက်သည့် အချိန်မှစပြီး အမြင့်ဆုံးဖြစ်သည်။

အလားတူ မတ် ၂၅ ရက်တွင် အိန္ဒိယနိုင်ငံတစ်ဝန်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၅၉၁၁၈ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့သည်။ အဆိုပါ အရေအတွက်သည် အောက်တိုဘာ ၁၈ ရက်မှစပြီး နေ့စဉ်ဗိုင်းရပ်စ်ကူးစက်မှုအရေအတွက် အမြင့်ဆုံးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိန်းဂဏန်းများအရ သိရသည်။

လက်ရှိအချိန်တွင် နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၁ ဒသမ ၈၅ သန်းရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူ ၁၆၀၉၈၃ ဦးရှိကြောင်း သိရသည်။

**ကိုးကား- စီအင်န်အေ**
**ဘာသာပြန်- အောင်ကျော်ကျော်**



# Johnson & Johnson ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား ထိုင်းနိုင်ငံ၌ အရေးပေါ်သုံးစွဲရန် အတည်ပြု

**ဗန်ကောက် မတ် ၂၆**

ထိုင်းနိုင်ငံ၏ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် အမေရိကန်ဆေးဝါးကုမ္ပဏီဖြစ်သည့် Johnson & Johnson ကုမ္ပဏီထုတ် တစ်ကြိမ်ထိုးစနစ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို နိုင်ငံအတွင်း အရေးပေါ်သုံးစွဲရန် အတည်ပြုလိုက်ကြောင်း ထိုင်းနိုင်ငံ၏ ဒုတိယဝန်ကြီးချုပ်နှင့် ကျန်းမာရေးဝန်ကြီး အာနူတင်ချန်ဗီရာကူလ်က မတ် ၂၅ ရက်တွင် ပြောကြားသည်။

ထိုင်းအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် တရုတ်ထုတ် Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှင့် အောက်စဖို့ဒ် တက္ကသိုလ်နှင့် ဗြိတိန်-ဆွီဒင်ဆေးဝါးကုမ္ပဏီထုတ် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတို့ကို ပြည်တွင်း အရေးပေါ်သုံးစွဲရန် ယခင်က အတည်ပြုခဲ့ပြီးနောက် Johnson & Johnson ကုမ္ပဏီထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို တတိယမြောက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအဖြစ် အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း အာနူတင်က ၎င်း၏လူမှုမီဒီယာစာမျက်နှာပေါ်တွင် ရေးသားဖော်ပြထားသည်။

ထိုင်းနိုင်ငံတွင် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲခန်းအတည်ပြုလူနာ ၉၇ ဦး ထပ်မံတွေ့ရှိခဲ့ပြီးနောက် အဆိုပါရောဂါ ကူးစက်ခံရသူပေါင်း ၂၈၄၄၃ ဦးရှိလာကြောင်း ထိုင်းနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါအခြေအနေ စီမံခန့်ခွဲရေးဗဟိုဌာနမှ ထုတ်ပြန်သည့်နောက်ဆုံး အချက်အလက်များအရ သိရသည်။

ထို့အပြင် ထိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြင့် လက်ရှိအချိန်အထိ သေဆုံးသူပေါင်း ၉၂ ဦးရှိကြောင်း သိရသည်။ သို့သော် ထိုင်းနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများအနက် ၂၆၈၇၃ ဦးသည် ရောဂါကင်းစင်ပြီး ဆေးရုံများမှ ပြန်ဆင်းသွားကြောင်း သိရသည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ဂျေတီ**

| ကမ္ဘာ့တစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ ၁၂၆၂၀၁၀၄ ဦး | သေဆုံးသူ ၂၇၆၉၆၃၈ ဦး | ပြန်လည်ကျန်းမာလာသူ ၁၀၁၈၂၆၁၉၂ ဦး |
|---|---|---|---|

# မြစ်ကြီးနား၊ ရွှေကူ၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)နှင့် တာချီလိတ်မြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၂၆**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၅ ရက် မွန်းတည့် ၁၂ နာရီတွင် မြစ်ကြီးနားမြို့ ခေမာသီရိ ရပ်ကွက်နေ စိုးသူ(ခ)ရှမ်းလေး၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၈၀ ကို လည်းကောင်း။

မတ် ၂၅ ရက် ညနေ ၆ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရွှေကူမြို့နယ် တောပုန်းကျေးရွာအုပ်စု ပင်စင်ကုန်းကျေးရွာအနီးတွင် မသင်္ကာဖွယ်တွေ့ရှိသူ သိန်းစိုးကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၅၅ ပြားကို လည်းကောင်း။

မတ် ၂၅ ရက် ည ၈ နာရီ ၁၅ မိနစ်တွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၆၀)ရပ်ကွက် ရတနာလမ်းတွင် မသင်္ကာဖွယ်ရပ်တန့်ထားသည့်ယာဉ်ကို စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် ယာဉ်မောင်း စိုးအောင်နှင့်အတူ အောင်မြင့်ထွန်း (ခ)ထွန်းထွန်းတို့ကို တွေ့ရပြီး ယာဉ်နောက်ခန်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၄၈၀၀ ကို လည်းကောင်း။

မတ် ၂၅ ရက် မွန်းလွဲ ၂ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက် မြို့ရှောင်လမ်းတွင် မသင်္ကာဖွယ်တွေ့ရှိသူ ရန်မျိုးအောင်အား စစ်ဆေးရှာဖွေရာ ၎င်းထံမှ ဘိန်းဖြူ ၂ ဒသမ ၂၁ ကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၅ နာရီ မိနစ် ၂၀ တွင် ၎င်းငှားရမ်းနေထိုင်သည့် တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက်ရှိ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၂၁ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၃၈ ပြားတို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား



အောင်မြင့်ထွန်း(ခ)ထွန်းထွန်း၊ စိုးအောင်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။




# မြို့နယ်အချို့၌ ရဲစခန်းများအား ဆူပူအကြမ်းဖက်သူ လူအုပ်စုများက လက်လုပ်မိုင်း၊ ခဲတ်ဆီပုလင်းများဖြင့် အကြောင်းမဲ့ ရန်ပြုပစ်ခတ်

**နေပြည်တော် မတ် ၂၆**

မတ်လ ၂၆ ရက် ညနေ ၃ နာရီ ၁၅ မိနစ်တွင် လှိုင်မြို့နယ် အမှတ်(၁၃) ရပ်ကွက် အင်းစိန်လမ်းရှိ ရဲစခန်းအား ယာဉ်အမှတ်၊ အမျိုးအစား (စိစစ်ဆဲ) အနက်ရောင်ယာဉ်တစ်စီးမှ လက်ပစ်ဗုံးဟု ယူဆရသည့် အရာဖြင့် အကြောင်းမဲ့ပစ်ပေါက်၍ မောင်းနှင်ထွက်ပြေးသွားခဲ့သည်။

ထိုသို့ပစ်ခတ်မှုကြောင့် ရဲစခန်းရှေ့ အင်းစိန်လမ်းမကြီးပေါ်၌ ရပ်တန့်ထားသော လုံခြုံရေးတပ်ဖွဲ့သုံး မော်တော်ယာဉ်တစ်စီးတွင် အနည်းငယ် ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

အလားတူ မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် မြိတ်မြို့ရဲစခန်းဝင်း အတွင်းရှိ မိသားစုနေအိမ် လိုင်းခန်းအား ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာသည့် အမျိုးသားနှစ်ဦး(စိစစ်ဆဲ)က ခဲတ်ဆီပုလင်းအား မီးရှို့၍ အကြောင်းမဲ့ရန်ပြုပစ်ခတ်ခဲ့သဖြင့် ရဲစခန်းဝင်းအတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့ရာ မြက်ခြောက်များ မီးလောင်ကျွမ်းခဲ့ပြီး မွန်းလွဲ ၁ နာရီတွင် မီးငြိမ်းသွားခဲ့ကာ လူနှင့် အဆောက်အအုံများ ထိခိုက်ပျက်စီးဆုံးရှုံးမှု မရှိကြောင်း။



အလားတူ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် အောင်မြေသာစံမြို့နယ် ဥပုပ်တော်ရပ်ကွက် (၇၆)လမ်း၊ ၄ လမ်းနှင့် ၅ လမ်းကြားရှိ ရဲစခန်းအား အမျိုးသားနှစ်ဦး(စိစစ်ဆဲ)က Click ဆိုင်ကယ်ဖြင့် ရောက်ရှိလာပြီး လက်လုပ်မိုင်း နှစ်လုံးဖြင့် ပစ်ခတ်၍ ၁၂ လမ်းဘက်သို့ မောင်းနှင်ထွက်ပြေးသွားခဲ့သည်။

ထိုသို့ပစ်ခတ်မှုကြောင့် လက်လုပ်မိုင်းတစ်လုံးမှာ ရဲစခန်းရှေ့ လမ်းပေါ်၌ ကျရောက်ပေါက်ကွဲသွားခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်းနှင့် ကျန်တစ်လုံးမှာ ပေါက်ကွဲမှုမရှိဘဲ သိမ်းဆည်းရမိသဖြင့် ဖျက်ဆီးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။

ထို့အတူ မုံရွာမြို့ အိုးဘိုတောင်ရပ်ကွက် ကမ်းနားလမ်းတွင် မော်တော်ဆိုင်ကယ်နှင့် အမျိုးသားနှစ်ဦးက လက်လုပ်မိုင်း တစ်လုံးဖြင့် လည်းကောင်း၊ ဂန့်ဂေါမြို့ မြို့မရပ်ကွက် မြစ်သာမြစ်ကမ်းဘေးကားလမ်းနေရာတွင် မော်တော်ဆိုင်ကယ်နှင့် အမျိုးသားနှစ်ဦးက လက်လုပ်မိုင်း တစ်လုံးဖြင့်လည်းကောင်း ပစ်ခတ်ထွက်ပြေးမှုကြောင့် လမ်းပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့ပြီး လူ၊ တိရစ္ဆာန်နှင့် ပစ္စည်းများ ပျက်စီးထိခိုက်မှုမရှိကြောင်း သိရသည်။

အထက်ပါကဲ့သို့ ရဲစခန်းများ၊ နိုင်ငံတော်ပိုင်အဆောက်အအုံများအား အကြမ်းဖက်သူလူအုပ်စုများက ဖျက်ဆီးရန်ရည်ရွယ်ချက်ဖြင့် မီးပုလင်း၊ လက်လုပ်မိုင်းတို့ဖြင့် ပစ်ခတ်နေသူများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးနှင့် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# မြို့နယ်အချို့တို့၌ တူမီးသေနတ်များ၊ လက်လုပ်သေနတ်များနှင့် ဆက်စပ်ပစ္စည်းများ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်အပ်နှံ

**နေပြည်တော် မတ် ၂၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်၊ ထားဝယ်၊ သရက်ချောင်းနှင့် ရေဖြူမြို့နယ်တို့ရှိ ကျေးရွာအချို့တို့၌ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် လက်လုပ်သေနတ်များ ကိုင်ဆောင်နေကြောင်း သတင်းအရ ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တပ်နယ်အသီးသီးမှ လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်အတူ သွားရောက်၍ ဒေသခံပြည်သူများကို တရားမဝင်လက်နက် ကိုင်ဆောင်ခြင်းသည် တရားဥပဒေဖြင့် ထိရောက်စွာ အရေးယူခံရနိုင်ကြောင်း နားလည်သဘောပေါက်အောင် ရှင်းလင်းပြောကြားသည်။

ယင်းသို့ ရှင်းလင်းပြောကြားမှုကြောင့် ကျေးရွာနေပြည်သူများက နားလည်သဘောပေါက်ကာ တူမီးသေနတ် ၁၂၄ လက်၊ လက်လုပ်သေနတ် ၇၄ လက်၊ လေးခွ ၁၇ လက်၊ ခဲသီး ၉၈ လုံး၊ မှိန်း နှစ်ချောင်း၊ တူမီးအစပျိုးယမ်း ၁၉ ခုတို့ကို ၎င်းတို့ သဘောဆန္ဒအလျောက် လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်အပ်နှံခဲ့ကြကြောင်းသိရသည်။

အလားတူ ယနေ့နံနက်ပိုင်းတွင်း ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ဘုရားကုန်းကျေးရွာအုပ်စု၊ ခွေးကုတ်ကျေးရွာအုပ်စုနှင့် ရွှေညောင်ပင်ကျေးရွာအုပ်စုတို့မှ ဒေသခံပြည်သူများက လက်လုပ်သေနတ် ၁၄ လက်၊ လေသေနတ် နှစ်လက်၊ အခြားဆက်စပ်ပစ္စည်းများကို ၎င်းတို့ သဘောဆန္ဒအလျောက်လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်အပ်နှံခဲ့သည်။

ထို့ပြင် ယနေ့ မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် နတ်တောင်ကျေးရွာအုပ်စု နန်းဟတ်ကျေးရွာနေ ဒေသခံပြည်သူများက တူမီးသေနတ် နှစ်လက်နှင့် ပြောင်းအပို တစ်ခုတို့ကို ၎င်းတို့သဘောဆန္ဒအလျောက် လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်အပ်နှံခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

**ဥပဒေကို ဆန့်ကျင်ကာ ဆူပူဖျက်ဆီးပါက မှားကြလိမ့်မယ်။ ရွယ်တူသူငယ်ချင်းများက အမှားမလုပ်မိခင် ကယ်တင်ဆွေးနွေး ဖျောင်းဖျတားဆီးကြပါ။ လူငယ်ဘဝဟာ နိုင်ငံလူမျိုးကောင်းကျိုးအတွက်သာ ဖြစ်ရမှာ . . .။**

# သက်ဆိုင်သူများ သိစေချင်ပါသည်

ကိုတိုး

**Social Punishment ဆိုပြီး လုပ်ခွင့်ရှိတယ် ထင်ပါသလား။ အဲဒါက မတရားသဖြင့် အနိုင်ကျင့်ဥပဒေမဲ့ပြုတဲ့ Social Bullying ဖြစ်နေတယ်ဆိုတာ သတိထားမိကြပါရဲ့လား။ နောင်တစ်ချိန်မှာ Social Bullying လုပ်တဲ့အတွက် Social Punishment ပြန်အပေးခံရမှာက ခင်ဗျားတို့ ကိုယ်တိုင်ဆိုတာ လုံးဝမမေ့လိုက်ပါနဲ့။ အခု မတော်မတရားစွပ်စွဲနေသူတွေအနေနဲ့ ပြစ်မှုတွေ ကျူးလွန်မိပြီး အများတွေ လုပ်မိနေပါလားဆိုတာ သိသင့်ပါပြီ။ လမ်းတွေပိတ်၊ စက်ရုံ အလုပ်ရုံတွေ မီးရှို့၊ လမ်းတံတားတွေ ဖျက်ဆီး၊ လုံခြုံရေး တပ်ဖွဲ့ဝင်တွေကို ရန်မူ၊ အန္တရာယ်ပေး၊ တိုက်ခိုက်သတ်ဖြတ်၊ နိုင်ငံ့ဝန်ထမ်းနဲ့ ပြည်သူတွေကို ခြိမ်းခြောက်အန္တရာယ်ပြု အကြမ်းဖက်မှုတွေကြောင့် အလွန်ကို ပြစ်ဒဏ်ကြီးကြီး ခံရမှာပါ။ ပေါ့ပေါ့တန်တန် မတွေးကြစေလိုပါ။ ရာဇဝတ်မှုတွေ ကျူးလွန်နေကြတာ ရပ်သင့်ပါပြီ။ ဥပဒေဆိုတာ မသိလို့ ကျူးလွန်မိပါတယ်ဆိုတဲ့ အတွက် ခွင့်လွှတ်လို့ရတာမျိုးမဟုတ်ပါ။**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က သတင်းစာရှင်းလင်းပွဲ လုပ်ခဲ့တာ သုံးကြိမ် ရှိပါပြီ။ အကြိမ်တိုင်းမှာလည်း ဘယ်လိုအကြောင်းကြောင့် အရေးပေါ်ကာလ သတ်မှတ်ပြီး နိုင်ငံတော်တာဝန်ကို ယူခဲ့ရတယ်ဆိုတာရယ်၊ စဦးတုန်းက ရိုးရိုးသားသားဆန္ဒပြရာက တစ်ပတ်ခန့်အကြာကစပြီး ဆူပူအကြမ်းဖက်မှု လုပ်လာတာတွေ၊ နောက်ပိုင်းမှာ ပိုပိုဆိုးလာပြီး လုံခြုံရေးဆောင်ရွက်နေသူတွေသာမက အပြစ်မဲ့ ပြည်သူများကိုပင် ထိခိုက်စော်ကား အန္တရာယ်ပြု တိုက်ခိုက်မှုပြုလာတာတွေ၊ သတ်ဖြတ်ကျူးလွန်လာတာတွေကို ပြည်သူလူထုကို အသိပေး ရှင်းလင်းချပြခဲ့ပါတယ်။

မလုပ်သင့်တာ မလုပ်ကြဖို့၊ မဖြစ်သင့်တာ မဖြစ်ကြဖို့၊ ဥပဒေတွေကို လိုက်နာကြဖို့နဲ့ မင်းမဲ့စရိုက်တွေ မကျူးလွန်ကြဖို့ပါ။

**တည်တည်ငြိမ်ငြိမ်နဲ့ ထိန်းသိမ်းချင်**

နိုင်ငံတော်အစိုးရနဲ့ လုံခြုံရေးတာဝန်ယူနေရတဲ့တပ်မတော်၊ ပြည်သူ့ရဲတပ်ဖွဲ့တို့အနေနဲ့ ဆူပူအကြမ်းဖက် ဆန္ဒပြမှုတွေကို သိမ်သိမ်မွေ့မွေ့၊ ညင်ညင်သာသာ၊ တည်တည်ငြိမ်ငြိမ်နဲ့ ထိန်းသိမ်းချင်တာပါ။ ဒါကြောင့်လည်း စတင်တာဝန်ယူတဲ့နေ့ကတည်းက ပြည်သူလူထု လက်ခံနားလည်စေနိုင်မယ့်ဖွဲ့စည်းမှု၊ ရှေ့လုပ်ငန်းစဉ်၊ ဦးတည်ချက်တွေနဲ့ ဆောင်ရွက်ခဲ့တာပါ။ နိုင်ငံတော်အာဏာကို ရေရှည်ရယူကိုင်တွယ်ထားဖို့ မရှိကြောင်း၊ မဲမသမာမှုများကို နည်းလမ်းတကျ မဖြေရှင်းဘဲ ရိုးသားမှန်ကန်မှု မရှိတဲ့ ရွေးကောက်ပွဲရလဒ်တွေနဲ့ နိုင်ငံတော်အာဏာကို မတရားသဖြင့် ရယူပြီး အဓမ္မဆောင်ရွက်လာခဲ့လို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အညီသာ နိုင်ငံတော်တာဝန် ယူခဲ့ရခြင်းဖြစ်ကြောင်း အခွင့်ကြုံတိုင်း ရှင်းပြနေတာဖြစ်ပါတယ်။ ဥပဒေနဲ့အညီ သတ်မှတ်ကာလအတွင်းမှာ ပါတီစုံအထွေထွေရွေးကောက်ပွဲကျင်းပပေးပြီး အနိုင်ရပါတီကို စနစ်တကျ လွှဲပြောင်းပေးပါမယ်ဆိုတာ ကတိပြုထားပြီးဖြစ်ပါတယ်။

ဒါတွေကို ကျူးလွန်ဖောက်ဖျက်သူတွေ၊ အာဏာကို မတရားသဖြင့် ရယူဖို့ကြိုးစားခဲ့သူတွေနဲ့ ဒီနေ့ဆူပူအကြမ်းဖက်မှုကို ဦးစီးဦးဆောင်လုပ်နေသူတွေ၊ ပါဝင်ပတ်သက်နေသူတွေအနေနဲ့ မြင်အောင်ကြည့်၊ သိအောင်လုပ်ပြီး မှန်မှန်ကန်ကန် ရှုမြင်သုံးသပ်နိုင်ကြမယ်ဆိုရင် ဒီနေ့လို အနိဋ္ဌာရုံမြင်ကွင်းတွေ ဖြစ်လာမှာမဟုတ်ပါဘူး၊ မြင်ရတွေ့ရမှာ မဟုတ်ပါဘူး။ အေးအေးချမ်းချမ်း၊ သာသာယာယာနဲ့ မိမိတို့လိုချင်တဲ့ ဒီမိုကရေစီအစိုးရကို ရမှာပါ။ အခုတော့ မသမာသူလူတစ်စုရဲ့ မိုးလုံးမှိုင်း မုသာဝါဒတွေအောက်မှာ ပြည်သူတွေ ဒုက္ခရောက်နေကြတာ စိတ်မကောင်းစရာပါ။

**ယနေ့ဖြစ်နေတဲ့ ဆူပူအကြမ်းဖက်မှုတွေဟာ ငြိမ်းချမ်းစွာဆန္ဒပြခြင်း မဟုတ်တော့ပါ။ ရိုးရိုးသားသား လှုပ်ရှားမှုမဟုတ်ပါ။ ဥပဒေကို ကျော်လွန်ဖောက်ဖျက်နေခြင်း ဖြစ်ပါတယ်။ နောက်ကွယ်မှ မသမာသူတွေက ကြိုးကိုင်လှုံ့ဆော်ခြိမ်းခြောက်ကာ နိုင်ငံတော်နဲ့ပြည်သူကို ဒုက္ခရောက်လာအောင် လုပ်နေခြင်း ဖြစ်ပါတယ်။ CDM လှုပ်ရှားမှုကြောင့် ပြည်သူလူထုသာ ဆင်းရဲဒုက္ခ ဖြစ်ကြရပါတယ်။ အစိုးရလုပ်ငန်းတာဝန်ယန္တရားတွေ ရပ်ဆိုင်းသွားမှာ မဟုတ်ပါ။ CDM မလုပ်လို့၊ မပါဝင်လို့ သတင်းပေး၊ ဒလန်၊ သူလျှို စသည်ဖြင့် စွပ်စွဲအနိုင်ကျင့်တာ အဓိပ္ပာယ်မရှိပါ။ ကိုယ်နဲ့မတူ ကိုယ့်ရန်သူလုပ်ပြီး အရှက်ခွဲ၊ အန္တရာယ်ပေး၊ လုပ်ကြံသတ်ဖြတ်တာဟာ တရားဥပဒေဖောက်ဖျက်တာမို့ အခုဆို ပြစ်ဒဏ်ကြီးကြီး ချမှတ်ခံရတာတွေဟာ သင်ခန်းစာယူစရာပါ။ သတိပြုစရာပါ။**

**ကျူးလွန်နေကြတာ ရပ်သင့်**

**Social Punishment ဆိုပြီး လုပ်ခွင့်ရှိတယ် ထင်ပါသလား။ အဲဒါက မတရားသဖြင့် အနိုင်ကျင့် ဥပဒေမဲ့ပြုတဲ့ Social Bullying ဖြစ်နေတယ်ဆိုတာ သတိထားမိကြပါရဲ့လား။ နောင်တစ်ချိန်မှာ Social Bullying လုပ်တဲ့အတွက် Social Punishment ပြန်အပေးခံရမှာက ခင်ဗျားတို့ ကိုယ်တိုင်ဆိုတာ လုံးဝမမေ့လိုက်ပါနဲ့။ အခု မတော်မတရားစွပ်စွဲနေသူတွေအနေနဲ့ ပြစ်မှုတွေကျူးလွန်မိပြီး အများတွေ လုပ်မိနေပါလားဆိုတာ သိသင့်ပါပြီ။ လမ်းတွေပိတ်၊ စက်ရုံ အလုပ်ရုံတွေ မီးရှို့၊ လမ်းတံတားတွေ ဖျက်ဆီး၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေကို ရန်မူ၊ အန္တရာယ်ပေး၊ တိုက်ခိုက်သတ်ဖြတ်၊ နိုင်ငံ့ဝန်ထမ်းနဲ့ ပြည်သူတွေကို ခြိမ်းခြောက်အန္တရာယ်ပြု အကြမ်းဖက်မှုတွေကြောင့် အလွန်ကို ပြစ်ဒဏ်ကြီးကြီး ခံရမှာပါ။ ပေါ့ပေါ့တန်တန် မတွေးကြစေလိုပါ။ ရာဇဝတ်မှုတွေ ကျူးလွန်နေကြတာ ရပ်သင့်ပါပြီ။ ဥပဒေဆိုတာမသိလို့ ကျူးလွန်မိပါတယ်ဆိုတဲ့ အတွက် ခွင့်လွှတ်လို့ရတာမျိုး မဟုတ်ပါ။**

လူမှုကွန်ရက်စာမျက်နှာတွေနဲ့ မီဒီယာမျိုးစုံတို့က မဟုတ်မမှန် လုပ်ကြံသွေးထိုး မြှောက်ပင့်တာတွေ မယုံကြပါနဲ့။ သူတို့အကျိုးအတွက် ပြည်သူလူထုကို စတေးနေတာပါ။ သူတို့အာဏာရဖို့ တစ်ခုတည်းနဲ့ အပြစ်မဲ့ပြည်သူတွေကို ဒုက္ခပေးနေတာ။ CRPH ဆိုတာ တရားမဝင် အဖွဲ့အစည်းပါ။ အခုတော့ မတရားအသင်း ကြေညာခံထားရတဲ့ ဝရမ်းပြေးအဖွဲ့အစည်းပါ။ ယုတ်မာပက်စက်ပြီး အသိပညာမဲ့တဲ့လုပ်ရပ်တွေနဲ့ စည်းရုံးသိမ်းသွင်းမှုတွေကို အသိ သတိ ဉာဏ်ပညာနဲ့ ဆင်ခြင်တွေးဆနိုင်ကြပါစေ။ ဒေဝဒတ်ကို ဆရာမတင်မိကြဖို့ သတိပေးပါရစေ။

နွေဦးတော်လှန်ရေးတဲ့လား။ အဖိနှိပ်ခံပြည်သူတစ်ရပ်လုံး ညီညွတ်ကြတော့တဲ့လား။ ငြိမ်းချမ်းစွာ ဆန္ဒပြနေသူတွေကို အကြမ်းဖက် နှိမ်နင်းဖြိုခွင်းတယ်တဲ့လား။ စဉ်းစားကြပါ။ ဥပဒေနဲ့အညီ စည်းကမ်းတကျ ဆန္ဒပြတာမျိုး ခွင့်ပြုထားပြီးသားပါ။ လုံခြုံရေးတောင် စီစဉ်ပေးထားပါသေးတယ်။ ဖြိုခွဲနှိမ်နင်းတာမျိုး လုပ်တယ်လို့ မကြားဖူးပါဘူး။ အခုဟာက ငြိမ်းချမ်းစွာ ဆန္ဒပြတာမှ မဟုတ်တာ။ တရားဥပဒေစိုးမိုးမှု ပျက်ပြားအောင်၊ တိုင်းပြည်မငြိမ်မသက်ဖြစ်အောင်၊ ပြည်သူလူထု ဆူပူအုံကြွအောင် ဥပဒေကို ချိုးဖောက်ကျူးလွန်နေကြလို့ လုံလောက်တဲ့ အနည်းဆုံးအင်အားနဲ့ အညင်သာဆုံး ဆောင်ရွက်နေတာ တွေ့ရပါတယ်။ ဘယ်နိုင်ငံ ဘယ်အစိုးရမှ ဒါမျိုးလက်မခံပါဘူး။ တည်ငြိမ်အေးချမ်းမှုရအောင် ဖြေရှင်းဆောင်ရွက်ရမှာပဲ။ ထိန်းသိမ်းရမှာပဲ။ အခုလုပ်နေတာ ဒါပါပဲ။ နိုင်ငံတည်ငြိမ်ရေး၊ ပြည်သူလူထု လုံခြုံအေးချမ်းရေး လုပ်သင့်တာကို လုပ်သင့်သလောက် လုပ်ကြမှာပါ။ လက်ပိုက်ကြည့်နေလို့ မရပါဘူး။

**အမေကျော် ဒွေးတော်မလွမ်းကြပါနဲ့**

**မစဉ်းစား၊ မဆင်ခြင် R2P မျှော်နေသူတွေ၊ နိုင်ငံခြားတပ်တွေ ဝင်လာပါတော့လို့ အာသာငမ်းငမ်း တောင့်တနေသူတွေ၊ မဖြစ်နိုင်တာတွေကို မိုက်မိုက်မဲမဲ စောင့်စားနေကြသူတွေ နောက်ဆက်တွဲ ရင်ဆိုင်ကြုံတွေ့ရမယ့် ပြဿနာတွေကို သင်ကြားထားတဲ့ ပညာတွေနဲ့ တစ်ဆင့်ပြီးတစ်ဆင့် တွေးမိကြရဲ့လား။ အမေကျော် ဒွေးတော်မလွမ်းကြပါနဲ့။ ပြည်ပအားကိုးရင် အမှားမျိုးစုံ ကြုံရလိမ့်မယ်။**

နိုင်ငံရေးကို ခုတုံးလုပ်ပြီး၊ ပြည်တွင်း ပြည်ပ အလှူငွေနဲ့ ထောက်ပံ့ကြေးတွေ တောင်းနေပြီး ကိုယ်ကျိုးရှာ ဝိသမလောဘသမားတွေရဲ့ အဖျက်အမှောင့်ပယောဂတွေကြောင့် အပြစ်မဲ့ပြည်သူတွေ ဒုက္ခရောက်တာ ထိခိုက်ဒဏ်ရာရ သေဆုံးနေကြတာတွေ သတိထားမိကြပါရဲ့လား။ ရှေ့ကို မထွက်၊ နောက်ကွယ်က လှုံ့ဆော်လုပ်ကြံဖန်တီးမှု အမျိုးမျိုးနဲ့ ကျောင်းသားလူငယ်တွေ ပြည်သူတွေကို ထိုးကျွေးနေတာ သတိထားသင့်ကြပါပြီ။ အငှားဗိုက်နဲ့ ဓားထိုးမခံကြဖို့ သတိပေးပါရစေ။

သူတို့ပြောနေသလို ဒါဟာပြည်သူတစ်ရပ်လုံးရဲ့ဆန္ဒဖြစ်ကြောင်း၊ CDM အောင်မြင်ပြီး မရိုးမသားအနိုင်ယူထားတဲ့ အစိုးရပြန်တက်လာမယ်ဆိုတာကို ယုံကြည်နေတုန်းပဲလား။ ဒီနေ့လုပ်နေကြတဲ့ အဖျက်လုပ်ရပ်တွေ၊ စေ့ဆော်ရိုက်သွင်းမှုတွေ ပယောဂတွေအောက်မှာ လူငယ်တွေ ပါဝင်လာပြီး အကြမ်းဖက်ဆူပူ၊ ဆဲဆိုတာတွေကြောင့် လူငယ်တွေစိတ်မှာ ရိုင်းစိုင်းတဲ့စိတ်ဝင်ပြီး အကျင့်စာရိတ္တ ပျက်ပြားလာတာကြောင့် ဖြစ်လာမယ့် အန္တရာယ်တွေရော စဉ်းစားမိပါရဲ့လား။ ဗုဒ္ဓဘာသာနိုင်ငံတစ်နိုင်ငံလို့ ပြောရမှာ ရှက်စရာကောင်းလောက်အောင် အမူအကျင့် ဓလေ့စရိုက်တွေ ရိုင်းစိုင်းလာကြတာ မပူပန်မိကြဘူးလား၊ ကမ္ဘာပေါ်မှာ ရှက်စရာကောင်းတဲ့ အပြုအမူတွေပါလားလို့ မတွေးမိကြတော့ဘူးလား။

ဒီနေ့ ဒီလိုဖြစ်နေရတဲ့အကျိုးတရားရဲ့ အခြေခံအကြောင်းတွေ သိကြပါရဲ့လား၊ မသိကြသေးဘူး၊ မတွေးမိသေးဘူးဆိုရင် တွေးကြ သိကြစေချင်ပါတယ်။ မျက်စိတွေ၊ နားတွေ တစ်ဖက်တည်း ဖွင့်မထားစေချင်ပါဘူး၊ နှစ်ဖက်လုံးဖွင့်ပြီး မျှမျှတတ မှန်မှန်ကန်ကန် မြင်ကြရင် ကောင်းပါတယ်။ အဲဒီလို မဟုတ်ရင်တော့ ပညာမဲ့ရာရောက်ကြပါလိမ့်မယ်။ တပည့်မကောင်း ဆရာ့ခေါင်း၊ သားသမီးမကောင်း မိဘခေါင်းဆိုတာတွေ ဒီနေ့ကာလမှာ တကယ်တွေးခေါ် သုံးသပ်သင့်ပါတယ်၊ အမှားအမှန် ခွဲခြားဝေဖန်ပြီး သွန်သင်ဆုံးမ ထိန်းသိမ်းသင့်ကြပါတယ်။

လက်လွန် ခြေလွန် မရှူနိုင် မကယ်နိုင်ဖြစ်မှ ဟိုလူ့အပြစ်တင်၊ ဒီလူ့အပြစ်တင် လုပ်မယ်ဆိုရင်တော့ နောင်တက ခါးသီးသွားမှာပါ။ မမှားသင့်တာ မမှားအောင် သတိတရားနဲ့ ဆင်ခြင်ထိန်းသိမ်းသင့်ကြပါတယ်။

စာမျက်နှာ ၁၆ သို့ ❖

**သူတို့ပြောနေတဲ့တိုက်ပွဲ ဘယ်တော့မှ မအောင်မြင်နိုင်ပါဘူး။ မယုံမရှိပါနဲ့။ အဖြေကရှိပြီးသားပါ။ ဘယ်လိုနည်းနဲ့မှ အောင်မြင်မယ့်လုပ်ရပ် ဟုတ်ကို မဟုတ်ဘူး။ လက်ရှိအစိုးရ၊ တပ်မတော်ဆိုပါတော့ဗျာ၊ ရည်မှန်းချက်၊ ဦးတည်ချက်ကို ဘယ်တော့မှ အပျက်ခံမှာမဟုတ်ဘူး။ အမှန်တရားကို လုပ်နေတာမို့ မဖြစ်ဖြစ်အောင် ဆက်လုပ်မှာသေချာတယ်။ နိုင်ငံနဲ့ ပြည်သူ အကျိုးအတွက် ပြောတဲ့အတိုင်း ဖြစ်အောင်လုပ်သွားမှာပါ။**

# တစ်နယ်တစ်ကျေးကနေ အေးချမ်းစွာရှာဖွေလုပ်ကိုင်နေကြတဲ့ ရန်ကုန်မြို့မှ ကျွန်တော်တို့လို ပြည်သူတွေအတွက် အလွန်ထိခိုက်နစ်နာစေတာမို့ အမြင်မှန်ရပြီး ကိုယ့်အလုပ်ကိုယ်လုပ်ကြပါလို့ပဲ တိုက်တွန်းချင်ပါတယ်

မောင်ဝင်းသူ (အမည်လွှဲ)

**ကိုဗစ်-၁၉ ရောဂါကြောင့် နိုင်ငံအတွင်းရှိ ပြည်သူများစားဝတ်နေရေးအခက်အခဲဖြစ်ပေါ်ခဲ့ရပြီး ထိုမှတစ်ဆင့် နိုင်ငံရေးအပြောင်းအလဲဖြစ်စဉ်နှင့် ကြုံတွေ့ခဲ့ကြရသည့်အတွက် ပြည်သူများ စိုးရိမ်ပူပန်မှုများဖြစ်ပေါ်ခဲ့ကြကာ အကြမ်းဖက်ဖျက်ဆီးမှုများပါ တရစပ်လုပ်ဆောင်လာကြသည့် အာဏာဖီဆန်ရေး(Civil Disobedience Movement-CDM) လှုပ်ရှားမှုများကြောင့် လုပ်ငန်းခွင်ဝင်ရောက်နေကြသည့် နိုင်ငံ့ဝန်ထမ်းများအပါအဝင် ပုဂ္ဂလိကကုမ္ပဏီဝန်ထမ်းများအတွက် အခက်အခဲများဖြစ်ပေါ်ခဲ့ရသည်။ CDM တွင် ပါဝင်ဆောင်ရွက်ခြင်းမရှိသည့် တစ်နယ်တစ်ကျေးမှ ရန်ကုန်မြို့တွင် လာရောက်အလုပ်လုပ်ကိုင်နေကြသော အဆောင်နေပြည်သူများ၏ ရင်တွင်းစကားသံများအား တင်ပြလိုက်ရပါသည်။**

"ကျွန်တော်က နယ်ကနေ ရန်ကုန်မြို့မှာ လာရောက်အလုပ်လုပ်ကိုင်နေတာပါ။ ဆောက်လုပ်ရေးလုပ်ငန်းက ဆေးသုတ်တဲ့ ကုမ္ပဏီတစ်ခုမှာ နေ့စားလရှင်းနဲ့ အလုပ်လုပ်ကိုင်နေတဲ့ ဝန်ထမ်းတစ်ဦးဖြစ်ပါတယ်။ လုပ်ငန်းရှင်သူဌေးက လုပ်ခလစာကို နေ့နဲ့တွက်ပေးပြီး တစ်လတစ်ခါ လုပ်ခလစာရှင်းပေးပါတယ်။ လုပ်ခလစာကတော့ စရိတ်ငြိမ်းတစ်နေ့ကို ငွေကျပ်တစ်သောင်းနှစ်ထောင် ရရှိပါတယ်။ ကိုဗစ်ဖြစ်ပွားတဲ့ မေလကနေစပြီး အလုပ်ကမသွားရတော့ဘဲ ငါးလလောက်နားလိုက်ရတယ်။ လုပ်ခလစာမရတော့ဘဲ ကရုဏာကြေးပုံစံပဲ ရရှိတော့တယ်။ အဲဒီနောက် အောက်တိုဘာလလောက်မှာ အလုပ်တွေပြန်စမယ်ကြံကာရှိသေးတာ ကိုဗစ်ဒုတိယလှိုင်းဆိုပြီး ပြန်ဖြစ်ပြန်တော့ အလုပ်က တစ်လလောက် ထပ်နားလိုက်ရပြန်တယ်။ နေ့စားလရှင်းဝန်ထမ်းဆိုတော့ အပိုငွေစုဆောင်းထားတာဆိုတာကလည်း မရှိဘူးဖြစ်နေတယ်။ နိုဝင်ဘာလကစပြီး အလုပ်လေးပြန်ကောင်းလာပေမယ့် ယခုနှစ်ဖေဖော်ဝါရီလမှာ နိုင်ငံရေးအပြောင်းအလဲဖြစ်လို့ ဆန္ဒပြတာတွေဖြစ်လာတော့ လုပ်ငန်းရှင်တွေက အလုပ်မဖွင့်ရဲဘူးဖြစ်သွားကြတယ်။ ကျွန်တော်တို့ ဆောက်လုပ်ရေးလုပ်ငန်းဆိုလည်း လုပ်ငန်းရှင်သူဌေးက သူ့ဆောက်လုပ်ရေးဆိုက်ကို မဖွင့်ရဲတော့ဘူးဖြစ်သွားတယ်လေ။ ဝန်ထမ်းတွေ CDM လှုပ်ရှားတာဖြစ်ပေါ်ရင် သူ့လုပ်ငန်းလည်းပျက်မှာစိုးရိမ်လို့ ဆောက်လုပ်ရေးဆိုက်ကို မဖွင့်ရဲတော့တဲ့ သဘောပေါ့။ တချို့ဆောက်လုပ်ရေးဆိုက်က လုပ်ငန်းရှင်တွေဆိုရင် ပြည်ပက လာရောက်ရင်းနှီးမြှုပ်နှံကြတဲ့ လုပ်ငန်းရှင်တွေဖြစ်တယ်။ အဲဒီတော့ ဝန်ထမ်းအလုပ်သမားဦးရေကလည်း အလွန်များတယ်။ ဆေးသုတ်အဖွဲ့၊ ဝရိန်၊ ပန်းရံ၊ လက်သမားနဲ့ အင်ဂျင်နီယာအဖွဲ့ဆိုပြီး လူပေါင်းစုံ အလုပ်ပေါင်းစုံပေါ့။ အဲဒီတော့ နောက်ဆက်တွဲထပ်ဖြစ်လာတာက CDM ကြောင့် လိုင်းကားတွေ မထွက်ကြတော့ဘူး။ မြို့ထဲအလုပ်ဆင်းကြတဲ့ ဆင်ခြေဖုံးရပ်ကွက်တွေက တချို့ဝန်ထမ်းနဲ့ လုပ်သားတွေဆိုရင်လည်း လိုင်းကားစီးပြီး အလုပ်ဆင်းနေကြရတာ လိုင်းကားမရှိတာကြောင့် အလုပ်ဆင်းလို့ မရဘူးဖြစ်သွားကြတယ်။ အလုပ်ရှိနေတာတောင် လုပ်ငန်းခွင်ဝင်ရောက်ဖို့ကို လာလို့မရဘူးဖြစ်နေတယ်။ နောက်ပြီး လမ်းတွေပိတ်ထားတော့ လိုင်းကားတွေက အဆင်ပြေတဲ့ လမ်းတွေကနေ ပတ်မောင်းနေကြရတယ်။ ခရီးသည်တွေကလည်း ဘယ်လမ်းကနေ ကားစောင့်ပြီး ဘယ်လမ်းကနေ သွားရမှန်းမသိ၊ လိုင်းကားတွေကို ဘယ်ကစီးရမှန်း မသိဖြစ်နေပြီး ကားရှိပ့ါမလားဆိုပြီး စိုးရိမ်ကြရတဲ့ အဖြစ်တွေဖြစ်ပေါ်နေကြရတယ်။ တပိုင်တနိုင် အသေးစားလုပ်ငန်းတွေမှာ အလုပ်လုပ်ကိုင်နေကြတဲ့ ဝန်ထမ်းတွေအတွက်လည်း အခက်အခဲဖြစ်ရ ပြန်တယ်။ အင်းစိန်၊ တညင်းကုန်းမှာ နေထိုင်တဲ့သူတွေကလည်း ဈေးကားမထွက်တော့ မလာနိုင်ကြတော့ဘူး။ ကုန်စိမ်းကုန်ခြောက်တွေကို သီရိမင်္ဂလာဈေးကနေ လာမပို့နိုင်တော့ ဈေးတွေကို ကုန်စီးဆင်း မှုနည်းပါးပြီး ကုန်စိမ်းဈေးနှုန်းပါတက်လာတဲ့ အဖြစ်ဖြစ်လာတယ်။ ကုန်စိမ်းဆိုတာက တစ်ရက်၊ နှစ်ရက်ပဲ အထားခံတာဆိုတော့ ဘယ်ဈေးသည်ကမှ များများစားစားဝယ်လှောင်ထားနိုင်မှာ မဟုတ်တာလေ။ အဲဒီတော့ အကျိုးဆက်က ကျွန်တော်တို့လို အခြေခံလူတန်းစားတွေအတွက် အထိနာရတယ်။ လူတွေက ကိုဗစ်ကြောင့် ရှိတာလေးခြစ်ခြုတ်သုံးနေရပြီး အထိနာထားတဲ့အချိန်မှာ အကြမ်းဖက်ဆန္ဒပြတာတွေဖြစ်တော့ အခြေခံလူတန်းစားတွေမှာ အလူးအလိမ့်ခံကြရတယ်"ဟု ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့မှ ကိုဖိုးထောင်(အမည်လွှဲ)က ပြောသည်။

"နိုင်ငံ့ဝန်ထမ်းတွေဆိုရင် လုပ်ငန်းခွင်ဝင်ရောက်ဖို့ကို ရှေ့ပေါက်ကမဝင်ရဲဘဲ နောက်ပေါက်ကနေဝင်ရတဲ့အဖြစ် ဖြစ်လာကြရတယ်။ ကျွန်တော်တို့ရပ်ကွက်မှာဆိုရင် တာဝန်ထမ်းဆောင်နေပါတယ်ဆိုပြီး မပြောရဲတဲ့ နိုင်ငံ့ဝန်ထမ်းတွေ ရှိလာတဲ့အထိ ဖြစ်လာကြရတယ်။ လုပ်ငန်းခွင်ကိုမသွားရဲတဲ့ ဝန်ထမ်းတွေ များပြားလာခဲ့တယ်။ အိတ်လေးလွယ်ပြီးသွားလို့ ကိုယ့်ရပ်ကွက်ထဲကနေ အပြင်ရောက်သွားတာနဲ့ ဒလန်လို့ အပြောခံရမှာ ကြောက်လာရတယ်။ အောက်ခြေမှာက တစ်ယောက်ယောက်ကို မသင်္ကာတဲ့ မျက်လုံးတွေနဲ့ ကြည့်လာကြတယ်။

အဲဒီတော့ ပြည်သူတွေက စားဝတ်နေရေးအတွက် ရုန်းကန်နေရတာထက် ဒီလိုတွေဖြစ်နေတော့ ပြည်သူတွေအနေနဲ့ ရှုံးမသွားတာတောင်ကံကောင်းတယ်လို့ ပြောရမလိုဖြစ်နေပြီဗျာ။ လက်ရှိဆန္ဒပြလှုပ်ရှားမှုတွေက ငြိမ်သွားကြတယ်ဆိုပေမယ့် ပုဂ္ဂလိကအလုပ်တွေဆိုလည်း မဖွင့်ရဲကြသေးဘူးဖြစ်နေကြသေးတယ်။ အခုရက်ပိုင်းမှာ အဓိကလမ်းမကြီးတွေ ပြန်ပွင့်သွားတော့ လိုင်းကားအချို့တော့ ပြန်ပြေးဆွဲလာကြတယ်။ မြို့နယ်ပေါင်းစုံက ကလေးတွေက မြို့ထဲအလုပ်လာဆင်းကြတာဆိုတော့ လိုင်းကားများများပြေးဆွဲစေချင်ပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း တနယ်တကျေးက လာရောက်အလုပ်လုပ်ကိုင်နေတာဆိုတော့ စားစရိတ်နဲ့ အဆောင်လခက ကုန်ကျနေတာလေ။ အခုဆိုရင် နယ်ကနေအိမ်မိသားစုဝင်တွေကိုတောင် မထောက်ပံ့နိုင်တော့ဘူးဖြစ်နေရတယ်။ ကျွန်တော်တို့ ပြည်သူတွေကတော့ နိုင်ငံကိုတည်ငြိမ်အေးချမ်းစေချင်တယ်"ဟု မကွေးမြို့မှ ကိုမောင်မောင်(အမည်လွှဲ)က ပြောသည်။

"ကျွန်တော်က ရှမ်းပြည်နယ်ကနေ ရန်ကုန်မြို့မှာ လာရောက်အလုပ်လုပ်ကိုင်နေတာပါ။ အဆောင်မှာနေပြီး အလုပ်ကတော့ မိတ္တူနဲ့ စာစီစာရိုက်ဆိုင်မှာ အလုပ်လုပ်ပါတယ်။ အလုပ်ဝင်တာသိပ်မကြာသေးပါဘူး။ ဒီနှစ်ဇန်နဝါရီလကမှ အလုပ်စဝင်တာပါ။ အလုပ်ဝင်ပြီး တစ်လအကြာ နိုင်ငံအပြောင်းအလဲကြောင့် ဖေဖော်ဝါရီလမှာ အလုပ်လေးရက်လောက်ပဲ ဆင်းရပြီး အလုပ်ပိတ်လိုက်တာဟာဆိုရင် ခုချိန်အထိပါပဲ။ အဲဒီလအတွက် ထောက်ပံ့ကြေးအပါအဝင် လုပ်ခလစာက ငွေကျပ် ခြောက်သောင်း သူဌေးကပေးပါတယ်။ အဆောင်မှာနေတာမို့ထောက်ပံ့ကြေးပေးတာလည်းဖြစ်တယ်။ ပြောရရင် ကိုဗစ်ကာလကတည်းကစပြီး ထောက်ပံ့ကြေးပေးနေတာပါ။ ဆိုင်ကြီးဖြစ်ပြီး ဝန်ထမ်းအင်အားက ၂၀ ကျော်လောက်ရှိပါတယ်။ လက်ရှိဆိုင်ပိတ်ထားပြီး မိတ္တူဆိုင်လည်းဖြစ်တာကြောင့် အသုံးပြုဖို့လိုအပ်မယ့် သုံးစွဲသူတွေလာမှ ဆိုင်ဖွင့်ဖြစ်မယ်ထင်ပါတယ်။ အခုဆိုရင် ရက်အကန့်အသတ်မရှိပိတ်လိုက်တယ်လို့ပဲ ပြောရမှာပေ့ါနော်။ ပုံမှန်လစာက တစ်လကို ငွေကျပ် နှစ်သိန်းနီးပါးလောက်ရတာဆိုတော့ အရင်ကဆိုရင် နယ်ကအိမ်ကို ငွေပို့နိုင်ပါတယ်။ အခုဆိုရင်အဆောင်မှာ အဆောင်လခတောင် မပေးနိုင်တော့တာမို့ အိမ်ခဏပြန်မယ်စိတ်ကူးထားပါတယ်။ မောင်နှမခြောက်ယောက်ရှိတာဆိုတော့ လမ်းစရိတ်အတွက် သူတို့ ငွေစုပြီး ပို့ပေးမယ်ပြောပါတယ်။ ခရီးစရိတ်က ငွေကျပ် လေးသောင်းလောက်တော့ အနည်းဆုံးလိုမှာပေ့ါ။ အခုဆိုရင် အဆောင်လစာမပေးနိုင်လို့ ပြန်ရတဲ့အထိ ဖြစ်လာရတယ်။ ရန်ကုန်မှာ ပြန်လာအလုပ်လုပ်ဖို့၊ အလုပ်ပြန်ဝင်ဖို့ လွယ်ပ့ါမလားတောင် မသိတော့ပါဘူး။ အကောင်းဆုံးကတော့ အားလုံးကို ပြေလည်စေချင်ပြီ။ အကုန်တည်ငြိမ်အေးချမ်းသွားပြီဆိုရင်တော့ အလုပ်ပုံမှန်ပြန်လုပ်လို့ရမှာလည်း ဖြစ်တယ်။ ကိုယ်လိုချင်တဲ့အတ္တတစ်ခုအတွက် ဆူပူမှုတွေဖြစ်လာတဲ့အထိ အကျိုးဆက်ကြောင့် တစ်နယ်တစ်ကျေးကနေ အေးချမ်းစွာရှာဖွေလုပ်ကိုင်နေကြတဲ့ ရန်ကုန်မြို့မှ ကျွန်တော်တို့လို ပြည်သူတွေအတွက် အလွန်ထိခိုက်နစ်နာစေတာမို့ အမြင်မှန်ရပြီး ကိုယ့်အလုပ်ကိုယ်လုပ်ကြပါလို့ပဲ တိုက်တွန်းချင်ပါတယ်"ဟု မောင်ဝင်းသူ(အမည်လွှဲ)က ပြောသည်။

**မောင်စိန်ဝင်း**

## အယ်ဒီတာ့ထံ ပေးစာကဏ္ဍသို့ ပေးစာများ ပေးပို့နိုင်

ကြေးမုံသတင်းစာ ဖတ်ရှုသူပြည်သူများအနေဖြင့် မိမိတို့ပတ်ဝန်းကျင်၌ ဖြစ်ပျက်နေသော အကြောင်းအရာများကို သတင်းစာဖတ်ပြည်သူများနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ သိရှိစေရန် အပြုသဘောဖြင့် ရေးသားထားသော ပေးစာများကို ကြေးမုံသတင်းစာ အယ်ဒီတာ့ထံပေးစာကဏ္ဍသို့ လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ယင်းကဲ့သို့ ပေးစာများပေးပို့ရာတွင် အမည်၊ ဆက်သွယ်ရမည့် လိပ်စာနှင့် ဖုန်းနံပါတ်တို့ကို ထည့်သွင်းရေးသားရမည်ဖြစ်ပြီး ပေးပို့သည့် ပေးစာအတွက် တာဝန်ယူသည်ဟု ပါရှိရမည်ဖြစ်ပါကြောင်း သတင်းစာဖတ် ပြည်သူများအား အသိပေးဖိတ်ခေါ်လိုက်ပါသည်။

**စာတည်းအဖွဲ့**

❖ စာမျက်နှာ ၁၅ မှ

အခုဖြစ်နေတဲ့ပြဿနာက ပျက်အစဉ် ပြင်ခဏ မဟုတ်နိုင်တော့ဘူး၊ ပျက်တာခဏ ပြင်ယူရမှာက ကြာလိမ့်မယ်ထင်ပါတယ်။ တိုင်းပြည်ရဲ့ အနာဂတ်ပိုင်ရှင်လူငယ်တွေ စိတ်ဓာတ်ပျက်စီးတာ တော်တော်ဆိုးတယ်။ အန္တရာယ်ကြီးတယ်။ ဒါကိုတော့ သတိထားကြစေချင်တယ်။

### မျက်ကန်း လမ်းလျှောက်

လူမှုကွန်ရက်က မချိမဆံ့လော်နေတာတွေ သတိထားပါ။ "တရားသောတိုက်ပွဲနိုင်ရမည်"၊ "လူထုတိုက်ပွဲနိုင်ရမည်" တဲ့လား။ မတရားသဖြင့် ဥပဒေချိုးဖောက်ပြီး ပရမ်းပတာ လုပ်နေတာ၊ စည်းမဲ့ကမ်းမဲ့ ထင်ရာစိုင်းပြီး မျက်ကန်းလမ်းလျှောက်ဖြစ်နေတာ၊ လူထုတိုက်ပွဲဆိုပြီး အပြစ်မဲ့မသိ နားမလည်တဲ့ ပြည်သူတွေနဲ့ လူငယ်ကျောင်းသား ကျောင်းသူတွေကို ရှေ့တန်းတင်မြှောက်ပေးလုပ်နေတာ တရားသလား၊ လူထုတိုက်ပွဲလို့ ခေါ်နိုင်မှာလား။ အတွေးမမှားကြပါနဲ့။

**သူတို့ပြောနေတဲ့တိုက်ပွဲ ဘယ်တော့မှ မအောင်မြင်နိုင်ပါဘူး။ မယုံမရှိပါနဲ့။ အဖြေက ရှိပြီးသားပါ။ ဘယ်လိုနည်းနဲ့မှ အောင်မြင်မယ့်လုပ်ရပ် ဟုတ်ကိုမဟုတ်ဘူး။ လက်ရှိအစိုးရ၊ တပ်မတော်ဆိုပါတော့ဗျာ၊ ရည်မှန်းချက်၊ ဦးတည်ချက်ကို ဘယ်တော့မှ အပျက်ခံမှာမဟုတ်ဘူး။ အမှန်တရားကို လုပ်နေတာမို့ မဖြစ်ဖြစ်အောင် ဆက်လုပ်မှာ သေချာတယ်။ နိုင်ငံနဲ့ ပြည်သူအကျိုးအတွက် ပြောတဲ့အတိုင်း ဖြစ်အောင်လုပ်သွားမှာပါ။**

အခုနည်းလမ်းအသစ်တွေနဲ့ ထပ်လုပ်နေပြန်ပါပြီ။ လူမဲ့ဆန္ဒပြတာတို့၊ Silent Strike စတာတွေနဲ့ နောက်တစ်ကြိမ်ပြန်စဖို့ လှုံ့ဆော်နေပါတယ်။ တပ်မတော်နေ့မှာ ဆူပူအကြမ်းဖက်ဆန္ဒပြကြဖို့ တာစူနေကြတယ်လို့ ယူဆရပါတယ်။ မဖြစ်နိုင်မှန်းသိပေမယ့် ဆုပ်လည်းစူး၊ စားလည်းရူးဘဝမှာ ထင်ရာမြင်ရာ တစ်ဇွတ်ထိုး ဆက်မှားနေကြဦးမှာပါ။ သတိတရားနဲ့သာ ဆင်ခြင်ကြပါတော့။


လုံခြုံရေးရဲ့သဘောတရားနဲ့ တာဝန်အရတော့ ဆူပူအကြမ်းဖက်မှုရှိလာရင် ငြိမ်အောင်လုပ်မှာပါ။ မငြိမ် ငြိမ်အောင်လုပ်ရမှာပဲ။ ဆူပူအကြမ်းဖက်တာမျိုးမရှိရင်၊ တရားဥပဒေနဲ့အညီ နေထိုင်ပြုမူကြမယ်ဆိုရင် ဘယ်လုံခြုံရေးမှလာပြီး ထိန်းဖို့လိုမှာ မဟုတ်ဘူး။ အေးအေးဆေးဆေးပဲ နေနိုင်ကြမှာပါ။

အသိပညာဖြင့် ထိန်းသိမ်းခြင်းက အေးချမ်းသာယာသော လမ်းသစ်မှာ ပျော်ပျော်ပါးပါး လျှောက်ပြီး စစ်မှန်တရားမျှတတဲ့ ရွေးကောက်ပွဲနဲ့ ဖြစ်ပေါ်လာမယ့် ဒီမိုကရေစီအစိုးရကို စောင့်ကြို မျှော်လင့် ခရီးဆက်ကြပါစို့လားဗျာ။

သက်ဆိုင်သူအားလုံး သိစေချင်ပါတယ်ဗျာ။ ။

# US Treasury – အာဆီယံဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယအကြီးအကဲများ အစည်းအဝေးနှင့် အာဆီယံဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယအကြီးအကဲများ အစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ တက်ရောက်





**နေပြည်တော် မတ် ၂၆**

US Treasury–အာဆီယံဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယအကြီးအကဲများ အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အာဆီယံဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယအကြီးအကဲများနှင့်အတူ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ နေပြည်တော်မှ ပါဝင်တက်ရောက်သည်။

အစည်းအဝေးတွင် ကိုဗစ်–၁၉ နှင့်ပတ်သက်၍ ကမ္ဘာတစ်ဝန်း စီးပွားရေးပြန်လည်ဦးမော့မှုနှင့် အမေရိကန်ပြည်ထောင်စုမှ ဆောင်ရွက်လျက်ရှိသည့် မူဝါဒတုံ့ပြန်မှုများအပေါ် နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုများ၊ ရာသီဥတုပြောင်းလဲမှုအပေါ် ရင်ဆိုင်ဖြေရှင်းမှုများ၊ ဘဏ္ဍာငွေ စဉ်ဆက်မပြတ်ထိန်းသိမ်းထားနိုင်မှုကို မြှင့်တင်ရန် အမေရိကန်ပြည်ထောင်စု၏ ဦးစားပေးဆောင်ရွက်မှုများနှင့်ပတ်သက်၍ US Treasury ဘက်မှ Deputy Assistant Secretary ဖြစ်သူ Mr. Robert Kaproth က လည်းကောင်း၊ အာဆီယံနိုင်ငံများ၏ မူဝါဒဆိုင်ရာ တုံ့ပြန်ချက်များနှင့် တိုးတက်မှုများအပေါ် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှလည်းကောင်း တင်ပြဆွေးနွေးကြရာ အာဆီယံဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယအကြီးအကဲများက မိမိတို့နိုင်ငံ၏ ဆောင်ရွက်နေမှုများ၊ ဦးစားပေးဆောင်ရွက်မှုများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ပြန်လည်ဆွေးနွေးကာ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ဆက်လက်၍ မွန်းလွဲ ၁ နာရီတွင် အာဆီယံဘဏ္ဍာရေးနှင့် ဗဟိုဘဏ် ဒုတိယအကြီးအကဲများအစည်းအဝေး (AFCDM)ကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ အာဆီယံဘဏ္ဍာရေးနှင့် ဗဟိုဘဏ် ဒုတိယအကြီးအကဲများနှင့်အတူ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ တက်ရောက်သည်။

အစည်းအဝေးတွင် အာဆီယံသဘာပတိဖြစ်သူ ဘရူနိုင်းနိုင်ငံမှ ၂၀၂၁ ခုနှစ်အတွက် ဦးစားပေးအစီအစဉ်များကိုလည်းကောင်း၊ အာဆီယံအတွင်းရေးမှူးချုပ်က ၂၀၂၁ အာဆီယံငွေရေးကြေးရေးပေါင်းစည်းမှု စောင့်ကြည့်လေ့လာရေးအစီရင်ခံစာကိုလည်းကောင်း၊ အာဆီယံငွေကြေးနှင့် ငွေရေးကြေးရေးလမ်းပြမြေပုံနှင့်စပ်လျဉ်း၍ အာဆီယံအဆင့်မြင့်ကော်မတီ၏ ပူးတွဲသဘာပတိများနှင့် သက်ဆိုင်ရာလုပ်ငန်းကော်မတီများက ၂၀၂၁–၂၀၂၂ ဘဏ္ဍာနှစ်အတွင်း ၎င်းတို့ဆောင်ရွက်ရမည့် ဦးစားပေးလုပ်ငန်းရပ်များဖြစ်သည့် ငွေလုံးငွေရင်းစာရင်း ပိုမိုလွတ်လပ်ခွင့်ပြုရေး (Capital Account Liberalization – CAL)၊ အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေး (Capital Market Development – CMD)၊ ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ လွတ်လပ်ခွင့်ပြုရေး (Financial Services Liberalization – FSL)၊ အာဆီယံဘဏ်လုပ်ငန်း ကဏ္ဍပေါင်းစည်းရေးမူဘောင် (ASEAN Banking Integration Framework – ABIF)၊ ငွေရေးကြေးရေးကဏ္ဍတွင် အားလုံးပါဝင်ရေး (Financial Inclusion –FINC)၊ ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ် ( Payment and Settlement Systems–PSS) တို့၏ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုများကိုလည်းကောင်း ရှင်းလင်းတင်ပြခဲ့ရာ အာဆီယံဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယအကြီးအကဲများက တင်ပြချက်များအပေါ် လမ်းညွှန်မှုများပေးခဲ့ကြသည်။

အစည်းအဝေးတွင် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက အာဆီယံဒေသတွင်း ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ လွတ်လပ်ခွင့်ပြုရေး၊ ဘဏ်လုပ်ငန်းကဏ္ဍပေါင်းစည်းရေးနှင့် ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ် ဖြစ်ပေါ်တိုးတက်မှုများနှင့်ပတ်သက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် အာဆီယံဒေသတွင်း ဗဟိုဘဏ်များနှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံခြားဘဏ်များအား ဘဏ်ခွဲများ၊ Subsidiary Licence များ ခွင့်ပြုထားခဲ့ပြီး Equity Participation အတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ငွေရေးကြေးရေး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရကဏ္ဍနှင့် ဆောင်ရွက်လျက်ရှိသည့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများအပြင် အာဆီယံဒေသအတွင်းမှလည်း ဆက်လက်ရင်းနှီးမြှုပ်နှံရန်နှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်ပါကြောင်း၊ ငွေရေးကြေးရေးပူးပေါင်းဆောင်ရွက်မှု (Financial Integration) အတွက် Financial regulation & restructure များ လုပ်ဆောင်လျက်ရှိပြီး နယ်စပ်ဖြတ်ကျော်ငွေပေးချေမှုများအတွက် inbound/ outbound retail payment remittance ကိုခွင့်ပြုရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အချိန်နှင့်တစ်ပြေးညီ အသေးစားငွေသားပေးချေခြင်းစနစ် (Real Time Retail Payment System –RTRPS) အတွက် QR Code Myanmar Standard ကို သတ်မှတ်ခဲ့ပြီး စင်ကာပူငွေကြေး အာဏာပိုင်အဖွဲ့နှင့် ထိုင်းနိုင်ငံဗဟိုဘဏ်တို့မှ နည်းပညာအကူအညီများရရှိခဲ့ပါကြောင်း၊ ၂၀၂၁ ခုနှစ် အာဆီယံဦးစားပေးလုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကိုလည်း ပြည့်မီစေရန် ဆောင်ရွက်လျက်ရှိပါကြောင်း ဆွေးနွေးခဲ့သည်။

ယင်းနောက် အာဆီယံစဉ်ဆက်မပြတ် ဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တင်ပြခဲ့ရာ ဒုတိယအကြီးအကဲများက ၂၀၂၁ ခုနှစ်အတွက် ဦးစားပေးအစီအစဉ်များ၊ အာဆီယံငွေရေးကြေးရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများအပေါ် သုံးသပ်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် အစည်းအဝေးကို ဆက်လက်ကျင်းပခဲ့ရာ မတ် ၃၀ ရက်တွင် ကျင်းပမည့် (၇) ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများအစည်းအဝေး (7th AFMGM) သို့ တင်ပြမည့် ပူးတွဲကြေညာချက်မူကြမ်းကို အပြီးသတ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မောင်တောမြို့နယ်နှင့် ရေးမြို့နယ်တို့၌ ဒေသဖွံ့ဖြိုးရေးကွန်ကရစ်လမ်း ကတ္တရာလမ်းများ ဆောင်ရွက်ပေး

**နေပြည်တော် မတ် ၂၆**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရခိုင်ပြည်နယ်အတွင်း ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် ၂၅၅ ဒသမ ၄၈၆ သန်းဖြင့် မောင်တောမြို့နယ် ခရေမြိုင် (နတလ) ကျေးရွာမှ မောင်တော–အလယ်သံကျော်ကားလမ်းအထိ ကွန်ကရစ်လမ်း ပေ ၅၁၅၀ ခင်းခြင်းနှင့် ခြောက်ပေ Box Culvert တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ယနေ့နံနက်ပိုင်းတွင် မောင်တောခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



အဆိုပါ လမ်းလုပ်ငန်းမှာ ၈၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ပြီး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ခရေမြိုင် (နတလ) ကျေးရွာနေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ အထောက်အကူပြုကာ မောင်တော– အလယ်သံကျော်လမ်းမှတစ်ဆင့် မောင်တောမြို့သို့ ရာသီမရွေး သွားလာနိုင်တော့မည်ဖြစ်သည်။

အလားတူ မွန်ပြည်နယ် ရေးမြို့နယ်အတွင်းရှိ ပင်လယ်ကမ်းခြေဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် ၂၄၁ ဒသမ ၅၉၉ သန်းဖြင့် ရေးမြို့နယ် ကဗျာဝ – တရုတ်ထောက် ကမ်းခြေပတ်မြေသားလမ်း သုံးမိုင် လေးဖာလုံ အနက် တစ်မိုင် လေးဖာလုံကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ လမ်းလုပ်ငန်းပြီးစီးပါက ကဗျာဝကျေးရွာနှင့် တရုတ်ထောက်ကျေးရွာများရှိ အိမ်ထောင်စု ၄၆၅ စု၊ လူဦးရေ ၂၆၂၃ ဦးတို့ကို အကျိုးပြုနိုင်မည်ဖြစ်ပြီး ဒေသတွင်း လမ်းပန်းဆက်သွယ်ရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရီးသွားလုပ်ငန်းများအတွက် များစွာ အထောက်အကူ ပြုမည်ဖြစ်ကြောင်း ဒေသခံ ပြည်သူများထံမှ သိရသည်။

**သတင်းစဉ်**



## သွားလာမှုလွယ်ကူစေရန် မြို့နယ်များအတွင်း လမ်းပိတ်အတားအဆီးများ ဆက်လက်ရှင်းလင်း

**ရန်ကုန် မတ် ၂၆**

ရန်ကုန်တိုင်းဒေသကြီး၌ မြို့နယ်များအတွင်း သွားလာမှုလွယ်ကူစေရန် ယနေ့နံနက်ပိုင်းက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ နယ်မြေလုံခြုံရေးတပ်ဖွဲ့များ၊ စည်ပင်သာယာဝန်ထမ်းများနှင့် ပြည်သူများက အတားအဆီးများ၊ အမှိုက်များ ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် လှိုင်မြို့နယ် ဘုရင့်နောင်လမ်း၊ ဘုရင့်နောင်တံတားထိပ်၊ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်း၊ သာကေတမြို့နယ် ဇောတရုံလမ်း၊ မာန်ပြေလမ်း၊ ထူပါရုံလမ်း၊ အောင်မေတ္တာလမ်း၊ ခိုင်ရွှေဝါလမ်း၊ ဇင်္ဂမလမ်း၊ သုမနလမ်း၊ ပန်းဘဲတန်းမြို့နယ် အနော်ရထာလမ်း၊ မဟာဗန္ဓုလလမ်း(ဗိုလ်ဆွန်ပက်လမ်းနှင့် ၃၂ လမ်းကြား) ကုန်သည်လမ်း၊ ဒလမြို့နယ် ကျန်စစ်သားလမ်းမကြီး၊ ကျန်စစ်သား(၁)လမ်း၊ ကျန်စစ်သား(၂)လမ်း၊ ရာဇသင်္ကြန်(၇)လမ်းတို့ရှိ အတားအဆီးများအား Dozer များ၊ မြေသယ်ယာဉ်များဖြင့် သယ်ယူသိမ်းဆည်း၍ သတ်မှတ်နေရာများသို့ စွန့်ပစ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

**၂၀၂၀ ခုနှစ်၊ မတ်လ ၂၆ ရက်**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ကြိမ် နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် မဲရုံပေါင်း ၁၆၁ ရုံ | ၁၂၆၇၄၀ | ၇၇၄၄၃ | ၅၇၉၆ | ၈၃၇ | ၁၃၀၅၀ |
| ၂ | ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် မဲရုံပေါင်း ၁၉၆ ရုံ | ၁၀၈၂၂၈ | ၁၁၈၆၄၄ | ၁၀၂၂၅ | ၈၈၀ | ၁၂၁၇၂ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန်အခြေအနေများကိုလည်း သက်ဆိုင်ရာ မြို့နယ်အလိုက် ယခင်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၂ မြို့နယ်တွင် မဲရုံပေါင်း ၃၅၇ ရုံ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၇၂၀၆၉ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၉၀၆၂၉၊ ကျန်ရှိရမည့်အရေအတွက်မှာ ၈၁၄၄၀၊ မြေပြင်လက်ကျန် ၇၈၄၅၇ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၈၁၁၃ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၅၁၃၀ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင်အပို ရရှိနေခြင်းတို့ကိုတွေ့ရှိရသည်။ မြို့နယ်တစ်မြို့နယ်ချင်းအလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ပုလဲမြို့နယ် | ၁၆၁ | ၁၄၄၈၇၀ | ၁၀၁၁၁၄ | ၄၃၇၅၆ | ၄၁၉၂၈ | ၂၅၁၅ | ၆၈၇ |
| ၂ | သဲကုန်းမြို့နယ် | ၁၉၆ | ၁၂၇၁၉၉ | ၈၉၅၁၅ | ၃၇၆၈၄ | ၃၆၅၂၉ | ၅၅၉၈ | ၄၄၄၃ |
| | **စုစုပေါင်း** | **၃၅၇** | **၂၇၂၀၆၉** | **၁၉၀၆၂၉** | **၈၁၄၄၀** | **၇၈၄၅၇** | **၈၁၁၃** | **၅၁၃၀** |

**ပုလဲမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်**

၅။ မြေပြင်စစ်ဆေးချက်များအရ စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့နယ်တွင် ရပ်ကွက် ၂ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၉ အုပ်စု၊ မဲရုံပေါင်း ၁၆၁ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၁၄၄၈၇၀ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၀၁၁၁၄၊ ကျန်ရှိရမည့်အရေအတွက်မှာ ၄၃၇၅၆ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၄၁၉၂၈ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၁၃၅၀၀၃ | ၁၀၀၅၉၇ | ၃၄၄၀၆ | ၃၂၅၇၈ | ၂၅၁၅ | ၆၈၇ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၅၁၇ | ၅၁၇ | | | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၉၃၅၀ | | ၉၃၅၀ | ၉၃၅၀ | | |
| | **မြို့နယ်ချုပ်စုစုပေါင်း** | **၁၄၄၈၇၀** | **၁၀၁၁၁၄** | **၄၃၇၅၆** | **၄၁၉၂၈** | **၂၅၁၅** | **၆၈၇** |

၆။ ပုလဲမြို့နယ်၊ ရပ်ကွက် ၂ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၉ အုပ်စုရှိ မဲရုံ ၁၆၁ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၂၅၁၅ ပျောက်ဆုံးနေပြီး မဲလက်မှတ် ၆၈၇ အပိုတွေ့ရှိရပါသည်။ ပုလဲမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲ လက်မှတ် ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ပုလဲမြောက်ရပ်ကွက် | ၁၇၅၈ | ၁၄၁၂ | ၃၄၆ | ၃၃၈ | ၈ | |
| ၂ | အလယ်ဘုံကျေးရွာအုပ်စု | ၁၃၀၀ | ၉၇၅ | ၃၂၅ | ၃၂၅ | | |
| ၃ | လက်တောင်းကြီးကျေးရွာအုပ်စု | ၄၀၉၀ | ၃၂၄၁ | ၈၄၉ | ၉၀၉ | | ၆၀ |
| ၄ | စေတီယံကျေးရွာအုပ်စု | ၂၇၉၀ | ၂၀၅၂ | ၇၃၈ | ၆၉၈ | ၄၀ | |
| ၅ | မုံကြိုင်းကျေးရွာအုပ်စု | ၁၄၂၀ | ၁၁၄၄ | ၂၇၆ | ၂၅၆ | ၂၀ | |
| ၆ | ကုက္ကိုစုကျေးရွာအုပ်စု | ၁၀၅၀ | ၈၁၂ | ၂၃၈ | ၂၃၈ | | |
| ၇ | ကြောင်သန်းကျေးရွာအုပ်စု | ၁၉၇၀ | ၁၄၀၂ | ၅၆၈ | ၅၉၈ | | ၃၀ |
| ၈ | ဆင်ရှင်ကျေးရွာအုပ်စု | ၂၅၁၃ | ၁၆၇၆ | ၈၃၇ | ၇၇၄ | ၆၃ | |
| ၉ | ချင်ပြစ်ကျင်းကျေးရွာအုပ်စု | ၂၇၀၀ | ၂၀၃၉ | ၆၆၁ | ၇၁၁ | | ၅၀ |
| ၁၀ | ချောင်းဦးကျေးရွာအုပ်စု | ၁၉၂၀ | ၁၃၁၇ | ၆၀၃ | ၅၈၃ | ၂၀ | |
| ၁၁ | ဇီးဖြူကုန်းကျေးရွာအုပ်စု | ၉၀၀ | ၇၁၄ | ၁၈၆ | ၁၈၆ | | |
| ၁၂ | ချင်ပြစ်ကျေးရွာအုပ်စု | ၃၁၀၀ | ၂၃၈၀ | ၇၂၀ | ၆၇၀ | ၅၀ | |
| ၁၃ | ကံကြီးကျေးရွာအုပ်စု | ၃၀၀၀ | ၁၉၉၀ | ၁၀၁၀ | ၈၆၇ | ၁၄၃ | |
| ၁၄ | ပုထိုးသာကျေးရွာအုပ်စု | ၁၉၅၀ | ၁၄၄၇ | ၅၀၃ | ၅၀၃ | | |
| ၁၅ | ပိတောက်ကုန်းကျေးရွာအုပ်စု | ၂၅၂၀ | ၁၈၁၆ | ၇၀၄ | ၇၈၄ | | ၈၀ |
| ၁၆ | ကမ္ဘာ့ရပ်ကျေးရွာအုပ်စု | ၆၀၀ | ၄၇၁ | ၁၂၉ | ၁၂၉ | | |
| ၁၇ | ကျေးသမျှားကျေးရွာအုပ်စု | ၂၀၁၈ | ၁၃၉၂ | ၆၂၆ | ၄၀၈ | ၂၁၈ | |
| ၁၈ | မင်းမ(အရှေ့)ကျေးရွာအုပ်စု | ၁၇၂၀ | ၁၃၃၂ | ၃၈၈ | ၄၁၈ | | ၃၀ |
| ၁၉ | ပဲခင်းမကျေးရွာအုပ်စု | ၁၉၅၀ | ၁၄၅၀ | ၅၀၀ | ၅၀၀ | | |
| ၂၀ | ပုပ္ပါကျေးရွာအုပ်စု | ၁၅၀၀ | ၁၀၃၁ | ၄၆၉ | ၂၁၉ | ၂၅၀ | |
| ၂၁ | မရိုးတုံးကျေးရွာအုပ်စု | ၃၃၅၀ | ၂၂၇၉ | ၁၀၇၁ | ၁၀၇၁ | | |
| ၂၂ | ရွာနောင်ကျေးရွာအုပ်စု | ၁၂၅၀ | ၈၁၅ | ၄၃၅ | ၄၃၅ | | |
| ၂၃ | မုံသွင်ကျေးရွာအုပ်စု | ၂၉၀၀ | ၂၀၇၆ | ၈၂၄ | ၇၆၆ | ၅၈ | |
| ၂၄ | ခေါ်သန္တိကျေးရွာအုပ်စု | ၁၇၀၀ | ၁၁၈၇ | ၅၁၃ | ၅၁၃ | | |
| ၂၅ | ကျေးနင်းကျေးရွာအုပ်စု | ၃၁၀၀ | ၂၃၈၇ | ၇၁၃ | ၇၁၃ | | |
| ၂၆ | မင်းတိုင်ပင်ကျေးရွာအုပ်စု | ၄၇၅၀ | ၃၄၃၃ | ၁၃၁၇ | ၉၁၉ | ၃၉၈ | |
| ၂၇ | တုံးကန်ကျေးရွာအုပ်စု | ၃၁၀၀ | ၂၃၂၈ | ၇၇၂ | ၇၇၂ | | |
| ၂၈ | လက်ပုကန်ကျေးရွာအုပ်စု | ၂၁၅၀ | ၁၆၇၂ | ၄၇၈ | ၄၇၈ | | |
| ၂၉ | ကန့်ဒေါင့်ကျေးရွာအုပ်စု | ၃၇၅၀ | ၂၆၅၃ | ၁၀၉၇ | ၁၀၄၇ | ၅၀ | |
| ၃၀ | ဦးနှောက်ကျေးရွာအုပ်စု | ၃၇၀၀ | ၂၈၁၅ | ၈၈၅ | ၇၈၅ | ၁၀၀ | |
| ၃၁ | ပုလဲတောင်ရပ်ကွက် | ၁၇၅၄ | ၁၄၅၄ | ၃၀၀ | ၄၉၆ | | ၁၉၆ |
| ၃၂ | ကြိုးကြာဥကျေးရွာအုပ်စု | ၇၀၀ | ၃၉၅ | ၃၀၅ | ၃၀၅ | | |
| ၃၃ | မန်ကျည်းခွကျေးရွာအုပ်စု | ၁၁၅၀ | ၇၀၅ | ၄၄၅ | ၃၇၂ | ၇၃ | |
| ၃၄ | မွေ့ဘုံကျေးရွာအုပ်စု | ၁၉၈၀ | ၁၆၀၃ | ၃၇၇ | ၂၉၇ | ၈၀ | |
| ၃၅ | ညောင်ကုန်းကျေးရွာအုပ်စု | ၁၅၉၀ | ၁၁၇၇ | ၄၁၃ | ၄၂၃ | | ၁၀ |
| ၃၆ | ကံပေါက်ကျေးရွာအုပ်စု | ၁၇၄၀ | ၁၂၉၉ | ၄၄၁ | ၄၅၁ | | ၁၀ |
| ၃၇ | ညို့တုံကျေးရွာအုပ်စု | ၃၄၉၀ | ၂၄၄၉ | ၁၀၄၁ | ၉၅၁ | ၉၀ | |
| ၃၈ | ကျွန်းဘိုကုန်းကျေးရွာအုပ်စု | ၆၆၀ | ၅၂၃ | ၁၃၇ | ၁၂၇ | ၁၀ | |
| ၃၉ | နွယ်ရှောက်ကျေးရွာအုပ်စု | ၁၄၅၀ | ၁၀၃၈ | ၄၁၂ | ၄၁၂ | | |
| ၄၀ | အင်ကြင်းစုကျေးရွာအုပ်စု | ၁၉၁၀ | ၁၃၀၇ | ၆၀၃ | ၄၄၃ | ၁၆၀ | |
| ၄၁ | အင်းကန်ကျေးရွာအုပ်စု | ၁၄၇၀ | ၁၁၅၅ | ၃၁၅ | ၂၉၅ | ၂၀ | |
| ၄၂ | အင်မထီးကျေးရွာအုပ်စု | ၁၄၅၀ | ၁၁၄၆ | ၃၀၄ | ၄၀၄ | | ၁၀၀ |
| ၄၃ | တောင်ရွာသစ်ကျေးရွာအုပ်စု | ၂၀၀၀ | ၁၄၉၃ | ၅၀၇ | ၅၀၇ | | - |
| ၄၄ | လှော်ကားကျေးရွာအုပ်စု | ၂၄၀၀ | ၁၉၅၈ | ၄၄၂ | ၄၉၂ | | ၅၀ |
| ၄၅ | တနယ်ကျေးရွာအုပ်စု | ၃၈၆၉ | ၂၇၉၆ | ၁၀၇၃ | ၁၁၀၄ | | ၃၁ |
| ၄၆ | ပန်းကျေးရွာအုပ်စု | ၂၇၅၀ | ၂၆၇၀ | ၈၀ | ၈၀ | | |
| ၄၇ | ဝမ်းဘဲချိုင့်ကျေးရွာအုပ်စု | ၄၂၅၀ | ၃၃၀၂ | ၉၄၈ | ၉၄၈ | | |
| ၄၈ | လက်ပန်ကျေးရွာအုပ်စု | ၁၂၁၀ | ၉၃၃ | ၂၇၇ | ၂၄၄ | ၃၃ | |
| ၄၉ | ကြက်ရင်းကျေးရွာအုပ်စု | ၂၅၅၀ | ၁၈၉၅ | ၆၅၅ | ၆၅၅ | | |
| ၅၀ | ခင်အေးကျေးရွာအုပ်စု | ၁၅၆၀ | ၁၂၄၁ | ၃၁၉ | ၃၄၉ | | ၃၀ |
| ၅၁ | လယ်ခမ္မကျေးရွာအုပ်စု | ၃၂၀၀ | ၂၅၈၉ | ၆၁၁ | ၆၂၁ | | ၁၀ |
| ၅၂ | လဲကန်ကျေးရွာအုပ်စု | ၃၀၀၀ | ၂၂၀၁ | ၇၉၉ | ၇၄၉ | ၅၀ | |
| ၅၃ | မယင်းကျေးရွာအုပ်စု | ၁၇၀၀ | ၁၃၆၅ | ၃၃၅ | ၃၃၁ | ၄ | |
| ၅၄ | ဘန့်ဘွေးကျေးရွာအုပ်စု | ၈၀၀ | ၆၁၀ | ၁၉၀ | ၁၉၀ | | |
| ၅၅ | ဂျပ်ကျေးရွာအုပ်စု | ၁၂၅၀ | ၁၀၀၁ | ၂၄၉ | ၂၄၇ | ၂ | |
| ၅၆ | သစ်ကြီးတိုင်းကျေးရွာအုပ်စု | ၁၉၀၀ | ၁၄၅၅ | ၄၄၅ | ၃၉၅ | ၅၀ | |

စာမျက်နှာ ၁၉ သို့ ❂

❂ စာမျက်နှာ ၁၈ မှ

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅၇ | ဝက်ကျကျေးရွာအုပ်စု | ၁၇၅၁ | ၁၁၅၃ | ၅၉၈ | ၃၉၇ | ၂၀၁ | |
| ၅၈ | အိုင်းမကျေးရွာအုပ်စု | ၂၁၅၀ | ၁၅၁၄ | ၆၁၆ | ၅၁၆ | ၁၀၀ | |
| ၅၉ | အေးချမ်းသာကျေးရွာအုပ်စု | ၂၀၅၀ | ၁၅၅၉ | ၄၉၁ | ၄၉၁ | | |
| ၆၀ | စစ်ရင်ကျေးရွာအုပ်စု | ၃၄၅၀ | ၂၃၇၅ | ၁၀၇၅ | ၈၇၅ | ၂၀၀ | |
| ၆၁ | မိုးကောင်းကျေးရွာအုပ်စု | ၃၃၀၀ | ၂၄၇၈ | ၈၂၂ | ၇၉၈ | ၂၄ | |
| ရပ်ကွက်/ကျေးရွာချုပ်စုစုပေါင်း | | ၁၃၅၀၀၃ | ၁၀၀၅၉၇ | ၃၄၄၀၆ | ၃၂၅၇၈ | ၂၅၁၅ | ၆၈၇ |
| မြို့နယ်ကြိုတင်မဲလက်မှတ် | | ၅၁၇ | ၅၁၇ | | | | |
| မြို့နယ်လက်ကျန်မဲလက်မှတ် | | ၉၃၅၀ | | ၉၃၅၀ | ၉၃၅၀ | | |
| မြို့နယ်ချုပ်စုစုပေါင်း | | ၁၄၄၈၇၀ | ၁၀၁၁၁၄ | ၄၃၇၅၆ | ၄၁၉၂၈ | ၂၅၁၅ | ၆၈၇ |

**သဲကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်**

၇။ သဲကုန်းမြို့နယ်တွင် မဲရုံပေါင်း ၁၉၆ ရုံ ရှိပြီး စုစုပေါင်း ထုတ်ယူရရှိ ဆန္ဒမဲလက်မှတ် ၁၂၇၁၉၉ အနက် ၁၁၆၉၅၀ စောင်အား ရပ်/ကျေးမဲလက်မှတ်၊ ၁၀၂၁ စောင်အား မြို့နယ်ကြိုတင်မဲလက်မှတ်နှင့် ၉၂၂၈ စောင်အား မြို့နယ်လက်ကျန် (အရန်) မဲလက်မှတ်များအဖြစ် ဖြန့်ခွဲထုတ်ပေး အသုံးပြုထိန်းသိမ်းထားရှိကြောင်း တွေ့ရပါသည်။ မဲရုံအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၁၁၆၉၅၀ | ၈၈၄၈၈ | ၂၈၄၆၂ | ၂၇၁၅၅ | ၅၅၉၈ | ၄၂၉၁ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၁၀၂၁ | ၁၀၂၇ | (-)၆ | ၂၄ | | ၃၀ |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၉၂၂၈ | | ၉၂၂၈ | ၉၃၅၀ | | ၁၂၂ |
| မြို့နယ်ချုပ်စုစုပေါင်း | | ၁၂၇၁၉၉ | ၈၉၅၁၅ | ၃၇၆၈၄ | ၃၆၅၂၉ | ၅၅၉၈ | ၄၄၄၃ |

၈။ မြေပြင်စစ်ဆေးတွေ့ရှိချက်အရ သဲကုန်းမြို့နယ် ပြည်သူ့လွှတ်တော် ရပ်/ကျေး မဲလက်မှတ် ထုတ်ယူရရှိသည့်အရေအတွက်မှာ ၁၁၆၉၅၀ ဖြစ်ပြီး ၈၈၄၈၈ ဆန္ဒမဲပေးအသုံးပြုခဲ့သဖြင့် မဲလက်မှတ် ၂၈၄၆၂ ကျန်ရှိရမည်ဖြစ်သော်လည်း မြေပြင်တွင် ၂၇၁၅၅ သာ စစ်ဆေးတွေ့ရှိရပါသည်။ မဲရုံတစ်ခုချင်းအလိုက် စိစစ်တွေ့ရှိချက်အရ မဲရုံ ၇၃ ရုံတွင် မဲလက်မှတ် ၅၅၉၈ စောင် လျော့နည်းပျောက်ဆုံးလျက်ရှိပြီး မဲရုံ ၅၃ ရုံတွင် တရားမဝင်မဲလက်မှတ်ပေါင်း ၄၂၉၁ စောင် အပိုရှိနေခဲ့ကြောင်း တွေ့ရှိရပါသည်။

၉။ မြို့နယ်ကြိုတင်မဲလက်မှတ်အရေအတွက် ၁၀၂၁ သာရှိသော်လည်း ၁၀၂၇ သုံးစွဲထားရှိပြီး မြေပြင်လက်ကျန် ၂၄ စောင် ထပ်မံတွေ့ရှိရသည့်အတွက် တရားမဝင် ဆန္ဒမဲလက်မှတ် ၃၀ ရှိနေခဲ့ကြောင်း တွေ့ရှိရပါသည်။ အလားတူ မြို့နယ်လက်ကျန်မဲအရေအတွက် ၉၂၂၈ ကျန်ရှိရမည်ဖြစ်သော်လည်း မြေပြင်တွင် ၉၃၅၀ တွေ့ရှိရသဖြင့် တရားမဝင်မဲလက်မှတ် ၁၂၂ စောင် အပိုရှိနေခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

၁၀။ မြို့နယ်လက်ကျန်မဲလက်မှတ် မြေပြင်တွေ့ရှိ ၉၃၅၀ စောင်(အုပ်ရေအားဖြင့် ၁၈၇ အုပ်) အနက် မဲလက်မှတ်စာအုပ် နံပါတ်စဉ်မပါ ၉ အုပ် တွေ့ရှိရပြီး ၎င်းတို့အနက် ၁ အုပ်တွင် မဲဆန္ဒရှင် လက်မှတ် (သို့မဟုတ်) လက်ဗွေအမှတ်အသားမပါ အသုံးပြုပြီးဖြတ်ပိုင်း ၄ စောင် ပါရှိနေကြောင်း တွေ့ရှိရပါသည်။

၁၁။ သဲကုန်းမြို့နယ်တစ်ခုလုံးတွင် မူလထုတ်ယူရရှိခဲ့သည့် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် အရေအတွက် ၁၂၇၁၉၉ အနက် ၈၉၅၁၅ အား ဆန္ဒမဲပေးအသုံးပြုထားခဲ့ကြောင်း တွေ့ရှိရပြီး မဲလက်မှတ် ၃၆၅၂၉ ကို အသုံးမပြုဘဲ ကျန်ရှိနေသည့် ဆန္ဒမဲလက်မှတ်များအဖြစ် မြေပြင်တွင် စစ်ဆေးတွေ့ရှိရပါသည်။

၁၂။ သဲကုန်းမြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရရှိ၊ သုံးစွဲ၊ လက်ကျန် မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | မြို့မရပ်ကွက် | ၁၉၅၀ | ၁၄၁၂ | ၅၃၈ | ၅၃၈ | | |
| ၂ | ကန်တော်မင်္ဂလာရပ်ကွက် | ၂၁၀၀ | ၁၆၆၈ | ၄၃၂ | ၄၃၂ | ၂ | ၂ |
| ၃ | ချမ်းမြေ့သာယာရပ်ကွက် | ၄၀၅၀ | ၃၁၂၀ | ၉၃၀ | ၉၃၀ | ၁၄၀ | ၁၄၀ |
| ၄ | သုခဝေဖြာရပ်ကွက် | ၂၈၅၀ | ၂၂၀၈ | ၆၄၂ | ၆၄၂ | ၅၀ | ၅၀ |
| ၅ | ရပ်ကွက် (၁)၊အောင်ရတနာ | ၁၇၅၀ | ၁၁၆၉ | ၅၈၁ | ၄၈၃ | ၂၀၀ | ၁၀၂ |
| ၆ | ရပ်ကွက်(၂)၊ဗဟို | ၁၁၅၀ | ၈၅၁ | ၂၉၉ | ၂၉၉ | ၅၀ | ၅၀ |
| ၇ | ပိတ်ချင်းကုန်းအုပ်စု | ၈၀၀ | ၅၇၈ | ၂၂၂ | ၂၂၂ | | |
| ၈ | ရဲရင့်ကန်ကျေးရွာအုပ်စု | ၆၀၀ | ၄၅၉ | ၁၄၁ | ၁၄၁ | | |
| ၉ | ရွာမကျေးရွာအုပ်စု | ၁၀၅၀ | ၈၆၀ | ၁၉၀ | ၂၄၀ | ၅၀ | ၁၀၀ |
| ၁၀ | လိန်တန်းကျေးရွာအုပ်စု | ၇၅၀ | ၅၄၉ | ၂၀၁ | ၁၅၁ | ၁၀၀ | ၅၀ |
| ၁၁ | သဖန်းချိုကျေးရွာအုပ်စု | ၁၉၅၀ | ၁၄၇၁ | ၄၇၉ | ၄၂၉ | ၅၀ | |
| ၁၂ | ဖြမ္မာ့အင်းကျေးရွာအုပ်စု | ၂၉၅၀ | ၂၀၉၉ | ၈၅၁ | ၈၄၇ | ၁၀၀ | ၉၆ |
| ၁၃ | ဒါးသွေးကျောက်အုပ်စု | ၈၀၀ | ၂၈၇ | ၅၁၃ | ၂၆၃ | ၂၅၀ | |
| ၁၄ | ရှုံးပင်တက်ကျေးရွာအုပ်စု | ၂၅၀၀ | ၁၈၇၉ | ၆၂၁ | ၅၂၁ | ၁၀၀ | |
| ၁၅ | ဇီးကုန်းကျေးရွာအုပ်စု | ၁၁၀၀ | ၈၀၀ | ၃၀၀ | ၂၅၀ | ၅၀ | |
| ၁၆ | သစ်နီတောကျေးရွာအုပ်စု | ၁၇၅၀ | ၁၃၄၉ | ၄၀၁ | ၃၅၀ | ၁၀၁ | ၅၀ |
| ၁၇ | မိုးတိမ်ပြင်ကျေးရွာအုပ်စု | ၁၈၅၀ | ၁၃၆၄ | ၄၈၆ | ၄၈၆ | ၅၀ | ၅၀ |
| ၁၈ | ဆင်ကျုံးကျေးရွာအုပ်စု | ၅၅၀ | ၃၉၉ | ၁၅၁ | ၁၅၁ | | |
| ၁၉ | လင်းလဲကျေးရွာအုပ်စု | ၁၆၅၀ | ၁၃၀၉ | ၃၄၁ | ၃၄၁ | ၄ | ၄ |
| ၂၀ | ညောင်ဝင်းကျေးရွာအုပ်စု | ၂၈၀၀ | ၂၀၈၁ | ၇၁၉ | ၇၁၉ | ၁၀၀ | ၁၀၀ |
| ၂၁ | လောင့်ကြီးကျေးရွာအုပ်စု | ၂၈၅၀ | ၂၂၄၀ | ၆၁၀ | ၆၁၄ | ၂၀၀ | ၂၀၄ |
| ၂၂ | ကန့်လန့်ကုန်းကျေးရွာအုပ်စု | ၂၂၀၀ | ၁၇၁၂ | ၄၈၈ | ၄၈၈ | ၂၃၀ | ၂၃၀ |
| ၂၃ | သပြေလှကျေးရွာအုပ်စု | ၁၈၀၀ | ၁၃၉၄ | ၄၀၆ | ၄၀၆ | ၅၀ | ၅၀ |
| ၂၄ | ဇီးအုပ်ကျေးရွာအုပ်စု | ၁၈၅၀ | ၁၃၂၂ | ၅၂၈ | ၅၂၈ | ၅၀ | ၅၀ |
| ၂၅ | ရင်းတိုက်မှော်ကျေးရွာအုပ်စု | ၄၇၅၀ | ၃၅၄၇ | ၁၂၀၃ | ၁၁၅၃ | ၁၇၀ | ၁၂၀ |
| ၂၆ | ကျူတောကျေးရွာအုပ်စု | ၁၁၀၀ | ၇၇၉ | ၃၂၁ | ၃၂၁ | | |
| ၂၇ | ကြပ်နားကျေးရွာအုပ်စု | ၇၀၀ | ၄၇၇ | ၂၂၃ | ၂၂၃ | | |
| ၂၈ | ကွေ့တက်ကျေးရွာအုပ်စု | ၂၂၀၀ | ၁၆၃၉ | ၅၆၁ | ၅၆၁ | ၄ | ၄ |
| ၂၉ | နွယ်ကောက်ကျေးရွာအုပ်စု | ၂၁၀၀ | ၁၅၄၈ | ၅၅၂ | ၅၀၂ | ၁၀၀ | ၅၀ |
| ၃၀ | ညောင်ကုန်းကျေးရွာအုပ်စု | ၂၈၅၀ | ၂၀၂၅ | ၈၂၅ | ၈၂၅ | ၅၀ | ၅၀ |
| ၃၁ | ထန်းရင်းရပ်ကွက် | ၉၅၀ | ၇၂၈ | ၂၂၂ | ၂၂၂ | ၅၀ | ၅၀ |
| ၃၂ | ပေါက်တောရပ်ကွက် | ၂၀၀၀ | ၁၄၆၁ | ၅၃၉ | ၄၈၉ | ၁၀၀ | ၅၀ |
| ၃၃ | သီရိရတနာရပ်ကွက် | ၁၇၅၀ | ၁၄၀၁ | ၃၄၉ | ၃၄၉ | ၅၀ | ၅၀ |
| ၃၄ | သီရိဝေဖြာရပ်ကွက် | ၁၅၅၀ | ၁၂၄၀ | ၃၁၀ | ၃၁၀ | | |
| ၃၅ | သီရိသုခရပ်ကွက် | ၂၆၅၀ | ၁၉၈၉ | ၆၆၁ | ၆၁၁ | ၁၀၀ | ၅၀ |
| ၃၆ | သီရိမင်္ဂလာရပ်ကွက် | ၁၇၅၀ | ၁၃၇၃ | ၃၇၇ | ၃၇၇ | ၅၀ | ၅၀ |
| ၃၇ | သီရိကန်သာရပ်ကွက် | ၃၅၀၀ | ၁၈၇၅ | ၁၆၂၅ | ၉၂၄ | ၇၀၁ | |
| ၃၈ | ရပ်ကွက်(၃)ခေတ်သစ်ရတနာ | ၂၀၀၀ | ၁၄၇၆ | ၅၂၄ | ၄၉၄ | ၃၀ | |
| ၃၉ | အုတ်ဆွဲကျေးရွာအုပ်စု | ၅၀၀ | ၃၈၇ | ၁၁၃ | ၁၁၃ | ၅၀ | ၅၀ |
| ၄၀ | အုတ်ဖိုကျေးရွာအုပ်စု | ၂၁၅၀ | ၁၆၂၇ | ၅၂၃ | ၄၇၃ | ၅၅၀ | ၅၀၀ |
| ၄၁ | ဇလွဲကျေးရွာအုပ်စု | ၁၅၀၀ | ၁၂၁၅ | ၂၈၅ | ၂၈၄ | ၁ | |
| ၄၂ | လက်ပံလုံးလှကျေးရွာအုပ်စု | ၉၀၀ | ၇၆၂ | ၁၃၈ | ၈၈ | ၁၀၀ | ၅၀ |
| ၄၃ | ကန်နှစ်ဆင့်ကျေးရွာအုပ်စု | ၂၃၅၀ | ၁၇၃၄ | ၆၁၆ | ၆၁၆ | ၁၀၀ | ၁၀၀ |
| ၄၄ | ရွာသစ်ကျေးရွာအုပ်စု | ၁၃၀၀ | ၁၀၂၈ | ၂၇၂ | ၂၇၂ | ၅၀ | ၅၀ |
| ၄၅ | ကရင်ကုန်းကျေးရွာအုပ်စု | ၁၈၀၀ | ၁၂၆၇ | ၅၃၃ | ၃၈၃ | ၁၅၀ | |
| ၄၆ | တောင်ကြို့ကုန်းကျေးရွာအုပ်စု | ၄၅၀ | ၃၀၅ | ၁၄၅ | ၁၄၅ | | |
| ၄၇ | တံခွန်တိုင်ကျေးရွာအုပ်စု | ၂၄၅၀ | ၂၀၂၉ | ၄၂၁ | ၄၂၅ | ၂၅၀ | ၂၅၄ |
| ၄၈ | ၄က်တော်မြီးကျေးရွာအုပ်စု | ၁၂၀၀ | ၉၆၈ | ၂၃၂ | ၂၃၂ | ၁၀၀ | ၁၀၀ |
| ၄၉ | ချောင်းကမ်းကြီးကျေးရွာအုပ်စု | ၁၁၀၀ | ၉၈၂ | ၁၁၈ | ၂၆၈ | | ၁၅၀ |
| ၅၀ | ကျေးသားကျေးရွာအုပ်စု | ၃၀၀၀ | ၂၅၂၃ | ၄၇၇ | ၄၆၉ | ၁၂၀ | ၁၁၂ |
| ၅၁ | တပင်မှော်ကျေးရွာအုပ်စု | ၂၀၀၀ | ၁၅၂၂ | ၄၇၈ | ၄၇၈ | | |
| ၅၂ | အင်းပေါ်ငယ်ကျေးရွာအုပ်စု | ၁၆၅၀ | ၁၂၇၆ | ၃၇၄ | ၃၇၄ | ၅၀ | ၅၀ |
| ၅၃ | ဆောက်ချုံကြီးကျေးရွာအုပ်စု | ၅၅၀ | ၃၆၀ | ၁၉၀ | ၁၉၀ | | |
| ၅၄ | ကြို့ပင်သာကျေးရွာအုပ်စု | ၅၈၅၀ | ၄၈၇၆ | ၉၇၄ | ၉၂၄ | ၅၀ | |
| ၅၅ | ကွဲခေါင်းကျေးရွာအုပ်စု | ၂၀၀၀ | ၁၄၇၉ | ၅၂၁ | ၅၂၅ | ၉၆ | ၁၀၀ |
| ၅၆ | ချားလျားကုန်းကျေးရွာအုပ်စု | ၁၉၀၀ | ၁၄၈၉ | ၄၁၁ | ၄၁၁ | ၁၀၀ | ၁၀၀ |
| ၅၇ | ရပ်သာကျေးရွာအုပ်စု | ၈၅၀ | ၆၈၂ | ၁၆၈ | ၁၆၈ | | |
| ၅၈ | ငွေးကုန်းကျေးရွာအုပ်စု | ၂၉၅၀ | ၂၂၇၀ | ၆၈၀ | ၆၈၁ | ၁၄၉ | ၁၅၀ |
| ၅၉ | မင်းလှကျေးရွာ | ၁၁၀၀ | ၈၃၀ | ၂၇၀ | ၂၆၆ | ၅၀ | ၄၆ |
| ၆၀ | ဘွတ္တောကျေးရွာအုပ်စု | ၈၅၀ | ၉၄၈ | -၉၈ | ၃၀၂ | | ၄၀၀ |
| ၆၁ | ကြို့ကုန်းကျေးရွာအုပ်စု | ၂၄၀၀ | ၁၈၃၅ | ၅၆၅ | ၅၇၁ | ၂၀၀ | ၂၀၆ |
| ၆၂ | ရွာသာယာကျေးရွာအုပ်စု | ၁၁၅၀ | ၈၃၃ | ၃၁၇ | ၃၁၇ | | |
| ၆၃ | ကြို့ရပ်သာကျေးရွာအုပ်စု | ၁၅၀၀ | ၁၁၂၃ | ၃၇၇ | ၃၄၈ | ၁၀၀ | ၇၁ |
| စုစုပေါင်း | | ၁၁၆၉၅၀ | ၈၈၄၈၈ | ၂၈၄၆၂ | ၂၇၁၅၅ | ၅၅၉၈ | ၄၂၉၁ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**ကမ္ဘာ့အပူချိန်လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့**

# လှိုင်သာယာနှင့် ရွှေပြည်သာမြို့နယ်များရှိ စည်ပင်သာယာရေးလုပ်ငန်းများ ရန်ကုန်မြို့တော်ဝန် ကွင်းဆင်းစစ်ဆေး

ရန်ကုန် မတ် ၂၆

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက လှိုင်သာယာနှင့် ရွှေပြည်သာမြို့နယ်များရှိ ရန်ကုန်မြို့ပြဖွံ့ဖြိုးရေး ဆောင်ရွက်နေသည့် စည်ပင်သာယာရုံးဌာနများသို့ ကွင်းဆင်းသွားရောက်၍ လုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေး မှာကြားသည်။

မြို့တော်ဝန်နှင့်အဖွဲ့သည် နံနက် ၉ နာရီတွင် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်ရှိ အင်ဂျင်နီယာဌာန (လမ်းနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းများစီမံခန့်ခွဲရေး) မြောက်ပိုင်းခရိုင်ရုံးဝန်ထမ်းများနှင့် တွေ့ဆုံ၍ ယခုအခါလမ်းသွယ်၊ လမ်းမများတွင် ပိတ်ဆို့ထားသည့် အတားအဆီးများကို ရှင်းလင်းပြီးသော်လည်း ကျန်ရှိအမှိုက်များကို အပြီးသတ်ရှင်းလင်းရန်၊ မိမိရုံးဝင်းများအတွင်း ရေလှောင်ကန် Retention Pond များတူးထားခြင်းဖြင့် ပတ်ဝန်းကျင်စိမ်းစို၍ လူကို စိတ်ကြည်လင်စေပြီး မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် အရန်ရေ စုဆောင်းနိုင်သည့်အပြင် မြေအောက်ရေ ထိန်းသိမ်းနိုင်ခြင်းကြောင့် ရေလှောင်ကန်များ တူးရန်၊ ယခုနှစ်အတွင်း လျာထားချက်နှင့်အညီ ဆောင်ရွက်ရန်ကျန်သည့် လုပ်ငန်းများ အမြန်ပြီးစီးစေရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် မှာကြားခဲ့ပြီး ရုံးဝင်းအတွင်းရှိ ကွန်ကရစ် ဖျော်စပ်စက်ရုံ Batching Plant များ ကြံ့ခိုင်မှုရှိအောင်ဆောင်ရွက်ထားမှု၊ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်နေမှု၊ ရေကန်တူးရန် လျာထားမြေနေရာများအား လိုက်လံစစ်ဆေးသည်။



ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် နံနက် ၁၀ နာရီတွင် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးသို့ သွားရောက်၍ လှိုင်သာယာ(အရှေ့ပိုင်း)နှင့် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်များမှ အရာထမ်း၊ အမှုထမ်းများကို တွေ့ဆုံ၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

မြို့တော်ဝန်နှင့်အဖွဲ့သည် နံနက် ၁၁ နာရီတွင် ရွှေပြည်သာမြို့နယ်ရှိ အင်ဂျင်နီယာဌာန (လမ်းနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းများ စီမံခန့်ခွဲရေး) မြောက်ပိုင်းခရိုင်ရုံးခွဲသို့ ရောက်ရှိပြီး ကွန်ကရစ်ဖျော်စပ်စက်ရုံနှင့် ကတ္တရာကွန်ကရစ် ဖျော်စက်များ ကြံ့ခိုင်မှုရှိအောင် ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် နံနက် ၁၁ နာရီခွဲတွင် ရွှေပြည်သာမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးသို့ သွားရောက်၍ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များအတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ရုံးဝင်းအတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားမှုများ၊ ရေကန်တူးဖော်ထားမှုများကို စစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မတ် ၂၆ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၉ ဦး တွေ့ရှိ

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
**(၂၆-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၂၅-၃-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၆-၃-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁,၀၅၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၁၉)ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၅၃၁,၄၇၄) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၃၅၉)ဦးရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၅) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၇၈၆) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ COVID-19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁)ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၃,၂၀၆) ဦး ရှိပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် “ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်” နှင့် “တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်” အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၀၇၇၅၇၉၀ | ၂၃၁၉၆၂၁၇ | ၅၅၉၇၄၇ |
| ၂။ | ဘရာဇီး | ၁၂၃၂၄၇၆၅ | ၁၀၇၇၂၅၄၉ | ၃၀၃၇၂၆ |
| ၃။ | အိန္ဒိယ | ၁၁၈၄၆၆၅၂ | ၁၁၂၆၄၆၃၇ | ၁၆၀၉၈၃ |
| ၄။ | ရုရှား | ၄၅၀၁၈၅၉ | ၄၁၂၀၁၆၁ | ၉၇၀၁၇ |
| ၅။ | ပြင်သစ် | ၄၄၂၄၀၈၇ | ၂၈၆၆၀၇ | ၉၃၃၇၈ |
| ၆။ | ဗြိတိန် | ၄၃၁၉၁၂၈ | ၃၇၄၈၀၄၂ | ၁၂၆၄၄၅ |
| ၇။ | အီတလီ | ၃၄၆၄၅၄၃ | ၂၇၉၄၈၈၈ | ၁၀၆၇၉၉ |
| ၈။ | စပိန် | ၃၂၄၇၇၃၈ | ၃၀၀၇၆၂၃ | ၇၄၄၂၀ |
| ၉။ | တူရကီ | ၃၁၂၀၀၁၃ | ၂၉၀၀၈၂၉ | ၃၀၆၁၉ |
| ၁၀။ | ဂျာမနီ | ၂၇၃၂၁၃၀ | ၂၄၆၇၆၀၀ | ၇၆၁၁၆ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၄၈၇၅၄၁ | ၁၃၂၂၈၇၈ | ၄၀၁၆၆ |
| ၂။ | ဖိလစ်ပိုင် | ၇၀၂၈၅၆ | ၅၈၀၆၈၉ | ၁၃၁၄၉ |
| ၃။ | မလေးရှား | ၃၃၉၄၄၃ | ၃၂၃၉၂၅ | ၁၂၄၉ |
| ၄။ | မြန်မာ | ၁၄၂၃၅၉ | ၁၃၁၇၈၆ | ၃၂၀၆ |
| ၅။ | စင်ကာပူ | ၆၀၂၆၅ | ၆၀၀၈၆ | ၃၀ |
| ၆။ | ထိုင်း | ၂၈၅၇၇ | ၂၇၀၃၂ | ၉၂ |
| ၇။ | ဗီယက်နမ် | ၂၅၈၆ | ၂၂၆၅ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၁၉၆၈ | ၁၀၇၄ | ၈ |
| ၉။ | ဘရူနိုင်း | ၂၀၆ | ၁၈၈ | ၃ |
| ၁၀။ | လာအို | ၄၉ | ၄၅ | ၀ |

**နောက်စေ့နဲ့ နောက်ကျောကို ဖောက်မယ့်အန္တရာယ်ရှိနေတယ်ဆိုတာ ရှေ့က မရှုမလှ သေခဲ့ရတာ သင်ခန်းစာယူစေလိုပါတယ်။**
**နားမယောင်လေနဲ့ သားတို့ သမီးတို့။ မိဘများက နားဝင်အောင် ကြိုတင်တားဆီးပါ။ အချည်းနှီး မသေပါစေနဲ့။**

# ရွှေညောင်မြို့ ကုန်တင်ယာဉ်ကြီးများရပ်နားစခန်းတည်ဆောက်မည့်စီမံကိန်း ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ကွင်းဆင်းကြည့်ရှု



**တောင်ကြီး မတ် ၂၆**

ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းနှင့် တာဝန်ရှိသူများသည် မတ် ၂၅ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့နယ်နှင့် ရွှေညောင်မြို့နယ်တွင် ကုန်တင်ယာဉ်ရပ်နားစခန်း တည်ဆောက်မည့်စီမံကိန်းနှင့် အေးသာယာမြို့ အဆင့်မြင့်ဆေးရုံတည်ဆောက်မည့်စီမံကိန်းတို့ကို ကွင်းဆင်းကြည့်ရှုရာ ရှမ်းပြည်နယ်စည်ပင်သာယာရေး ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်းနှင့် ဂျေယူနိုက်တက်ကုမ္ပဏီ၊ ခနုမင်းသားကုမ္ပဏီမှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့သည်။

ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ရှမ်းရိုးမ မွေးမြူရေးဇုန် ရှင်းလင်းဆောင်သို့ရောက်ရှိလာရာ ညောင်ရွှေမြို့နယ် မွေးမြူရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာ အောင်မင်းထွန်းက မွေးမြူရေးဇုန်ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် အေးသာယာစက်မှုဇုန် ရှင်းလင်းဆောင်သို့သွားရောက်ရာ စက်မှုဇုန် ကော်မတီဥက္ကဋ္ဌ ဦးဝင်းသော်က အေးသာယာစက်မှုဇုန်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အေးသာယာစက်မှုဇုန်နှင့်ပတ်သက်၍ ဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို အမြန်ဆုံးတင်ပြရန်နှင့် မိမိတို့ဘက်မှ လိုအပ်သည်များကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အေးသာယာစက်မှုဇုန်ရှိ ပြောင်းသီးနှံအခြောက်ခံစက်ရုံအား လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်း၍ ပတ္တမြားနဂါးသံမဏိစက်ရုံ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တစ်အိမ်သုံးဆိုလာစနစ်နှင့်ပတ်သက်၍ ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်မောင်ဝင်းက ရှင်းလင်းတင်ပြပြီး တောင်ကြီးမြို့ မြို့ရှောင်လမ်း ရှင်းလင်းဆောင်၌ ရွှေညောင်-ထီရိုး (မွေးမြူရေးဇုန်)-လင်ကွင်း-ညိုမီး-လေးမိုင်ကွေ့လမ်း (မြို့ရှောင်လမ်း) တည်ဆောက်ခြင်း စီမံကိန်းနှင့် ပတ်သက်၍ ပြည်နယ်လမ်းဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**

# မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းစည်းဝေး

**မကွေး မတ် ၂၆**

မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို မတ် ၂၅ ရက် ညနေ ၃ နာရီက တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်က ဌာနဆိုင်ရာများအနေဖြင့် ဌာနလုပ်ငန်းတာဝန်များကို ရာနှုန်းပြည့် ပြန်လည်ဆောင်ရွက်နိုင်ရန် ပူးပေါင်းကြိုးစားဆောင်ရွက်ပေးစေလိုကြောင်း၊ မိမိအုပ်ချုပ်မှုအောက်ရှိ ဝန်ထမ်းများ လမ်းမှားမရောက်စေရန်နှင့် လမ်းမှန်ကို ညွှန်ပြပေးစေလိုကြောင်း၊ မိမိတို့ဌာနအလိုက် ဝန်ထမ်းများ လုပ်ငန်းခွင်သို့ပြန်လည်ဝင်ရောက်ရေး၊ CDM လှုပ်ရှားမှုတွင် ပါဝင်မှုမရှိစေရန် ထိန်းသိမ်းဆောင်ရွက်ပေးစေလိုကြောင်း၊ တိုင်းဒေသကြီးအတွင်း တည်ငြိမ်အေးချမ်းမှုရှိစေရန် ဌာနဆိုင်ရာများက ဝိုင်းဝန်းပူးပေါင်း ကူညီဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်(၁) ဗိုလ်မှူးကြီးမင်းဦးနှင့် အဖွဲ့ဝင်များက မိမိတို့တာဝန်ယူဆောင်ရွက်သည့် လုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသည့် ဌာနဆိုင်ရာများက လုပ်ငန်းများဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြဆွေးနွေးကာ တင်ပြဆွေးနွေးမှုများအပေါ် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**





# ဧရာဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နွေစပါးစံကွက်ရိတ်သိမ်းပွဲ ကြည့်ရှုအားပေး

**ကျောင်းကုန်း မတ် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ကံကလေးအုပ်စု လေ့ဒါးချောင်ကျေးရွာ ကွင်းအမှတ် (၄၂၅-ဘီ)၊ ဦးပိုင်အမှတ်(၄၃/၄) တောင်သူဦးမြင့်အောင်၏ နွေစပါးစံကွက်ရိတ်သိမ်းပွဲ အခမ်းအနားကို မတ်၂၅ ရက် ညနေ ၃ နာရီက ပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးရဲမြင့်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြသည်။

ဧရာဝတီတိုင်းဒေသကြီးသည် လယ်ယာကဏ္ဍကို အခြေခံသော တိုင်းဒေသကြီးဖြစ်သည်နှင့်အညီ လယ်ယာကဏ္ဍ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ကြောင်း၊ မိမိတာဝန်စတင်ထမ်းဆောင်ချိန်မှစပြီး လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝင်ငွေတိုးတက်ရေးအတွက် သီးနှံများ ဈေးကောင်းရရှိရန် လိုအပ်ပါကြောင်း၊ အရည်အသွေးကောင်းသီးနှံများ ထုတ်လုပ်မှသာလျှင် ဈေးကွက်ရရှိနိုင်မည်ဖြစ်ကြောင်း၊ မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် တောင်သူများအနေဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

၂၀၂၀ ပြည့်နှစ် မိုးစပါးရာသီတွင် ကိုဗစ်-၁၉ ကုစားမှုအစီအစဉ်အရ နိုင်ငံတော်မှ ထောက်ပံ့ပေးခဲ့သော မိုးစပါး (RS-CS) ၁၄၀၇၅ ဧကစိုက်ပျိုးခဲ့ရာ ပျမ်းမျှအထွက်နှုန်း ၇၆ ဒသမ ၅၄ တင်းထွက်ရှိခဲ့ကြောင်း၊ ထွက်ရှိလာသောမျိုးများကို မြို့နယ်အလိုက် စနစ်တကျ ထိန်းသိမ်းထားရှိပြီး ဖြစ်ပါကြောင်း၊ ၂၀၂၁ ခုနှစ် နွေစပါးရာသီတွင်လည်း (RS-CS) ၁၁၅၅ ဧကစိုက်ပျိုးထားရှိခဲ့ပြီး ယခုအခါ ဧက ၁၄၀ ခန့် ရိတ်သိမ်းပြီး ပျမ်းမျှအထွက်နှုန်း ၉၃ ဒသမ ၁၀ တင်း ထွက်ရှိကြောင်း၊ မျိုးသန့်မျိုးစေ့ထုတ်စိုက်ခင်း၏ အထွက်နှုန်းမှာ တစ်ဧကလျှင် အစို ၁၃၆ တင်း ထွက်ရှိကြောင်း သိရသည်။

**ဝင်းကြိုင် (ပြန်/ဆက်)**

## ဥတ္တရခရိုင်တွင် ရှေးဦးပြုစုခြင်း (နည်းပြ) သင်တန်း (၁/၂၀၂၁) ဖွင့်လှစ်

**နေပြည်တော် မတ် ၂၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ကြီးမှူး၏ ရှေးဦးပြုစုခြင်း (နည်းပြ) သင်တန်းကို မတ် ၂၅ ရက် နံနက် ၈ နာရီက ဥတ္တရခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံး၌ သင်တန်းဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းတွင် လူနာဆန်းစစ်ခြင်းနှင့် လူနာရွှေးချယ်ခြင်းဘာသာရပ်၊ အန္တရာယ်ကင်းစွာသွားရောက်လုပ်ကိုင်ခြင်းလုပ်ငန်းစဉ်များ၊ ဒဏ်ရာ၊ သွေးယိုစီးခြင်းနှင့် သွေးယိုထွက်မှုကိုထိန်းချုပ်ခြင်း၊ ပတ်တီးစည်းကုသခြင်းများ၊ သွေးဆုတ်သွေးလန့်ခြင်း၊ အပူလောင်ခြင်းနှင့် အရည်ပူလောင်ခြင်းများ ရှေးဦးပြုစုခြင်းများ၊ အရိုးကျိုးခြင်း၊ RICE လုပ်ငန်းစဉ်နှင့် ကျပ်စည်းခြင်းလုပ်ငန်းစဉ်များ၊ အခြေခံအသက်ကယ်အထောက်အကူပြုနည်းနှင့် စို့နင့်ခြင်းကုသနည်းများ၊ အထွေထွေအခြေအနေများကို ရှေးဦးပြုစုခြင်း၊ စိတ်ပိုင်းဆိုင်ရာ ရှေးဦးပြုစုခြင်း၊ အသင်းအဖွဲ့ စိတ်ဓာတ်တည်ဆောက်ခြင်း စသည့်ဘာသာရပ်များကို သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းကာလမှာ မတ် ၂၅ ရက်မှ ဧပြီ ၃ ရက်အထိဖြစ်ပြီး ဥတ္တရခရိုင်အတွင်းရှိ မြို့နယ်များမှ သင်တန်းသား၊ သင်တန်းသူ ၂၃ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**ကျော်စွာဟိန်း (ပြန်/ဆက်)**

# ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲနဲ့ ထောက်ခံနေတာ ဒါဆိုရင် ပါတီနိုင်ငံရေးဖြစ်သွားပြီ။ နိုင်ငံ့ဝန်ထမ်းက ပါတီနိုင်ငံရေး မလုပ်ရဘူး။ အမျိုးသားနိုင်ငံရေးတော့ လုပ်ရမယ်၊ နိုင်ငံ့ဝန်ထမ်းရဲ့ သဘောသဘာဝကို နားလည်ရမယ်။ နိုင်ငံတော်အတွက် လုပ်နေတာပါ

**လတ်တလောဖြစ်ပွားနေသည့် Civil Disobedience Movement (CDM) လှုပ်ရှားမှုနှင့် အကြမ်းဖက်ဆန္ဒပြမှုများအပေါ် တာဝန်သိ နိုင်ငံ့ဝန်ထမ်း ပြည်သူတစ်ဦးဖြစ်သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဇော်မျိုးဝင်းအား ၎င်း၏ အမြင်နှင့် ခံစားချက်များကို မေးမြန်းပြီး ဖော်ပြလိုက်ပါသည် –**

ကောင်းကင်

(ယမန်နေ့မှ အဆက်)

ဒါဆို ကျွန်တော်လည်း ဆန္ဒပြမယ်။ သူတို့ တောင်းဆိုတဲ့အချက်ကိုပဲ ကြည့်လေ။ ဒေါ်အောင်ဆန်းစုကြည် လွှတ်ပေးရေး။ ဦးဝင်းမြင့် လွှတ်ပေးရေး။ ဟိုရွေးကောက်ပွဲရလဒ်တွေ။ ဒါတွေကို ကျွန်တော် လက်မခံနိုင်ပါဘူး။ တောင်းဆိုချက်က တိုင်းပြည်ကောင်းစားဖို့ ဘာတစ်ခုမှ မရှိဘူး။ လွှတ်ပေးပြီး သူတို့အစိုးရ ဖြစ်လာပြီးသွားပြီ။ ငါးနှစ်လုံးတစ်စစီ အကုန်လုံး ဖြစ်သွားပြီ။

ကျွန်တော်တို့ နိုင်ငံ့ဝန်ထမ်းတွေ CDM မှာ ပါဝင်တာ ကိုယ့်ရဲ့ဝန်ထမ်းဘဝကိုလည်း ကိုယ်က ပြန်ပြီးမသုံးသပ်ဘူး။ မလေ့လာဘူး။ မလေ့လာဘဲနဲ့ ကိုယ်က ဒါကို ဝင်ပါတယ်ဆိုတော့ ပေးဆပ်မှုတွေဟာ အံ့သြတယ်လို့ ကျွန်တော်ပြောချင်တယ်။ ဖြစ်သင့်သလား၊ မဖြစ်သင့်သလားဆိုတာ စဉ်းစားကြည့်ပြီးသွားပြီဆိုရင် မိမိရဲ့ သက်ဆိုင်ရာ လုပ်ငန်းခွင်ကို ဝင်ပေးကြပါလို့ပဲ ကျွန်တော် မေတ္တာရပ်ခံချင်ပါတယ်။ နိုင်ငံရေးသိပ္ပံဘာသာရပ်မှာ ပြောထားတဲ့ နိုင်ငံရေးရဲ့ သဘောသဘာဝ၊ ဒီမိုကရေစီရဲ့ အဓိပ္ပာယ်၊ လူ့အခွင့်အရေးရဲ့ အဓိပ္ပာယ်တွေကို နားလည်သွားပြီဆိုရင်တော့ နိုင်ငံ့ဝန်ထမ်းတွေ ကိုယ့်ရဲ့ လုပ်ငန်းခွင်ကို ပြန်ဝင်ကြပါလို့ ကျွန်တော် ပြောချင်ပါတယ်။

နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ထဲမှာ နိုင်ငံ့ဝန်ထမ်းသည် ပါတီနိုင်ငံရေးကင်းရှင်းရေးနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို ရှောင်ကြဉ်ရမည်တဲ့၊ ပါတီနိုင်ငံရေးပြုလုပ်ခြင်း၊ ပါတီနိုင်ငံရေးလှုပ်ရှားမှုတွင် ငွေကြေးအကူအညီပေးခြင်း၊ အခြားနည်းနှင့် ထောက်ပံ့ခြင်း၊ ပါတီနိုင်ငံရေး အဖွဲ့အစည်းတွင် ပါဝင်ခြင်းတို့ ဖြစ်ပါတယ်။ အဓိပ္ပာယ်က ရှင်းရှင်းလေးပါ။ ပါတီနိုင်ငံရေးကို မပတ်သက်နဲ့ ရတယ်။ အခုဒီမှာ ကျွန်တော်လာပြောတယ်။

ဒါပါတီနိုင်ငံရေး။ **ကျွန်တော်ပြောတာက ကျွန်တော့်မှာ ပါတီစွဲနဲ့ ပြောနေတာမဟုတ်ဘူး၊ ပုဂ္ဂိုလ်စွဲနဲ့ ကျွန်တော်ပြောနေတာမဟုတ်ဘူး။ ဒါအမျိုးသားနိုင်ငံရေးနဲ့ ပြောနေတာ။ တပ်မတော်သားတွေက အမျိုးသားနိုင်ငံရေး လုပ်နေတာပါ။ အမျိုးသားနိုင်ငံရေးသမားဆိုတာ တပ်မတော်ကလည်း နိုင်ငံရေးသမား။ ကျွန်တော်တို့လို ဝန်ထမ်းတွေကလည်း နိုင်ငံရေးသမား။ ရဟန်းသံဃာတွေလည်း နိုင်ငံရေးသမား။ ဈေးရောင်းတဲ့ ဈေးသည်တွေလည်း နိုင်ငံရေးသမား။ ယုတ်စွအဆုံး နိုင်ငံတကာမှာ ရှိတဲ့ တောင်းရမ်းစားသောက်နေတဲ့သူတွေတောင် ဒါနိုင်ငံရဲ့ပြယုဂ်ပဲ။ လူ့အဖွဲ့အစည်းထဲမှာ ပါပြီးသွားပြီ။ ဒါလည်း နိုင်ငံရေးသမားပဲ။ နိုင်ငံတော်မှာ မှီတင်းနေထိုင်တဲ့သူတွေက အကုန်လုံးနိုင်ငံရေးနဲ့ သက်ဆိုင်တယ်။ နိုင်ငံ့ဝန်ထမ်းတွေကလည်း နိုင်ငံတော်အတွက်ကို အလုပ်လုပ်နေကြတယ်။ သူဦးတည်တာက နိုင်ငံတော်ကောင်းစားရေး၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတော်အတွင်းမှာရှိတဲ့ ရဟန်းရှင်လူပြည်သူတွေကို ဝန်ဆောင်မှုပေးရမယ်။**

ဒါပါတီနိုင်ငံရေးမဟုတ်ဘူး။ နိုင်ငံ့ဝန်ထမ်းကို သတ်မှတ်ထားတာက ပါတီနိုင်ငံရေး ကင်းရှင်းရမယ်လို့ သတ်မှတ်ထားတာ။ ဒီပါတီနဲ့ ပတ်သက်တာတွေမလုပ်နဲ့။ ပြောချင်လား ပြောချင်ရင်ရတယ်။ အမျိုးသားနိုင်ငံရေးလုပ်။ တကယ်လည်း နိုင်ငံ့ဝန်ထမ်းတွေက အမျိုးသားနိုင်ငံရေးနဲ့ သက်ဆိုင်နေတာ။ လုပ်စရာရှိတာ လုပ်မယ်။ ပြောစရာရှိတာ ပြောမယ်။ ဒီလူ့ကို ထောက်ခံတယ်။ ထောက်ခံတာ မဟုတ်ပါဘူး၊ ရပ်တည်ပေးနေတာပါ။ ရပ်တည်သင့်လို့ ရပ်တည်တာ။ ထောက်ခံနေတာနဲ့ မတူဘူး။ သူတို့ကျတော့ အခုထောက်ခံနေတာပါ။

ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲနဲ့ ထောက်ခံနေတာ ဒါဆိုရင် ပါတီနိုင်ငံရေးဖြစ်သွားပြီ။ နိုင်ငံ့ဝန်ထမ်းက ပါတီနိုင်ငံရေး မလုပ်ရဘူး။ အမျိုးသားနိုင်ငံရေးတော့ လုပ်ရမယ်၊ နိုင်ငံ့ဝန်ထမ်းရဲ့ သဘောသဘာဝကို နားလည်ရမယ်။ နိုင်ငံတော်အတွက် လုပ်နေတာပါ။ တပ်ချုပ်ကို ကိုယ်စားမပြုပါဘူး။ ကျွန်တော်တို့က နိုင်ငံတော်ကို ကိုယ်စားပြုတဲ့ နိုင်ငံ့ဝန်ထမ်းတွေပါ။

ပါတီနိုင်ငံရေးက အဲဒီလိုမဟုတ်ပါဘူး။ ပါတီဥက္ကဋ္ဌကို ကိုယ်စားပြုတယ်။ ပါတီဥက္ကဋ္ဌရဲ့ကိုယ်ကျိုး၊ ပါတီရဲ့ ကိုယ်ကျိုး အဲဒါတွေကို ကိုယ်စားပြုပြီးတော့မှ ပါတီနိုင်ငံရေးဆိုတာ လုပ်တာပါ။ လွဲမှားနေတယ်။ နိုင်ငံ့ဝန်ထမ်းတွေ ပါတီနိုင်ငံရေး လုပ်လို့ရလား၊ မရလားဆိုတာ ဒီလိုရှိတယ်။ နိုင်ငံ့ဝန်ထမ်းတွေက နိုင်ငံတော်အတွက်ပဲ အလုပ်လုပ်ရမယ်။ နိုင်ငံတော်ကို ကိုယ်စားပြုရမယ်။ ပါတီကို ကိုယ်စားမပြုဘူး။ အဲဒါ ပါတီနိုင်ငံရေးကင်းရှင်းရမယ်လို့ ဒါလေး သဘောသဘာဝကို နားလည်ဖို့ ပြောပြတာပါ။



**မေး။** ။ဆရာ့အနေနဲ့ ဖြည့်စွက်ပြောကြားချင်တာရှိရင် ပြောပြပေးပါဦး။

**ဖြေ။** ။ကျွန်တော်က ပြည်သူတစ်ယောက်အနေနဲ့ ကျွန်တော်က တပ်မတော်သားလည်း မဟုတ်ပါဘူး။ မိဘတွေ၊ ညီအစ်ကို မောင်နှမတွေထဲမှာလည်း တပ်မတော်သားတစ်ယောက်မှ မပါဘူး။ ဒါက ပြည်သူတစ်ယောက်အနေနဲ့ ရင်ဖွင့်တာပါ။ ပြည်သူတွေအနေနဲ့ မြဝတီတို့၊ MRTV တို့ကို ကြည့်ပါ။ ရွေးကောက်ပွဲ မဲမသမာမှုတွေကို ချပြနေပါတယ်။ ဖော်ထုတ်နေပါတယ်။ နောက်ဆက်တွဲတွေလည်း ထပ်လာဖို့တွေ အများကြီးရှိနေသေးတယ်လို့ ကျွန်တော်ထင်ပါတယ်။ အခုဆန္ဒပြပွဲတွေက လုပ်သင့်သလား၊ မလုပ်သင့်ဘူးလား စဉ်းစားပါ။

**ပြည်သူတွေထဲမှာ ဒလန်ဆိုပြီး တက်တူးတွေထိုးတယ်။ ကတုံးတွေရိတ်တယ်။ ကိုယ့်ရဲ့ ရပ်ကွက်ထဲမှာ ဖြစ်နေတာတွေကို တားဆီးပေးပါ။ အခုဆိုရင် သတ်တာတွေလည်း ဖြစ်နေပါပြီ။ လူစုလူဝေးဖြစ်ရင်တော့ ဒါတွေက ဖြစ်နေမှာပဲ။ ဒါကြောင့် မိမိတို့ ရပ်ကွက်၊ လမ်းထဲမှာ လူစုလူဝေး လုပ်ရင်တော့ ကိုယ့်လမ်းထဲကလူတွေပဲလား၊ လူစိမ်းပါသလား ကြည့်ပါ။ ဦးစွာလိုက်ရှာပါ။ ကိုယ့်လမ်းထဲက လူတွေဆိုရင်တော့ ကိုယ့်အချင်းချင်း ပြန်ထိန်းပါ။ မသမာတဲ့သူတွေက ဝင်ရောကောင်း ရောနိုင်တယ်။ သူစိမ်းဆိုရင်လည်း ကိုယ့်လမ်းထဲက မောင်းထုတ်လိုက်ပါ။ ကိုယ့်ကိုယ်ကိုယ် ကာကွယ်တာပါ။**

နောက်ဆန္ဒပြတဲ့သူတွေ အများဆုံးပြောနေတာက အနာဂတ်နောင်ရေးဆိုပြီး ပြောနေကြတာပါ။ အနာဂတ်ဆိုတာ နောက်မှပါ။ အခုလောလောဆယ် ထမင်းစားဖို့ အရင်ပြင်ဆင်ပါ။ အခုဆိုရင် လုပ်ငန်းရှင်တွေ သူတို့အလုပ်သမားတွေကို လစာပေးဖို့အဆင်မပြေဘူး။ သူတို့ဘဏ်မှာ ATM စက်တစ်လုံးမှာ အယောက် ၅၀ ပါ။ သူတို့တန်းစီနေကြတယ်။ အကုန်လုံးက ဒုက္ခရောက် နေကြပါပြီ။ စီးပွားရေးတွေလည်း ဒုက္ခရောက်နေ တယ်။ စက်ရုံတွေမီးရှို့တယ်။ ဘယ်သူ ဒုက္ခရောက်မလဲ။ **ကျွန်တော်တို့ ပြည်သူတွေပဲ ဒုက္ခရောက်မယ်။ စက်ရုံပိုင်ရှင်တွေက သူတို့ရဲ့ ပိုင်ဆိုင်မှုတွေကို အာမခံကုမ္ပဏီတွေမှာ အာမခံ တင်ထားတယ်။ ပျက်စီးဆုံးရှုံးမှုတွေကို အာမခံ ကုမ္ပဏီက ပြန်လျော်ပေးရမယ်။ စက်ရုံပြန်လည် လည်ပတ်ဖို့အတွက် အချိန်တွေ အများကြီးကုန်မယ်။ အဲဒီအချိန်မှာ အလုပ်သမားတွေ အလုပ်လက်မဲ့ဖြစ်မယ်။ ဘယ်သူတွေ ဒုက္ခရောက်မလဲ ကျွန်တော်တို့ ပြည်သူတွေပဲ ဒုက္ခရောက်မယ်။**

ဒါကြောင့် စက်ရုံမီးရှို့တယ်ဆိုရင် ရှို့တဲ့သူကို အတိအကျ ဖော်ထုတ်ပါ။ ရှို့တာကို လက်မခံပါနဲ့။ ကိုယ်တိုင်လည်း မပူးပေါင်းပါနဲ့။ အဲဒီလူကိုလည်း အမိအရဖမ်းပါ။ အဲဒီလူဟာ အဖျက်သမား။ တိုင်းပြည်ကို ဒီမိုကရေစီရအောင် မိတ်ဆွေတို့ရှေ့က ဦးဆောင်နေတဲ့သူတွေ မဟုတ်ပါဘူး။ တိုင်းပြည်ကို ကောင်းအောင်လုပ်မယ့်သူတွေ မဟုတ်ပါဘူး၊ ဖျက်ဆီးမယ့်သူတွေ ဖြစ်တယ်။ အဲဒီအတွက် ဆန္ဒပြနေတဲ့ ဂျန်နရေးရှင်းဇက်တွေ၊ ပြည်သူတွေ၊ ညီအစ်ကိုမောင်နှမတွေ ကိုယ်လုပ်နေတဲ့ လုပ်ရပ်က မှန်ကန်သလား စဉ်းစားပါ။

ကျွန်တော်တို့ ပြည်သူတွေ၊ ဝန်ထမ်းတွေ အေးအေးချမ်းချမ်းနေချင်ပါတယ်။ ဒီဆန္ဒပြပွဲတွေ အမြန်ဆုံးရပ်သိမ်းသွားမှသာလျှင် စားဝတ်နေရေးတွေ ပြန်ပြီးအဆင်ပြေလာမှာပါ။ ကိုဗစ်–၁၉ကြောင့် ကျွန်တော်တို့ ဒုက္ခတွေလည်း ရောက်ပြီးသွားပြီ။ ဒီကြားထဲမှာ ဆန္ဒပြပွဲတွေကြောင့် စီးပွားတွေ ပျက်စီးရမယ်ဆိုရင် လုံးဝဖြစ်မှာမဟုတ်ပါဘူး။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ကတိပေးထားပါတယ်။ တစ်နှစ်ဆိုတာ ခဏလေးပါ။ ခဏလေး သည်းခံစောင့်ကြည့်ပေးပါ။ ငါးနှစ်လုံးလုံး ဒေါ်အောင်ဆန်းစုကြည် အုပ်ချုပ်ခဲ့တာတောင် သည်းခံခဲ့တယ်ဗျာ။

**ကျွန်တော့် မိတ်ဆွေတွေ ထောက်ခံတယ်။ ကျွန်တော် မထောက်ခံဘူး။ ကျွန်တော် မထောက်ခံဘဲ ဆန္ဒထွက်ပြသလား။ မပြခဲ့ဘူး။ ကျွန်တော် နိုင်ငံ့ဝန်ထမ်းဥပဒေအရ ကျွန်တော် သည်းခံပြီးတော့ပဲ နေခဲ့တယ်။ နိုင်ငံ့ဝန်ထမ်းဥပဒေနဲ့အညီ နေခဲ့တယ်။ ဒီအတိုင်းပဲ CDM ပါတဲ့ နိုင်ငံ့ဝန်ထမ်းတွေအနေနဲ့ တစ်နှစ်လေး သည်းခံလိုက်ပါ။ ဒီတစ်နှစ် ပြီးသွားရင် ရွေးကောက်ပွဲ ပြန်ပြီးကျင်းပပေးမယ်လို့ အာမခံပေးပြီးသားပါ။ ကျွန်တော်လည်း အာမခံတယ်။ ကျိန်းသေပြောရဲတယ်။ ဦးသိန်းစိန် ငါးနှစ်နဲ့တောင် ဒီဟမ်းဆက် ကိုင်နိုင်တယ်ဗျာ။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဆက်ပြီး အုပ်ချုပ်သွားဦး။ နောက်ထပ် ၁၀ နှစ်ဆို စင်ကာပူထက် ကျော်နိုင်တယ်။ ဒါကို ကျွန်တော် ရဲရဲကြီး ပြောရဲတယ်။**

ဘာဖြစ်လို့လဲဆိုတော့ သူတို့လုပ်တာ ဒီမိုကရေစီကျကျပဲ လုပ်သွားတဲ့အတွက် ဖြစ်ပါတယ်။ အခု လုပ်နေတာလည်း ဆန္ဒပြမှုကို အညင်သာဆုံးနဲ့ပဲ လူသားဆန်ဆန် လုပ်နေတာပါ။ ဆန္ဒပြပြည်သူတွေ ခဏလေးသည်းခံပေးပါလို့။ လက်ရှိပြနေတဲ့ ပြည်သူတွေလည်း မပြကြပါနဲ့တော့။ ပြည်သူတွေ မျက်နှာကြည့်ပါ။ လက်ရှိ CDM ထဲမှာ မပါတဲ့ ဝန်ထမ်းတွေကို နိုင်ငံရေး သဘောသဘာဝအရ ကိုယ်နဲ့မတူပေမယ့်လည်း လေးစားပေးဖို့ပါ။ အလေးထားပေးဖို့ပါ။ ကိုယ်ရဲ့ လိုဘပဲ မလုပ်ဖို့ပါ။ ဒါလေး မေတ္တာရပ်ခံချင်ပါတယ်။

**စာမျက်နှာ ၂၃ သို့ ○**

စာမျက်နှာ ၂၃ သို့

**ပြည်သူတွေထဲမှာ ဒလန်ဆိုပြီး တက်တူးတွေထိုးတယ်။ ကတုံးတွေရိတ်တယ်။ ကိုယ့်ရဲ့ ရပ်ကွက်ထဲမှာ ဖြစ်နေတာတွေကို တားဆီးပေးပါ။ အခုဆိုရင် သတ်တာတွေလည်း ဖြစ်နေပါပြီ။ လူစုလူဝေးဖြစ်ရင်တော့ ဒါတွေက ဖြစ်နေမှာပဲ။ ဒါကြောင့် မိမိတို့ရပ်ကွက်၊ လမ်းထဲမှာ လူစုလူဝေးလုပ်ရင်တော့ ကိုယ့်လမ်းထဲကလူတွေပဲလား၊ လူစိမ်းပါသလား ကြည့်ပါ။ ဦးစွာလိုက်ရှာပါ။ ကိုယ့်လမ်းထဲက လူတွေဆိုရင်တော့ ကိုယ့်အချင်းချင်း ပြန်ထိန်းပါ။ မသမာတဲ့သူတွေက ဝင်ရောကောင်း ရောနိုင်တယ်။ သူစိမ်းဆိုရင်လည်း ကိုယ့်လမ်းထဲက မောင်းထုတ်လိုက်ပါ။ ကိုယ့်ကိုယ်ကိုယ် ကာကွယ်တာပါ။**

❍ စာမျက်နှာ ၂၂ မှ

**မေး။** ။အခုဆိုရင် လူမှုကွန်ရက်စာမျက်နှာတွေပေါ်မှာ Social Bullying လုပ်တာတွေ့ရပါတယ်။ လမ်းတွေ ပိတ်ဆို့တာတွေလည်း ရှိတယ်။ ဒီလိုအခြေအနေအပေါ်မှာ အမြင်လေး သိပါရစေ။

ဖြေ။ ။ဒါတွေက နိုင်ငံရေးသဘောသဘာဝ မဟုတ်တော့ဘူး။ အစွန်းရောက်သွားပြီ။ နိုင်ငံရေးမှာကျတော့ လူ့အဖွဲ့အစည်းကို လေးစားလိုက်နာမှုရှိရမယ်။ လူသားအချင်းချင်း လေးစားလိုက်နာမှုရှိရမယ်။ အသိအမှတ်ပြုရမယ်။ ဒါမျိုးတွေ ရှိပါတယ်။ အခုက လမ်းပိတ်ဆို့တယ်။ ဘယ်သူ ဒုက္ခရောက်မလဲ၊ ပြည်သူတွေပဲ ဒုက္ခရောက်တာပါပဲ။ လုပ်တဲ့သူတွေက ပြည်သူက နည်းနည်း၊ အဖျက်လုပ်တဲ့သူက များများပါ။

ဆန္ဒပြချင်ရင် ကိုယ့်ရပ်ကွက်၊ ကိုယ့်အိမ်ရှေ့မှာပဲ ဆန္ဒပြ၊ လမ်းမကြီးတွေကို ပိတ်တဲ့ အခါကျတော့ တကယ့်တကယ် မီးဘေးဆိုရင်လည်း မီးသတ်ကားသွားမရ၊ ကိုယ့်အိမ်မှာ တခြားသူကလာပြီး လူအုပ်စုကို အမှီသဟဲ ပြုပြီး အိမ်ခါးပြတိုက်တာတွေ၊ လုတာတွေ ဒါမျိုးတွေ ဖြစ်ကောင်းဖြစ်နိုင်တယ်။ လမ်းတွေ ပိတ်ထားရင် ဖမ်းပြီး ရဲစခန်းပို့ဖို့တောင် ဘယ်လိုလုပ်မလဲ။ ကိုယ့်အိမ်ထဲက မိသားစုကျန်းမာရေး အရေးပေါ်ရင် ကိုယ့်မိသားစုပဲ ဒုက္ခရောက်မှာပါ။ အဲဒီအတွက် လမ်းတွေပိတ်တာကို မလုပ်ကြပါနဲ့တော့။ တိုင်းပြည် ပြန်လည်ဖွံ့ဖြိုးဖို့အတွက်ကို ဆင်ဆင်ခြင်ခြင် သည်းခံပေးကြပါလို့ မေတ္တာရပ်ခံပါတယ်။

အဖျက်သမား အုပ်စုတွေက Social Bullying လုပ်ကြတယ်။ အရှက်ခွဲခံရတယ်။ တချို့က သတင်းတုတွေနဲ့ Social Punishment လုပ်ကြတယ်။ သတင်းတုတွေထွက်တယ်။ အဲဒီ သတင်းအတုတွေကို ယုံကြတယ်။ သတင်းတုကို မယုံကြပါနဲ့။ ဖေ့စ်ဘွတ်သုံးတဲ့အခါ သတင်းနဲ့ အတင်းရှိတယ်၊ သုံးတတ်ဖို့လိုတယ်။ တက်လာတာတွေဟာ သတင်းလား၊ အတင်းလား၊ အတင်းဆိုတာ လူတစ်ယောက်ကို တိုက်ခိုက်တာ၊ ယုတ်မာတာ။

အစိုးရကို ဝေဖန်တာနဲ့ မတူတော့ဘူး။ အပြုသဘော မဆောင်တော့ဘူး။ အစိုးရကို နစ်နာအောင် ပြောဆိုတာတွေက တိုက်ခိုက်တာပါ။ ကိုယ့်ရဲ့အခွင့်အရေး၊ ပြည်သူရဲ့ အခွင့်အရေးအတွက် ဝေဖန်ထောက်ပြတာမျိုးက အပြုသဘောဆောင်သင့်ပါတယ်။ အပြုသဘောဆောင်ပြီး ဝေဖန်တာနဲ့ တိုက်ခိုက်တာ နှစ်မျိုးရှိသလို သတင်းနဲ့ အတင်းဆိုတာ နှစ်မျိုးရှိတယ်။ Social Bullying လုပ်နေတဲ့ဟာတွေကြောင့် သတင်းတုတွေ၊ သတင်းယောင်တွေ အများကြီးဖြစ်ပေါ်နေတယ်။ အဲဒါတွေကို လိုက်ခ်လုပ်တာ၊ ရှယ်တာမျိုး မလုပ်ကြပါနဲ့။

တက်လာတဲ့ သတင်းတိုင်းကိုလည်း မယုံကြည်ပါနဲ့။ အခု RFA၊ DVB၊ Mizzima တို့ လွှင့်တာတွေက တရားမဝင်ပါဘူးလို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ကြေညာထားတယ်။ အခုငြိမ်သွားတယ်ဆိုတာက ပွင့်ပွင့်လင်းလင်းပြောရရင် ဒီဟာကို ပိတ်သိမ်းလိုက်လို့ပဲ။ ဒီတားမြစ်ချက်ကို ထုတ်လိုက်လို့ပဲ။ ဆန္ဒပြပွဲ အများစုကို ကြည့်လိုက်ရင် သတင်းထောက်တွေက ရှေ့ဆုံးကပဲ။ ဟိုက ဖြိုခွဲတော့မယ်ဆို သူတို့က ကျွန်တော်တို့ သတင်းသမားတွေပါဆိုပြီး နောက်ပြန်ရောက်သွားပြီ။ အဲဒီလိုနဲ့ ဆူပူအကြမ်းဖက်မှုဖြစ်အောင် လုပ်နေတာက မီဒီယာတွေပဲ။ မီဒီယာသမားတွေကိုလည်း မယုံကြပါနဲ့။

ကျွန်တော် အဓိက ပြောချင်တာက အိမ်ရှင်သည်သာ မိမိအိမ်ကို မိမိပြင်နိုင်မှာပါ။ ကျွန်တော့်အိမ်ကို အစိုးရက လာမပြင်ပေးဘူး။ ကျွန်တော့်ဘာသာ ပြင်ရမှာပါ။ အိမ်ရှင်သည်သာ ကိုယ့်အိမ်ကို ပြင်နိုင်မှာပါ။ ဒီအတိုင်းပဲ ကိုယ့်နိုင်ငံရဲ့ ပြည်တွင်းရေးကို R2P တွေ၊ UN တွေ တွေးခေါ်မနေပါနဲ့။ အစဉ်အဆက်ကို ပြန်ပြီးလေ့လာပါ။

အမေရိကန်မှာလည်း သူ့ဟာနဲ့သူ ပြဿနာတွေ ဖြစ်နေကြတာပါ။ ဘာမှ လုပ်လို့မရဘူး။ R2P လည်း မျှော်မနေပါနဲ့၊ ကိုယ့်နိုင်ငံရဲ့ အချုပ်အခြာအာဏာကို လေ့လာပါ။ မြန်မာ့တပ်မတော်မှာ လက်နက်တွေ အနေနဲ့ ဘာတွေပိုင်ဆိုင်မှုရှိတယ်။ မြန်မာ့တပ်မတော်ဟာ ဘယ်လောက်အထိ စစ်အင်အားကောင်းသလဲ၊ စည်းကမ်းဘယ်လို ပြည့်ဝသလဲ၊ အားအင်ဘယ်လိုမျိုးရှိသလဲ ဒါတွေကို အားကိုးပါ။

**ကျွန်တော့်မိတ်ဆွေတွေ ထောက်ခံတယ်။ ကျွန်တော် မထောက်ခံဘူး။ ကျွန်တော် မထောက်ခံဘဲ ဆန္ဒထွက်ပြသလား။ မပြခဲ့ဘူး။ ကျွန်တော်နိုင်ငံ့ဝန်ထမ်းဥပဒေအရ ကျွန်တော် သည်းခံပြီးတော့ပဲ နေခဲ့တယ်။ နိုင်ငံ့ဝန်ထမ်းဥပဒေနဲ့အညီ နေခဲ့တယ်။ ဒီအတိုင်းပဲ CDM ပါတဲ့ နိုင်ငံ့ဝန်ထမ်းတွေအနေနဲ့ တစ်နှစ်လေးသည်းခံလိုက်ပါ။ ဒီတစ်နှစ်ပြီးသွားရင် ရွေးကောက်ပွဲ ပြန်ပြီးကျင်းပပေးမယ်လို့ အာမခံပေးပြီးသားပါ။ ကျွန်တော်လည်း အာမခံတယ်။ ကျိန်းသေပြောရဲတယ်။ ဦးသိန်းစိန် ငါးနှစ်နဲ့တောင် ဒီဟမ်းဆက် ကိုင်နိုင်တယ်ဗျာ။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဆက်ပြီးအုပ်ချုပ်သွားဦး။ နောက်ထပ် ၁၀ နှစ်ဆို စင်ကာပူထက် ကျော်နိုင်တယ်။ ဒါကို ကျွန်တော် ရဲရဲကြီးပြောရဲတယ်။**

ကိုယ့်နိုင်ငံကို အားကိုးပါ။ သူများနိုင်ငံကို အားမကိုးပါနဲ့။ တိုက်ယူလို့မရရင် ဘာလုပ်မလဲ၊ မေတ္တာပါ။ အိန္ဒိယနိုင်ငံ လွတ်လပ်ရေးရသွားတယ်။ ဂန္ဒီတိုက်ခဲ့တာဟာ လက်နက်နဲ့ တိုက်ခဲ့တာ မဟုတ်ပါဘူး။ သူဟာ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ပြီးတော့ တိုက်ခဲ့တာပါ။ အခု ဆန္ဒပြနေတာက ငြိမ်းချမ်းစွာ ဆန္ဒပြခြင်းမဟုတ်ဘူး။ လက်နက်တွေ ပါလာတယ်။ ဒါတွေက မဖြစ်သင့်ဘူး။ ဂန္ဒီတုန်းက ဘာလက်နက်မှ မယူဘူး။ ရိုက်ရင်ခံတယ်။ ရိုက်ရင်ခံပြီး အချုပ်ကျ၊ ထောင်ကျ အဲဒီလိုမျိုးနဲ့ပါ။ အဲဒါကြောင့်မို့လို့ အိန္ဒိယနိုင်ငံရဲ့ လွတ်လပ်ရေးဖခင်လို့ အားလုံးက ယုံကြည်ခဲ့တယ်။

ဒီခေတ်မှာကျတော့ အဲဒီလိုမျိုးမဟုတ်ဘူး။ ဆူပူဆန္ဒပြတဲ့သူတွေ၊ မင်းမဲ့စရိုက်တွေက လက်နက်တွေ သုံးတဲ့အခါကျတော့ ဒါက ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခြင်း မဟုတ်တော့ဘူး။ ပြည်သူတွေလည်း သိဖို့ ပြောပြတာပါ။ တရားမဝင် လက်နက်ကိုင်တာနဲ့ သူ့ကို အကြမ်းဖက်လို့ပဲ သတ်မှတ်ထားပါ။ နိုင်ငံတော်လုံခြုံရေးအတွက် လက်နက်ကိုင်တာ မဟုတ်ပါဘူး။ တကယ်ကို ဒီမိုကရေစီ ရချင်တယ်ဆိုရင် ငြိမ်းချမ်းစွာ ဆန္ဒပြပါ။ အဲဒီအခါကျရင် အခြေအနေ ပြောင်းလဲသွားပါလိမ့်မယ်။ ဆန္ဒပြတော့မယ်ဆိုရင် ဘာလက်နက်မှ မကိုင်ပါနဲ့။ ဖမ်းမယ်ဆိုလည်း အဖမ်းခံလိုက်ပါ။ ရိုက်တာပုတ်တာလည်း လုပ်မှာမဟုတ်ပါဘူး။ လက်နက်မကိုင်ဘဲနဲ့ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်တာနဲ့ လက်နက်ကိုင်တာ ဘယ်လို ကွာခြားသွားမလဲဆိုတာ ကြည့်ပါ။ အိန္ဒိယနိုင်ငံကို အတုယူပါလို့ ကျွန်တော်ပြောပါရစေ။

ကိုယ့်အိမ်ရှေ့မှာ အဲဒီလို အကြမ်းဖက်မှုတွေ လုပ်မယ်ဆိုရင် လမ်းထဲက လူတွေက မောင်းထုတ်ပေးပါ။ ဆူပူဆန္ဒပြမှုကို လုံးဝလက်မခံပါနဲ့။ ဆန္ဒပြမှု အေးချမ်းသွားရင် ပြည်သူတွေလည်း ထမင်းဝဝစားရမှာပါ။ အခုက ထမင်းစားဖို့တောင် စိတ်မချမ်းသာဘူး။ ကြောက်နေရတယ်။

**အခုလို ပြည့်ပြည့်စုံစုံ ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။**

# ရေကြောင်းဖြင့် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မူလပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိစေရေးနှင့် မှန်ကန်မြန်ဆန်စေရေး ညှိနှိုင်းဆွေးနွေး

**ရန်ကုန် မတ် ၂၆**

ရေကြောင်းဖြင့် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မူလပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိစေရေးနှင့် မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးချုပ်၌ ကျင်းပသည်။



အစည်းအဝေးသို့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး၊ အကောက်ခွန် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်မှုနှင့် ကုန်စည် စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အထွေထွေမန်နေဂျာနှင့် ဌာနမှူးများ၊ အကောက်ခွန်ဦးစီးဌာနနှင့် ကုန်သွယ်ရေးဦးစီးဌာနတို့မှ အရာရှိကြီးများ၊ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း၊ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း၊ ကုန်သွယ်ရေကြောင်း ဖွံ့ဖြိုးတိုးတက်ရေးအသင်း၊ အထည်ချုပ်လုပ်ငန်းရှင်များအသင်း၊ ပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း၊ မော်တော်ယာဉ် တင်သွင်း ထုတ်လုပ်ဖြန့်ဖြူးသူများအသင်း၊ စားအုန်းဆီ တင်သွင်း ရောင်းချသူများအသင်း၊ နိုင်ငံတကာ သင်္ဘောလိုင်းများ၊ ဆိပ်ကမ်းတံတားများနှင့် ကုန်သေတ္တာစခန်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူးက အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတကာသို့ ရေကြောင်းဖြင့် ကုန်သွယ်ခြင်းအတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်းများအား ပုဂ္ဂလိကကဏ္ဍနှင့်ပူးပေါင်း၍ ဝန်ဆောင်မှုများ ပေးလျက်ရှိပါကြောင်း၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ စဉ်ဆက်မပြတ် လည်ပတ်နေစေရေးအတွက် သင်္ဘောကြီးများ ဝင်/ထွက်ဆိုက်ကပ်ရန်နှင့် ကုန်တင်/ချလုပ်ငန်းစဉ်များ နှောင့်နှေးကြန့်ကြာခြင်း မရှိစေရန်နှင့် လုံခြုံမှုရှိစေရန်အတွက် အထူးဂရုပြု ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့ပြင် ရေကြောင်းပြရရှိရေး၊ ဆိပ်ကမ်းတံတားနေရာများ ရရှိရေးတို့အတွက်လည်း အချိန်နှင့်တစ်ပြေးညီ ကြီးကြပ်စီမံဆောင်ရွက်ပေးလျက် ရှိပါကြောင်း ပြောကြားခဲ့သည်။

## ပံ့ပိုးဆောင်ရွက်

ဆက်လက်၍ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မိမိတို့အကောက်ခွန်ဦးစီးဌာနအနေဖြင့် အကောက်ခွန်စည်းကြပ်ခြင်းနှင့် ရှင်းလင်းခြင်းဆိုင်ရာလုပ်ငန်းများကို ပုံမှန်အတိုင်း လည်ပတ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ရှေ့လာမည့်ဧပြီလ သင်္ကြန်ရုံးပိတ်ရက်ရှည်အတွင်းတွင်လည်း ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ ပုံမှန်အတိုင်းလည်ပတ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်၍ ကုန်သည်ကြီးများနှင့် ဝန်ဆောင်မှုပေးသူများအနေဖြင့် ဆောင်ရွက်လိုသည်များကို မိမိတို့ထံ ဆက်သွယ်ညှိနှိုင်းဆောင်ရွက်နိုင်ပါကြောင်း ပြောကြားသည်။ ထို့နောက် ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီအတွင်းရေးမှူးက မိမိတို့ကော်မတီအနေဖြင့် ဗဟိုကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုအောက်တွင် နိုင်ငံတကာ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ အဆင်ပြေလွယ်ကူချောမွေ့စေရန် ရည်ရွယ်ဖွဲ့စည်းဆောင်ရွက်ထားခြင်းဖြစ်၍ ကုန်သည်ကြီးများနှင့် ဆိပ်ကမ်းဝန်ဆောင်မှုပေးသူများအနေဖြင့် မိမိတို့ကော်မတီထံသို့ သတင်းအချက်အလက်များ မျှဝေပေးစေလိုပါကြောင်း၊ ကုန်သွယ်မှုလုပ်ငန်းများ လွယ်ကူအဆင်ပြေချောမွေ့စေရေးအတွက် အချိန်မရွေး တင်ပြအကူအညီတောင်းခံနိုင်ပါကြောင်းနှင့် မိမိတို့ကော်မတီအနေဖြင့်လည်း အမြန်ဆုံး ထိရောက်စွာ ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းနှင့် ညီနောင်အသင်းအဖွဲ့များက ကုန်သေတ္တာဖြင့် ကုန်စည်တင်သွင်းခြင်းနှင့် တင်ပို့ခြင်းတို့တွင် လက်ရှိတွေ့ကြုံနေရသည့် အခြေအနေများ၊ ဖြေလျှော့ပေးစေလိုသည့်အချက်များ၊ သင်္ဘောလိုင်းများနှင့် ဆက်သွယ်ဆောင် ရွက်ရာတွင် တွေ့ကြုံရသည့် အခြေအနေများနှင့် ကုန်သေတ္တာထုတ်ယူခြင်းလုပ်ငန်းတွင် ကြုံတွေ့ရသည့် ကြန့်ကြာမှုအချို့ကြောင့် ကုန်သေတ္တာ ဆိပ်ကမ်းမှထုတ်ယူမှု နှောင့်နှေးကြေးနှင့် ကုန်သေတ္တာအပ်နှံမှု နှောင့်နှေးကြေးများ ပိုမိုကျခံနေရသည့်အခြေအနေ၊ ပို့ကုန် ကုန်စည်များအတွက် ကုန်သေတ္တာရရှိလိုမှုအခြေအနေ၊ အထည်ချုပ်အော်ဒါများလက်ခံနိုင်ရေးနှင့် အချိန်မီတင်ပို့နိုင်ရေးတို့အတွက် သင်္ဘောများဝင်ရောက်မည့် အချိန်ဇယားကို ကြိုတင်သိရှိလိုခြင်း၊ သယ်ယူပို့ဆောင်ရေးစရိတ်များ ကြီးမြင့်လာနေသည့်အခြေအနေ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တင်ပို့ရန်အတွက် ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများ၊ ပဲ၊ နှမ်းတင်ပို့ရန်အတွက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ကုန်သေတ္တာဖြင့် မော်တော်ယာဉ်များ တင်သွင်းရာတွင် တွေ့ကြုံရသည့်အခြေအနေများကို တင်ပြဆွေးနွေးခဲ့ကြသည်။

ယင်းနောက် နိုင်ငံတကာ သင်္ဘောလိုင်းများနှင့် ဆိပ်ကမ်းတံတားများ၊ ကုန်သေတ္တာစခန်းများက ၎င်းတို့အနေဖြင့် တာဝန်ယူဆောင်ရွက်ပေးနေသည့် ဝန်ဆောင်မှုတစ်ခုချင်း သုံးသပ်ဖြေရှင်း ညှိနှိုင်းဆောင်ရွက်ပေးသွားမည့် အစီအစဉ်များ၊ ဆိပ်ကမ်းတံတားများတွင် ကုန်သေတ္တာများ စုပုံပြည့်ကျပ်ခြင်း မရှိအောင် ဖြေရှင်းဆောင်ရွက်ပေးစေလိုသည်များကို ပြန်လည်ဆွေးနွေးတင်ပြခဲ့ကြရာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် အကောက်ခွန်ဦးစီးဌာနတို့မှ တာဝန်ရှိသူများက သုံးသပ်ဆွေးနွေးပေါင်းစပ်ညှိနှိုင်းပေးကြကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၃-၃-၂၀၂၁ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

နေပြည်တော် မတ် ၂၆

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ ၃/၂၀၂၁ ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို မတ် ၂၃ ရက် မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်မှူးချုပ် ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးနှင့် ဌာနဆိုင်ရာသတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။**

(ယမန်နေ့မှအဆက်)

**One News သတင်းဌာနမှ သတင်းထောက် ဦးသွင်ထူးအောင်**က ဖေဖော်ဝါရီ ၂၆ ရက်က UEC နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံခဲ့သည့်အခြေအနေနှင့် စပ်လျဉ်း၍ သိရှိလိုကြောင်း မေးမြန်းသည်။

**နိုင်ငံရေးပါတီ ၅၃ ပါတီ တက်ရောက်**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က UEC အသစ်မှ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်တွင် နိုင်ငံရေးပါတီများကို ဖိတ်ခေါ်တွေ့ဆုံခဲ့ပါကြောင်း၊ နိုင်ငံရေးပါတီ ၅၃ ပါတီ တက်ရောက်ခဲ့ပါကြောင်း၊ မတက်ရောက်သည့်၊ ပျက်ကွက်သည့်ပါတီ ၃၀ ကျော်သည် လမ်းပန်းဆက်သွယ်ရေးအခက်အခဲများကြောင့် ၎င်းတို့အနေဖြင့် လာရောက်ရန် အခက်အခဲရှိ၍ မလာနိုင်မှုများရှိပါကြောင်း၊ ယင်းအစည်းအဝေးတွင် ဆုံးဖြတ်ချက်ခုနစ်ခု ချမှတ်နိုင်ခဲ့ပါကြောင်း။

ယင်းဆုံးဖြတ်ချက်များမှာ ပြည်တွင်းရွှေ့ပြောင်းအလုပ်သမားများအတွက် မဲပေးမှုအား တရားမျှတမှုရှိရေး ပြင်ဆင်ဆောင်ရွက်ပေးရန်၊ ထိုအချက်သည်လည်း ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ရက်ပေါင်း ၉၀ နေထိုင်ပြီး နေရာဒေသတွင် ရောက်ရှိသည့်နေရာ၌ မဲပေးခွင့်များသည် တိုင်းရင်းသားများအပါအဝင် တချို့နေရာများတွင် ၎င်းတို့၏ နယ်မြေများတွင် ဆုံးရှုံးမှု၊ နစ်နာမှု အခက်အခဲများရှိသည်ဟု တင်ပြချက်၏ နောက်ဆက်တွဲဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်တွင်းရွှေ့ပြောင်းအလုပ်သမားများ မဲပေးမှုနှင့်ပတ်သက်ပြီး တရားမျှတမှုရှိအောင် ဆောင်ရွက်ပေးပါဆိုသည့်ကိစ္စနှင့် ပတ်သက်ပြီး ဆက်လက်ဆောင်ရွက်ရန် မိမိတို့ဆုံးဖြတ်ခဲ့ပါကြောင်း။

ထို့နောက် လက်ရှိကျင့်သုံးနေသည့် ရွေးကောက်ပွဲစနစ်ဖြစ်သည့် FPTP (နိုင်သည့်သူအားလုံးယူစနစ်) အစား သင့်လျော်သည့် လွှတ်တော်တွင် PR (အချိုးကျကိုယ်စားပြုစနစ်)ကို ပြောင်းလဲကျင့်သုံးနိုင်ရေး ဆက်လက်ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ပါကြောင်း။

နောက်တစ်ချက်အနေဖြင့် နိုင်ငံရေးပါတီများက နိုင်ငံတော်တွင် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံစိတ်ချစွာ နေထိုင်ရေးအတွက် တောင်းဆိုချက်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြရန်ဖြစ်ပါကြောင်း၊ ဤအချက်သည်လည်း ထိုအချိန်၌



ရန်ကုန်တိုင်းဒေသကြီး မြို့နယ်များတွင် မဲလက်မှတ်များ မြေပြင်စစ်ဆေးမှုမှတ်တမ်း ဓာတ်ပုံများ

ဆူပူမှု၊ မင်းမဲ့စရိုက်ဖြင့် သောင်းကျန်းမှုဖြစ်စဉ်များ ဖြစ်ပေါ်နေသည့်အတွက် ၎င်းတို့ကိုယ်တိုင် သွားရ၊ လာရ၊ နေရ၊ ထိုင်ရ အခက်အခဲများရှိပါကြောင်း၊ ထို့ကြောင့် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံစိတ်ချစွာ နေထိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဆောင်ရွက်ပေးရန် UEC က အစည်းအဝေးဆုံးဖြတ်ချက်အနေဖြင့် တင်ပြတောင်းခံခဲ့သည့်အတွက် ဆုံးဖြတ်ခဲ့ပါကြောင်း။

နောက်တစ်ချက်အနေဖြင့် မဲစာရင်းများ စစ်ဆေးနေမှုများကို ထုတ်ပြန်ကြေညာချက်များအဖြစ် မြန်မာ့အသံနှင့် မြဝတီရုပ်မြင်သံကြားတို့တွင် ကြားဖြတ်အစီအစဉ်အနေဖြင့် မကြာခဏထုတ်လွှင့်ပေးရန် ဖြစ်ပါကြောင်း၊ အားလုံးအမြန်သိရှိနိုင်ရန်နှင့် ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန်တို့အတွက် သတင်းကြေညာမှုတွင်မကဘဲ အခါအားလျော်စွာ စာတန်းထိုးပေးခြင်း၊ အခါအားလျော်စွာ ကြေညာပေးခြင်း တောင်းဆိုချက်ကိုလည်း ဆုံးဖြတ်ခဲ့ပါကြောင်း။

**ပါတီများပါ ပါဝင်ပူးပေါင်းဆောင်ရွက်ရန် ဆုံးဖြတ်**

မဲစာရင်းများပြုစုသည့်အချိန်တွင် သက်ဆိုင်ရာနိုင်ငံရေးပါတီများမှ ကွန်ပျူတာပညာရှင်များ ပူးပေါင်းပါဝင်လိုပါက ကော်မရှင်ဖြင့် ပူးပေါင်းဆောင်ရွက်ရန်၊ ပြောရမည်ဆိုပါက ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းနှင့်ပတ်သက်၍ ပြဿနာများ၊ အငြင်းပွားမှုများ၊ မဲစာရင်းနှင့်ပတ်သက်ပြီး ထပ်နေမှုများ များပြားခဲ့ပါကြောင်း၊ ထို့ကြောင့် နောင်ပြုလုပ်မည့်ရွေးကောက်ပွဲတွင် မဲစာရင်းများ ပြုစုသည့်အချိန်၌ ပါတီများပါ ပါဝင်ပူးပေါင်းဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ပါကြောင်း။

ထို့နောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် အသက် ၁၈ နှစ်ပြည့်ပြီးသူများသည် နိုင်ငံသားစိစစ်ရေးကတ်မရှိပါက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊ ထိုအချက်သည်လည်း သက်သေခံကတ်ပြားမရှိဘဲ မဲပေးခွင့်ပြုသည့်အချိန်တွင် အခက်အခဲများရှိပါကြောင်း။

တချို့မှာ နိုင်ငံသားဖြစ်မှန်း မစိစစ်နိုင်မှုများ၊ မဲစာရင်းတွင် ထပ်နေမှုများ၊ မဲပေးပိုင်ခွင့် မရှိသည့်သူများ ပါဝင်နေမှုများ၊ အသက်ပြည့်/မပြည့်ကိုလည်း မှတ်ပုံတင်ကတ်မရှိသည့်အတွက် မစိစစ်နိုင်မှုများရှိပါကြောင်း၊ ထိုအချက်များ မဖြစ်စေရန် လ.ဝ.က၊ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန် ညှိနှိုင်းဆောင်ရွက်ခဲ့ပါကြောင်း။

နောက်တစ်ချက်အနေဖြင့် ကော်မရှင်နှင့်နိုင်ငံရေးပါတီများ နှစ်လတစ်ကြိမ် သို့မဟုတ် သုံးလတစ်ကြိမ် တွေ့ဆုံပြီး ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များ ဆွေးနွေးကြရန် ညှိနှိုင်းဆုံးဖြတ်ခဲ့ကြပါကြောင်း၊ ထိုကိစ္စ၏ နောက်ဆက်တွဲအဖြစ် ပါတီများကို PR စနစ်နှင့်ပတ်သက်ပြီး လေ့လာသုံးသပ်မှုစာတမ်းများ ပြုစုပေးပို့နိုင်ရေးအတွက်လည်း ပါတီများကို အကြောင်းကြားထားပြီးဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ **One News သတင်းဌာနမှ သတင်းထောက် ဦးသွင်ထူးအောင်**က မဲလက်မှတ်များ ထပ်တိုးရိုက်နှိပ်မှုနှင့် ပတ်သက်ပြီး UEC ၏ လူမှုကွန်ရက်စာမျက်နှာများတွင် ကြားသိနေရမှု၊ မဲလက်မှတ်ရိုက်နှိပ်မှုနှင့် ထပ်တိုးရိုက်နှိပ်မှုများတွင် မည်သို့ပုံစံများဖြစ်ခဲ့သည်ကို သိရှိလိုကြောင်း မေးမြန်းသည်။

**မဲလက်မှတ်များ စစ်ဆေးရသည့်အပိုင်း**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က ပြီးခဲ့သည့် ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး ယခုမိမိတင်ပြသည်မှာ အပိုင်းနှစ်ပိုင်းရှိပါကြောင်း၊ တစ်ပိုင်းသည် မဲစာရင်းပိုင်း၊ မဲစာရင်းကိစ္စသည်လည်း ပါတီများနှင့် တွေ့ဆုံခဲ့သည့်အချိန်တွင် ဆုံးဖြတ်ချက်များကလည်း မဲစာရင်းများ မှန်အောင် မည်ကဲ့သို့ လုပ်ဆောင်မည်ဆိုသည့် အချက်လည်းပါဝင်ကြောင်း၊ မဲလက်မှတ်များကိုလည်း စစ်ဆေးရသည့်အပိုင်းလည်း ရှိပါကြောင်း၊ မဲလက်မှတ်စစ်ဆေးချက်များကိုလည်း ထုတ်ပြန်နေပါကြောင်း။

ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မဲလက်မှတ်စုစုပေါင်းရိုက်နှိပ်မှုသည် ၁၃၉,၃၃၁,၁၂၀(တစ်ရာသုံးဆယ့် ကိုးသန်း သုံးသိန်းသုံးသောင်းတစ်ထောင့်တစ်ရာ့နှစ်ဆယ်) ရိုက်နှိပ်ခဲ့ပါကြောင်း၊ ထိုသို့ ရိုက်နှိပ်ခဲ့သည့်အချိန်တွင် အဓိကက Initial (ကနဦး) လူဦးရေမဲစာရင်းကိုအခြေခံကာ လူဦးရေ၏ ၁၀ ရာခိုင်နှုန်းဆောင်းပြီး ၁၃၈,၄၆၀,၂၇၀ (တစ်ရာသုံးဆယ့်ရှစ်သန်းလေးသိန်းခြောက်သောင်းနှစ်ရာ့ခုနစ်ဆယ်)မှာပါကြောင်း။

သို့သော် မဲစာရင်းများက တိုးလာပြီးသည့်အချိန်တွင် မိမိတို့မဲလက်မှတ်များကို ထပ်ရိုက်ရပါကြောင်း၊ ကိုးကြိမ်ခန့် ထပ်မှာရပါကြောင်း၊ အဆိုးဆုံးက နိုဝင်ဘာလ ၇ ရက်နေ့ဖြစ်ပါကြောင်း၊ မဲပေးရမည်မှာ နိုဝင်ဘာလ ၈ ရက်နေ့ ဖြစ်ပါကြောင်း၊ ၇ ရက်နေ့၌ ရန်ကုန်တိုင်းဒေသကြီးတွင် မဲလက်မှတ်များ ထပ်မှာရပါကြောင်း။

မှာသည့်အရေအတွက်နှင့် မှာသည့်တိုင်းဒေသကြီး/ ပြည်နယ်များအနေဖြင့် အောက်တိုဘာ ၁၃ ရက်တွင် ကယား၊ ကရင်၊ မွန်၊ ရခိုင်၊ ကချင်၊ အောက်တိုဘာ ၁၆ ရက်တွင် ပဲခူးတိုင်းဒေသကြီးနှင့်ရှမ်းပြည်နယ်၊ အောကတိုဘာ ၂၁ ရက်တွင် ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီ တိုင်းဒေသကြီးတို့ အတွက် ထပ်ရိုက်ပေးရပါကြောင်း။ အောက်တိုဘာ ၂၂ ရက်တွင် ဧရာဝတီတိုင်းဒေသ ကြီး၊ အောက်တိုဘာ ၂၃ ရက်တွင် ရှမ်းပြည်နယ်၊ အောက်တိုဘာ ၂၆ ရက်တွင် ရှမ်းပြည်နယ်၊ အောက်တိုဘာ ၃၀ ရက်တွင် ရန်ကုန်တိုင်း ဒေသကြီး၊ နိုဝင် ဘာ ၇ ရက်၌ပင် ရန်ကုန်တိုင်းဒေသကြီးကဒုတိယအကြိမ်ထပ်မှာခဲ့ပါကြောင်း။ **စာမျက်နှာ ၂၅ သို့**☆

☆ **ရွေးကောက်ပွဲကာလတွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့်အတွက် ရွှေ့ဆိုင်းပေးရန်ကအစ ရှိခဲ့ပါကြောင်း၊ ထို့နောက် မဲဆွယ်စည်းရုံးသည့်အချိန်တွင်ဖြစ်ဖြစ် တရားမျှတအောင် ဆောင်ရွက်ပေးရန် တောင်းဆိုမှုများလည်း ရှိပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါကြောင့် မဲဆွယ်စည်းရုံးသည့်အချိန်တွင် မမျှမတဖြစ်ပါကြောင်း၊ ထို့ကြောင့် တွေ့ဆုံ၍ တောင်းဆိုမှုများလည်းရှိ။**

☆ **ရွေးကောက်ပွဲပြီးသည့်အချိန်တွင်လည်း မဲစာရင်းကိစ္စများ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲနောက်ပိုင်းကာလတွင်လည်း မဲစာရင်းမှားယွင်းသည့် ပြဿနာများက Issues အများကြီးရှိခဲ့ပါကြောင်း၊ ထိုအပေါ်တွင် ဖြေရှင်းဆောင်ရွက်နိုင်သော အခြေအနေမရှိသည့်အတွက် ယခုအခြေအနေအထိ ရောက်ခဲ့သည်ဟုယူဆ။**

☆ စာမျက်နှာ ၂၄ မှ

မှာသည့်အရေအတွက်သည် စုစုပေါင်း ၈၇၀,၈၅၀ ရှိပါကြောင်း၊ ကနဦး ရိုက်နှိပ်ခြင်းနှင့် ပေါင်းပါက ၁၃၉,၃၃၁,၁၂၀ ရိုက်ခဲ့ပါကြောင်း၊ ထို့ကြောင့် UEC အသစ်အနေဖြင့် ထိုကိစ္စနှင့် ပတ်သက်ပြီး ဆွေးနွေးဆောင်ရွက်သွားမည့် အစီအစဉ်ရှိပါကြောင်း၊ နောင်ရွေးကောက်ပွဲများတွင် အလားတူ မဖြစ်ပေါ်စေရန်အတွက် မဲလက်မှတ်များ ရိုက်နှိပ်မှုနှင့်ပတ်သက်ပြီး တင်းတင်းကျပ်ကျပ်၊ တိတိကျကျ ဆောင်ရွက်သွားရန် စီမံဆောင်ရွက် လျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

**မည်သို့ကြုံတွေ့ရလဲ**

ထို့နောက် **One News သတင်းဌာနမှ သတင်းထောက် ဦးသွင်ထူးအောင်**က ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်ပြီး တပ်မတော်၊ နစကနှင့် UEC တို့က ထုတ်ပြန်ထားမှုများလည်း ရှိပါကြောင်း၊ မတ် ၂၂ ရက်အထိ နောက်ဆုံးရရှိထားသည့်အခြေအနေများကို ပြောကြားသွားမှုသည် အများကြီးဖြစ်ပါကြောင်း၊ နောက်ပိုင်းတွင် တွေ့ရှိရသည့်အနေအထားကို အကျဉ်းချုပ်အနေဖြင့် မည်သို့ကြုံတွေ့ရလဲ၊ မည်ကဲ့သို့ အခက်အခဲများကို ကြုံတွေ့ခဲ့ရလဲ စသည်တို့ကို အကျဉ်းချုပ်ပြောပြပေးစေလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က မိမိတင်ပြချက်များတွင် ပါခဲ့ပြီးဖြစ်ပါကြောင်း၊ မဲစာရင်းများစစ်ဆေးသည့်အချိန်တွင် တပ်မတော်မှ စစ်ဆေးတွေ့ရှိချက် ၁၀ သန်း ၄ သိန်းကျော်ကိုလည်း တင်ပြပြီး ဖြစ်ပါကြောင်း၊ ယခု မြို့နယ် ၆၆ မြို့နယ်တွင် တွေ့ရှိသည့်အနေအထားကိုလည်း ပြုစုတင်ပြပြီး ဖြစ်ပါကြောင်း။

အနေအထားအရ တပ်မတော်က တွေ့ရှိသည့်အတိုင်း မိမိတို့လည်း တွေ့ရှိခဲ့ပါကြောင်း၊ သို့သော်လည်း မဲစာရင်း Soft Copy တွင် မိမိတို့က နောက်ဆုံး Up Date Soft Copy ဖြစ်သည့်အတွက် ပိုပြီးများနေသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ယခင်အတိုင်း တွေ့နေပါကြောင်း၊ Cross Check ကိုပါ ထပ်ပြီး စစ်မည်ဆိုပါက ယခင်ထက်ပိုများနိုင်မှု၊ မဲစာရင်းထပ်မှု၊ မှတ်ပုံတင်မရှိခြင်းတို့ကို တွေ့ရမည်ဖြစ်ပါကြောင်း။

မဲလက်မှတ်အပိုင်းတွင် မဲလက်မှတ်ပျောက်ဆုံးမှုများ၊ အပိုများ၊ တရားမဝင်သုံးစွဲမှုများ၊ ပျောက်ဆုံးမှုများ၊ အပိုကျန်ရှိမှုများကို ထုတ်ပြန်ရန်ရှိကြောင်း၊ ယခု မြို့နယ်ပေါင်း ၁၀၀ ခန့် စစ်ဆေးထားရှိပြီးဖြစ်ပါကြောင်း၊ ၎င်းတို့ကို ထပ်မံထုတ်ပြန်သွားရန်ရှိပါကြောင်း၊ ယခုအနေဖြင့် မိမိတင်ပြထားသည့် အချုပ်အတိုင်းသာ တင်ပြလိုပါကြောင်း၊ ကျန်ရှိသည့် စစ်ဆေးမှုများကို ပေါင်းခြုံပြီး သုံးသပ်ထုတ်ပြန်နိုင်မည်ဟု ယူဆပါကြောင်း ရှင်းလင်းပြောကြားသည်။

**VOA သတင်းဌာနမှ သတင်းထောက် ဦးမိုးဇော်**က အများကမြင်နေသည့် ကိစ္စတစ်ခုမှာ NLD အစိုးရလက်ထက်က ဖွဲ့ထားသည့် ရွေးကောက်ပွဲကော်မရှင်က ယခုလို မဲစာရင်းအမှားများ၊ မဲမသမာမှုများ တွေ့ရှိရကြောင်း၊ သုံးသပ်သူများက မြင်နေသည်မှာ NLD အနေဖြင့် ၁၉၉၀ ရွေးကောက်ပွဲ၊ ၂၀၁၅ ရွေးကောက်ပွဲများတွင် ယခုကဲ့သို့ ဝေဖန်မှုများမရှိဘဲ ၈၀ ရာခိုင်နှုန်းခန့် နိုင်ခဲ့မှုအပေါ် ယခုကော်မရှင်အနေဖြင့် ဒီအချက်အလက်များကို ထုတ်ပြန်လိုက်မည်ဆိုပါက နိုင်ငံတကာက လက်ခံရန်၊ ပြည်သူများကလက်ခံရန် နည်းနည်းအခက်အခဲရှိနိုင်မည်ဟု မိမိအနေဖြင့် ယူဆမိကြောင်း၊ အားလုံးက လက်ခံလာရန်အတွက် လွတ်လပ်သော စောင့်ကြည့်လေ့လာရေးအဖွဲ့များ၊ နိုင်ငံတကာကပဲဖြစ်ဖြစ်၊ ပြည်တွင်းက ပညာရှင်များပဲဖြစ်ဖြစ် ပါဝင်ပြီး စောင့်ကြည့်သည်ဆိုပါက ပိုမကောင်းနိုင်ဘူးလား၊ ထိုကဲ့သို့ အစီအစဉ်များ ရှိပါသလား မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က UEC သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသည့် တရားဝင်အဖွဲ့အစည်းတစ်ခုဖြစ်ပါကြောင်း၊ ထိုအဖွဲ့တွင် ပါဝင်သည့်အဖွဲ့များတွင် နိုင်ငံ့ဝန်ထမ်း၊ ရုံးဝန်ထမ်းများဖြင့် ဖွဲ့စည်းထားပါကြောင်း၊ UEC အဖွဲ့ဝင်ဆိုသည်မှာလည်း အများယုံကြည်သည့် ပုဂ္ဂိုလ်များကို သတ်မှတ်ချက်နှင့်အညီ ခန့်အပ်ရမည်ဖြစ်ပါကြောင်း၊ မခန့်အပ်နိုင်လျှင် မခန့်သည့်သူတွင် တာဝန်ရှိပါကြောင်း၊ သို့သော် အများယုံကြည်သည့်သူများကို ခန့်အပ်ခဲ့ပါကြောင်း။

**ကြားနေအဖွဲ့အစည်းတစ်ခု**

တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်တိုင်းမှာရှိသော ဌာနဆိုင်ရာ ကိုးခုမှ ဌာနဆိုင်ရာအကြီးအကဲများပါဝင်ပြီး ဖွဲ့စည်းပါကြောင်း၊ ရပ်/ကျေးတွင်လည်း ရပ်/ကျေးက ပါဝင်သည့်သူများအားလုံးဖြင့် ဖွဲ့စည်းထားပါကြောင်း၊ ပြောရမည်ဆိုပါက UEC ၏ ဖွဲ့စည်းမှုသည် မှန်မှန်ကန်ကန် တိတိကျကျ ဖွဲ့စည်းထားပါက အားလုံးကို ကိုယ်စားပြုသည့် ဘက်မလိုက်သည့် ကြားနေအဖွဲ့အစည်းတစ်ခုလည်း ဖြစ်ရမည် ဖြစ်ပါကြောင်း။

ယခု မိမိတို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရွေးကောက်ပွဲဥပဒေပါ သတ်မှတ်ချက်၊ ပြဋ္ဌာန်းချက်များအရ အငြင်းပွားမှုများ သာမန်အားဖြင့် အငြင်းပွားမှုများ၊ ပြဿနာများ၊ အခက်အခဲများက ပြီးခဲ့သည့် ရွေးကောက်ပွဲကာလသုံးပါးလုံး ရွေးကောက်ပွဲအကြိုကာလ လုပ်ငန်းစဉ်များသည်အများကြီးဖြစ်ပါကြောင်း။

အကြိုကာလလုပ်ငန်းစဉ်ဖြစ်သည့် မဲစာရင်းကောက်ယူခြင်းမှအစ မဲလက်မှတ်ရိုက်နှိပ်မှု ပြင်ဆင်ခြင်း၊ သင်တန်းများပေးခြင်း စသည်များရှိပါကြောင်း၊ မဲပေးသည့် ရွေးကောက်ပွဲကာလသည် အမည်စာရင်းတင်သွင်းခြင်း၊ မဲဆွယ်စည်းရုံးရေးလုပ်ခြင်း၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားများမှ ပြောကြားခြင်း၊ အကြိုကာလတွင် တစ်ခုကျန်ခဲ့ပါကြောင်း၊ ယင်းမှာ ဥပဒေမူဘောင်ဖြစ်ပြီး ဥပဒေကို လိုအပ်သလို ပြင်ဆင်ခြင်း၊ ရွေးကောက်ပွဲကာလတွင် လုပ်ရမည့်လုပ်ငန်းစဉ်၊ ရွေးကောက်ပွဲနောက်ပိုင်းလုပ်ရမည့် လုပ်ငန်းစဉ်များရှိပါကြောင်း။

ထိုလုပ်ငန်းစဉ်များကို သာမန်အားဖြင့် ပြောရမည်ဆိုပါက ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် Stakeholder များဖြစ်သည့် ပါတီများ၊ CSO များ၊ အဖွဲ့အစည်းများက အများကြီးကန့်ကွက်မှုများ၊ အကြံပြုမှုများ ရှိပါကြောင်း၊ ထို Record များ အကုန်ရှိနေပါကြောင်း၊ အကြံပြုမှု၊ တွေ့ဆုံဆွေးနွေးမှု၊ အစည်းအဝေးခေါ်ယူပြီး ညှိနှိုင်းမှုစသည့် တင်ပြချက်၊ အကြံပြုချက်များ အများကြီးရှိပါကြောင်း။

**တရားမျှတအောင် ဆောင်ရွက်ပေးရန် တောင်းဆို**

ရွေးကောက်ပွဲကာလတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့်အတွက် ရွှေ့ဆိုင်းပေးရန်ကအစ ရှိခဲ့ပါကြောင်း၊ ထို့နောက် မဲဆွယ်စည်းရုံးသည့်အချိန်တွင်ဖြစ်ဖြစ် တရားမျှတအောင် ဆောင်ရွက်ပေးရန် တောင်းဆိုမှုများလည်း ရှိပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါကြောင့် မဲဆွယ်စည်းရုံးသည့်အချိန်တွင် မမျှမတ ဖြစ်ပါကြောင်း၊ ထို့ကြောင့် တွေ့ဆုံ၍ တောင်းဆိုမှုများလည်းရှိပါကြောင်း။

ရွေးကောက်ပွဲပြီးသည့် အချိန်တွင်လည်း မဲစာရင်းကိစ္စများ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲ နောက်ပိုင်းကာလတွင်လည်း မဲစာရင်းမှားယွင်းသည့် ပြဿနာများက Issues အများကြီးရှိခဲ့ပါကြောင်း၊ ထိုအပေါ်တွင် ဖြေရှင်းဆောင်ရွက်နိုင်သော အခြေအနေမရှိသည့်အတွက် ယခုအခြေအနေအထိ ရောက်ခဲ့သည်ဟု ယူဆပါကြောင်း။

ထို့ကြောင့် ယခုဖြစ်စဉ်များသည် အားလုံးလည်း သိထားပြီးသား၊ ပြောရမည်ဆိုပါက လေ့လာပါက အကုန်လုံး တွေ့ရှိနေပြီးသားဖြစ်စဉ်များဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ရွေးကောက်ပွဲဥပဒေအရ ယခုဖွဲ့စည်းလိုက်သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသော လုပ်ငန်းစဉ် (၁)ဖြစ်သည့် မဲစာရင်းစစ်ဆေးခြင်းအပါအဝင် လုပ်ဆောင်သင့်သည့် လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ လုပ်ငန်းစဉ်(၅)ဖြစ်သည့် အားလုံးပြီးသွားပါက အထွေထွေရွေးကောက်ပွဲ ကျင်းပပေးရမည်ဆိုသည့် လုပ်ငန်းစဉ်များကို မိမိတို့က အားလုံးကို ပွင့်လင်းမြင်သာစွာဖြင့် ထုတ်ပြန်ပေးပါကြောင်း။

ယခုလို သတင်းစာရှင်းလင်းပွဲတွင်လည်း ရှင်းပြပါကြောင်း၊ အားလုံးမြင်သာအောင်လည်း အကုန်လုံးကို ချပြထားမှုများရှိပါကြောင်း၊ ယခုလို တွေ့ဆုံမေးမြန်းသည့်အချိန်တွင် ဖြေရှင်းဆောင်ရွက်ပေးနေမှုများရှိပါကြောင်း၊ ပြီးခဲ့သည့်အပတ်တွင် တင်ပြဆွေးနွေးခဲ့မှုလည်း ရှိပါကြောင်း၊ UN နှင့် Third Party ကနေ ဆောင်ရွက်ရန်တို့ကို မေးမြန်းခဲ့ပါကြောင်း။

မိမိတို့နိုင်ငံသည် လွတ်လပ်သည့်နိုင်ငံဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေများဖြင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းဖြစ်သည့်အတွက် ပွင့်လင်းမြင်သာစွာဖြင့် အားလုံးကို ရှင်းလင်းစေရန် ဆက်လက်ဖြေရှင်းဆောင်ရွက်သွားမည့် အစီအစဉ်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ **VOA သတင်းဌာနမှ သတင်းထောက် ဦးမိုးဇော်**က ယခု သတင်းစာရှင်းလင်းပွဲတွင် တင်ပြသွားသည့် Video Clips ခုနစ်ခုသည် မည်ကဲ့သို့ ရရှိထားပါသလဲ၊ မိမိဆိုလိုသည်မှာ မြို့နယ်ကော်မရှင်များက မေးမြန်းပြီး ရရှိခြင်းလား၊ သို့မဟုတ် တခြား လွတ်လပ်သည့် သတင်းမီဒီယာတစ်ခုခုက ရရှိထားသည့် အချက်များကို တင်ပြခြင်းလား မေးမြန်းသည်။

**ခိုင်မာသည့် ဗီဒီယိုဖိုင်များဖြစ်**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က ယခု မိမိတို့ တင်ပြထားသည့် Video Clips များ၊ တချို့ကိစ္စများသည် Social Media များတွင် တွေ့ပြီးသား၊ မြင်ပြီးသား၊ အားလုံး Public လုပ်ထားသည့်ကိစ္စများ ဖြစ်ကြောင်း၊ ယခုလို Video Clips နှင့် ဓာတ်ပုံများလည်း ပါဝင်ကြောင်း၊ တချို့ကိစ္စများတွင် မိမိတို့အနေဖြင့် သွားရောက်၍ မဲစာရင်းစစ်ဆေးမှုများကို မြေပြင်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါကြောင်း၊ အဖွဲ့များခွဲ၍ မဲစာရင်းစစ်ဆေးခြင်း၊ မဲလက်မှတ်များ စစ်ဆေးခြင်းများ ရှိပါကြောင်း၊ စစ်ဆေးသည့်အချိန်တွင် တွေ့ရှိချက်အပေါ်မူတည်၍ Linking ဆက်စပ်ပြီး ထပ်မံစစ်ဆေးမေးမြန်းချက်များအရ ရရှိသည့် ဗီဒီယိုဖိုင်များဖြစ်ပါကြောင်း၊ အားလုံးက ခိုင်မာသည့် ဗီဒီယိုဖိုင်များဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

**VOA သတင်းဌာနမှ သတင်းထောက် ဦးမိုးဇော်**က အခြားလွတ်လပ်သော သတင်းမီဒီယာများကို ဖိတ်ခေါ်၍ ထိုသို့ တွေ့ဆုံမေးမြန်းမှုများကို နောက်ပိုင်းတွင် လုပ်ဆောင်သွားရန် အစီအစဉ် ရှိ/မရှိ မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က ယနေ့ တွေ့ဆုံသည့် သတင်းစာရှင်းလင်းပွဲတွင် ရန်ကုန်၊ နေပြည်တော်နှင့် အားလုံး MRTV ၌ သုံးရက် ကြိုတင်ကြေညာလုပ်ဆောင်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

**VOA သတင်းဌာနမှ သတင်းထောက် ဦးမိုးဇော်**က မိမိဆိုလိုသည်မှာ Video Clips ထဲတွင်ပါသည့် ပုဂ္ဂိုလ်မျိုးများဖြစ်ကြောင်း၊ Video Clips ထဲတွင် ပြောသွားသည့် မြစ်ကြီးနား၊ ရမ်ပူက ကော်မရှင်ခွဲထဲတွင်ပါသည့်သူမျိုးကိုဆိုလိုပါကြောင်း၊ ထိုကဲ့သို့ အချက်အလက်များကို ရယူစုဆောင်းသည့်အချိန်များတွင် လွတ်လပ်သော သတင်းမီဒီယာများ၏ ပါဝင်သည့်အခန်းကဏ္ဍကို ဆိုလိုပါကြောင်း၊ ပိုမိုခိုင်မာအားကောင်းသွားစေရန် ရည်ရွယ်ခြင်းဖြစ်ပါကြောင်း၊ လွတ်လပ်သော သတင်းမီဒီယာများပါဝင်ပြီး အချက်အလက်ရယူခြင်းများကို လုပ်ဆောင်သွားရန်ရှိပါသလား မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က ပြန်လည်ရှင်းလင်းရာ ယခုပေးသည့် အကြံဉာဏ်သည် ကောင်းမွန်ပါကြောင်း၊ ထိုကဲ့သို့ ဖြစ်စေရန်မှာ တချို့ကိစ္စများတွင် အဆင်မပြေပါကြောင်း၊ အခြေအနေနှင့် အချိန်အခါလည်း ရှိပါကြောင်း၊ ဖြစ်နိုင်သည့်အချိန်တွင် မိမိတို့အနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ။

(ဆက်လက်ဖော်ပြပါမည်)



သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာသူများက ဆူပူအကြမ်းဖက်မှုများတွင် အသုံးပြုသည့် လက်နက်ကိရိယာများကို ကြည့်ရှုလေ့လာကြစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး

၂။ စီးပွားရေး
(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ လူမှုရေး
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား စေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုကြည်ညိုလျက်ရှိ



**နေပြည်တော် မတ် ၂၆**
ဗုဒ္ဓဘာသာဘုရားစေတီများအပါအဝင် သက်ဆိုင်ရာဘာသာများအလိုက် ဘာသာရေးကျောင်းများအား ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များကို ဖေဖော်ဝါရီ ၈ ရက်မှ စတင်၍ ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်ပေးထားရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင် တော်မြတ်ကြီး၊ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့ အပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးရှိ ဘုရား စေတီပုထိုးများ၌ ဘုရားဖူးလာ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် မိဘပြည်သူများက ဖူးမြော်ကြည်ညို ကုသိုလ်ယူလျက်ရှိကြသည်။

ထို့ပြင် သက်ဆိုင်ရာ ဘာသာရေးကျောင်းများတွင်လည်း ဘာသာဝင်များက စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုလျက်ရှိကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## (၇၆)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်း

**နေပြည်တော် မတ် ၂၆**
(၇၆)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ ပြုလုပ်ရာ ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ စစ်သည် ၃၄ ဦးတို့က သတ်မှတ်နေရာများ၌ စုပေါင်းသွေးလှူဒါန်းကြသည်။

ထိုသို့ သွေးလှူဒါန်းနေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ် မြတ်သက်ဦးနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့အတူ (၇၆)နှစ်မြောက်တပ်မတော်နေ့အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့ နေ့လယ်ပိုင်းတွင်း မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ တပ်မတော်ဆေးရုံ၌ ပြုလုပ်ရာ နှလုံးလှကြယ်စင်သွေးအလှူရှင်များအသင်း၊ ပြင်ဦးလွင်ခရိုင်၊ မြို့နယ်များရှိ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ပြင်ဦးလွင်မြို့နယ်အတွင်းရှိကျေးရွာများမှ စေတနာရှင်သွေးအလှူရှင် ၁၅၀ တို့က သတ်မှတ်နေရာများ၌ စုပေါင်းသွေးလှူဒါန်းကြပြီး ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကာ အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်း ရရှိသည်။


**သတင်းစဉ်**

## မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာနေထိုင်နိုင်စေရေးနှင့် ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ်လုံခြုံရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မတ် ၂၆**
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှ စတင်ကာ လုံခြုံရေးအား နေ့ညမပြတ်ပြည့်ဝစွာဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်း သာယာစွာနေထိုင်နိုင်စေရေး၊ ရပ်ရွာအေးချမ်း သာယာမှုရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ လှည့်ကင်း၊ ပတ်ကင်းများဖြင့် လိုအပ်သည့်လုံခြုံရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

■



**ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများအား တပ်မတော်ဆေးရုံများ၌ ဆက်လက်လက်ခံကုသ

**နေပြည်တော် မတ် ၂၆**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသား ပြည်သူများအတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၉၇၉၅၂ ဦး၊ အတွင်းလူနာ ၄၁၀၁ ဦးကို တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့်လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက် ကုသရန်လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေးအဆင်ပြေစေရန်အတွက်ကိုပါ စီမံဆောင်ရွက်ပေးသည်။

ထိုသို့ လာရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအနက် အကြီးစားခွဲစိတ်ကုသရန် လိုအပ်သူ ၄၅၄၂ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၂၄၁၉ ဦး စုစုပေါင်း ၆၉၆၁ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားရန် အခက်အခဲဖြစ်နေသည့် မွေးလူနာများကို တပ်မတော်ဆေးရုံအသီးသီးတွင် တက်ရောက်စေလျက်ရှိပြီး ၎င်းတို့အနက် ၂၄၅၄ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၃၆၇၃ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၆၁၂၇ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

ယင်းသို့ဒေသခံပြည်သူများအား ဆေးကုသပေးနေမှု အခြေအနေများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်



ကုသမှုခံယူနေသောလူနာများအတွက် စားသောက်ဖွယ်ရာများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဆူပူအကြမ်းဖက်မှုများ ဆောင်ရွက်ရာတွင် အသုံးပြုသည့် လက်နက်များနှင့် ဆက်စပ်ပစ္စည်းများ ထပ်မံဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၆**

တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများနှင့်ပူးပေါင်း၍ ဆူပူအကြမ်းဖက်သူများ အသုံးပြုလျက်ရှိသည့် လက်နက်များနှင့် ပစ္စည်းများကို စစ်ဆေးရှာဖွေခြင်း၊ သတင်းဖော်ထုတ် ဖမ်းဆီးထိန်းသိမ်းခြင်းများ ဆောင်ရွက်လျက်ရှိရာ မတ် ၂၅ ရက်တွင် နောင်ချိုမြို့ အိုရီယမ်တယ်တိုးဂိတ်အနီး၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ယာဉ်ဝင်/ထွက်မှုများ စစ်ဆေးဆောင်ရွက်စဉ် လားရှိုးမြို့မှ ရန်ကုန်မြို့ဘက်သို့ အောင်နိုင်ဝင်း (ဘ)ဦးကြည်ဝင်း မောင်းနှင်ပြီး ရဲခေါင်တင့်ဆွေ(ဘ)ဦးတင်ရွှေ၊ မင်းခန့်ကျော် (ဘ) ဦးတင်မိုး လိုက်ပါလာသည့် ရတနာခရီးသည်တင်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ အဆိုပါယာဉ်ပေါ်မှ ဂျင်ကလိ အချောင်း ၁၀၀၊ ဖိုက်ဘာလက်ရိုက်တုတ်ချောင်း ၂၀၊ အခြားဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း၊ ဘားအံမြို့ အမှတ်(၉) ရပ်ကွက် မဲဘောင်လမ်းဆုံအနီးရှိ နေအိမ်သုံးလုံး၌ စောအေးသူ (ဘ)ဦးရင်ရွှေ၊ ဦးချစ်ဝင်း(ခ) ကျားကြီး (ဘ)ဦးထွန်းသာမြ၊ ဇော်မင်းထွန်း (ဘ)ဦးစိန်ကုလား၊ မစန်းစန်းထွေး (ဘ)ဦးရင်ရွှေ၊ မထက်မြတ်နိုးဦး (ဘ)ဦးသန်းရွှေ၊ မနန်းခိုင်ခင်မိုး(ခ)ပိုင်ပိ(ဘ)ဦးချစ်ဝင်းတို့ ခြောက်ဦးအား ရေသန့်ဘူးဖြင့် ထည့်ထားသည့်ယမ်းမှုန့် ၁၂ ဘူး၊ လောင်စာဆီများထည့်လျက် မီးစာတပ်ထားသည့် ပုလင်း ၁၄၇ လုံး၊ လက်လုပ်အသံဖိုး ၂၇ ဘူး၊ အခြား ဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း၊ မြောင်းမြမြို့ မြစန္ဒာရပ်ကွက် အရှေ့ကုန်းသုသာန်လမ်း စန်းအောင် (ဘ) ဦးကျော်ဝင်း နေအိမ်၌ ၎င်းအား



မြောင်းမြမြို့ မြစန္ဒာရပ်ကွက် ရိုးဆိပ်(၁)လမ်းရှိ လေးဟန် (ဘ)ဦးဝင်းဆင့်အား ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသောပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိစဉ်။


လေသေနတ် တစ်လက်၊ အခြား ဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း၊ ရိုးဆိပ်(၁)လမ်းရှိ လေးဟန် (ဘ)ဦးဝင်းဆင့်အား လက်လုပ်သေနတ် တစ်လက်၊ အခြား ဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

ထို့အတူ မတ် ၂၄ ရက်နှင့် ယနေ့တို့တွင် ဟင်္သာတမြို့ လယ်တီကွင်းရပ်ကွက် မြို့ပတ်လမ်းရှိ အိမ်အမှတ်(၂၅၂) ဖြိုးမင်းဟိန်းနေအိမ်၌ လေသေနတ် အတို တစ်လက်၊ ဒူးလေး တစ်လက်၊ ရဲဒင်း နှစ်လက်၊ ဓား နှစ်ချောင်း၊ အခြားဆက်စပ်ပစ္စည်းများအားလည်းကောင်း၊ ကနောင်စုရပ်ကွက် တိုင်း(၉) မြန်မာ့မီးရထား(ဟင်္သာတ)ဝန်းအတွင်းရှိ ဒီဇယ်စက်ခေါင်းပြင်ရုံအတွင်း၌ သံဒိုင်းကာ လေးချပ်၊ အခြား ဆက်စပ်ပစ္စည်းများအားလည်းကောင်း၊ မြန်မာ့မြို့ပြအင်ဂျင်နီယာဌာနလုပ်သား ရဲလင်းနောင်(ခ) ဖိုးချို(ဘ)ဦးတင်ဦး နေအိမ်၌ ၎င်း၏ဇနီးဖြစ်သူ မြင့်မြင့်ထူး(ဘ) ဦးကျော်ထူးနှင့် အင်ကြင်မောင် (ဘ)ဦးသိန်းစိုးတို့ သုံးဦးအား ဓားမျိုးစုံ ရှစ်ချောင်း၊ အခြား ဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း၊ ဟင်္သာတမြို့နယ် တလုတ္တော်မြို့ ဘုရားကုန်းကျေးရွာအုပ်စု ဈေးပိုင်းရပ်ကွက် မြတ်မိုး (ဘ)ဦးသိန်းအောင်နေအိမ်၌ မိုန်းလေးချောင်း၊ လက်လုပ်သေနတ် တစ်လက်၊ အခြားဆက်စပ်ပစ္စည်းများနှင့်လည်းကောင်း၊ လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့ အမှတ်(၁၂) ရပ်ကွက် မာဃလမ်း အိမ်အမှတ်(၂၁)၌ နိုင်ဝေယံ(ဘ) ဦးကံဝင်းအား လေသေနတ် တစ်လက်၊ ဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း၊ ဖျာပုံမြို့ အမှတ်(၁၈)ရပ်ကွက် သမိန်ထောရာမလမ်း အမှတ်(၁၈၈)ရှိ ရှိုင်းထက်အောင် (ဘ)ဦးခင်မောင်တိုး နေအိမ်၌ ဓားမြှောင် တစ်ချောင်း၊ ဂျင်ကလိ ၁၇ ချောင်း၊ ဆက်စပ်ပစ္စည်းများအား လည်းကောင်း ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

အလားတူ ယနေ့တွင်လည်း လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အမှတ်(၉၉၃/၉၉၅) သုဓမ္မာလမ်းရှိ ဦးသံချောင်းနေအိမ်၌ ဇနီး ဖြစ်သူ ဒေါ်လှလှမြင့်(ဘ) ဦးလှမြင့်နှင့် သမီးဖြစ်သူ မနှင်းနှင်းဦးတို့အား ဒူးလေး တစ်လက်၊ ဂျင်ကလိ ကိုးချောင်း၊ ဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း၊ ကော့မှူးမြို့နယ် ဆပုဂံကျေးရွာအုပ်စု မြို့ကုန်းကျေးရွာရှိအားမာန်ပရဟိတအသင်းရုံး၌ ဖိုက်ဘာဦးထုပ် ၄၂ လုံး၊ ဒိုင်းမျိုးစုံ ၂၆ ခု၊ ဖြတ်စက် တစ်ခု၊ ဆက်စပ်ပစ္စည်းအားလည်းကောင်း၊ မိုးကုတ်မြို့ လယ်ဦးရပ် ရွှံ့ပန်းရပ်ကွက် အိမ်အမှတ်(ဘလ/၃၆)၌ ဇော်လင်း(ဘ)ဦးဝင်းရွှေ၊ ကြာရွှေသန်း(ခ)ရန်နိုင်ဦး (ဘ) ဦးလာဆာ၊ ဝင်းထွန်းစိုး (ဘ)ဦးဘမြင့်၊ ရဲထွဋ်စိုး(ဘ)ဦးစံနှင့် ဟန်ဝင်းထွန်း(ဘ)ဦးသောင်းချိုတို့ ငါးဦးအား လက်လုပ်မိုင်း ၂၃ လုံး၊ ဂျင်ကလိ ၂၃ ချောင်း၊ ဓားမြှောင် သုံးချောင်း၊ ဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း၊ အမရပူရမြို့နယ် ရှမ်းကလေးကျွန်းကျေးရွာရှိ လူနေထိုင်ခြင်းမရှိသည့် နေအိမ်အတွင်း၌ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် ဒိုင်း ၄၂ ခု၊ မီးစာတပ်ပုလင်း ၈၅ လုံး၊ လက်လုပ်မိုင်း အလုံး ၅၀၊ အခြားဆက်စပ်ပစ္စည်းများအား လည်းကောင်း ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးထိန်းသိမ်းရမိသူများကို လိုအပ်သည်များ စစ်ဆေးနိုင်ရန်နှင့် ဥပဒေအရ အရေးယူနိုင်ရန် ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်းနှင့် ထွက်ပြေးတိမ်းရှောင်လျက်ရှိသော ပါဝင်ပတ်သက်သူများကိုလည်း အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# တေလာဆွစ်ရဲ့ တေးသီချင်းသစ် ထုတ်လွှင့်


ကျော်ကြားတဲ့ အမေရိကန်ပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ တေလာဆွစ်က သူ့ရဲ့ တေးသီချင်းသစ်တစ်ပုဒ်ဖြစ်တဲ့ You All Over Me ကို လတ်တလောမှာ စတင်ထုတ်လွှင့်ပေးခဲ့တာဖြစ်ပါတယ်။ တေးသီချင်းသစ် ထုတ်လွှင့်မယ့်အကြောင်းကို တေလာဆွစ်က သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ တစ်ရက် ကြိုတင်ရေးသားဖော်ပြခဲ့ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

တေလာဆွစ်ဟာ မတ် ၂၆ ရက်မှာ You All Over Me ကို စတင်ထုတ်လွှင့်ပေးခဲ့တာပါ။ အဆိုပါ တေးသီချင်းဟာ From The Vault တေးစီးရီးမှာပါဝင်တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်ပါတယ်။ တေလာဆွစ်ဟာ သူ့ရဲ့ ထွက်ရှိခဲ့ပြီးဖြစ်တဲ့ တေးအယ်လ်ဘမ် Fearless ကို ဗားရှင်းအသစ်နဲ့ ပြန်လည်ထုတ်လုပ်သွားမှာဖြစ်ပြီး အဆိုပါ တေးအယ်လ်ဘမ်မှာ တေးသီချင်းဟောင်းတွေအပြင် ယခင်က ထုတ်လွှင့်ခဲ့ဖူးခြင်းမရှိတဲ့ တေးသီချင်း ခြောက်ပုဒ်လည်းပါဝင်မှာ ဖြစ်တယ်လို့ သိရပါတယ်။

တေလာဆွစ်က သူ့ရဲ့ တေးသီချင်းသစ် You All Over Me ထုတ်လွှင့်ပေးမယ့်အကြောင်း မတ် ၂၅ ရက်က သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် ပရိသတ်တွေကို အသိပေးခဲ့ပါတယ်။ ထုတ်လွှင့်ချိန်မှာ အဆိုပါတေးသီချင်းကို စာသားတွေ ဖော်ပြထားတဲ့ ဗီဒီယိုနဲ့အတူ ဖော်ပြခဲ့တာလည်း ဖြစ်ပါတယ်။ အဆိုပါ တေးသီချင်းဟာ ပြန်လည်ထုတ်လုပ်သွားမယ့် Fearless မှာ ပါဝင်မယ့် တေးသီချင်းတစ်ပုဒ်လည်း ဖြစ်ပါတယ်။

အေးပြည့်

# အိုင်ကျွန်းတေးဂီတဇယားတွေကို ဦးဆောင်နေတဲ့ အိုင်ယူ



တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် ကျော်ကြားတဲ့ ကေပေါ့ပ်ကြယ်ပွင့် တစ်ဦးဖြစ်သူ အိုင်ယူဟာ သူ့ရဲ့ တေးအယ်လ်ဘမ်သစ် ထုတ်လွှင့်မှုနဲ့အတူ လတ်တလောမှာ ကမ္ဘာတစ်ဝန်းက အိုင်ကျွန်းတေးဂီတဇယားတွေမှာ နံပါတ်တစ်နေရာ ရယူထားနိုင်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အိုင်ယူက ပရိသတ်တွေ အချိန်ကြာမြင့်စွာ စောင့်မျှော်နေခဲ့ရတဲ့ သူ့ရဲ့ တေးအယ်လ်ဘမ်သစ် LILAC ကို မတ် ၂၅ ရက်မှာ စတင်ထုတ်လွှင့်ပေးခဲ့တာပါ။ အဆိုပါ တေးအယ်လ်ဘမ်ဟာ အိုင်ယူရဲ့ ငါးခုမြောက် တေးအယ်လ်ဘမ်ဖြစ်ပြီး စတင်ထုတ်လွှင့်ပြီးနောက် ၂၄ နာရီအကြာမှာ ဒေသတွင်း တေးဂီတဇယားတွေရဲ့ ထိပ်ပိုင်းမှာ နေရာရနေတာကိုလည်း တွေ့ရပါတယ်။

ဒါ့အပြင် မတ် ၂၆ ရက်မှာ အိုင်ယူရဲ့ ဖျော်ဖြေရေးအေဂျင်စီက ထုတ်ဖော်ပြောကြားချက်အရ အဆိုပါ တေးအယ်လ်ဘမ်ဟာ စတင်ထုတ်လွှင့်ပြီးနောက် ၂၄ နာရီအတွင်း ကမ္ဘာတစ်ဝန်းက နိုင်ငံနဲ့ ဒေသ ၁၁ ခုရဲ့ အိုင်ကျွန်းတေးဂီတ ဇယားတွေကို ဦးဆောင်ထားနိုင်ကြောင်းလည်း သိရပါတယ်။ နံပါတ်တစ် နေရာမှာ ရပ်တည်နေနိုင်ခဲ့တဲ့ နယ်မြေနဲ့ ဒေသ ၁၁ မှာ ဘရာဇီး၊ ကမ္ဘောဒီးယား၊ တရုတ်(တိုင်ပေ)၊ မလေးရှား၊ စင်ကာပူ၊ အစ္စရေး၊ ဟောင်ကောင်၊ ဖိလစ်ပိုင်၊ နော်ဝေ၊ သီရိလင်္ကာ စသည်တို့ ပါဝင်ကြောင်းလည်း သိရပါတယ်။

အေးပြည့်

MQID
Myanmar Quarry-Infrastructure Development Public Company Limited

## မြန်မာနိုင်ငံကျောက်ထုတ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် (MQID) ပထမအကြိမ်နှစ်ပတ်လည်အထွေထွေ အစည်းအဝေးကျင်းပရက်ရွှေ့ဆိုင်းခြင်း

မြန်မာနိုင်ငံကျောက်ထုတ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ ပထမအကြိမ်နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို ၂၈-၄-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့)တွင် ကျင်းပပြုလုပ်သွားရန် သတ်မှတ်ထားခဲ့သော်လည်း မူလသတ်မှတ်ထားသည့် ၂၈-၄-၂၀၂၁ရက်တွင် ကျင်းပပြုလုပ်နိုင်မည်မဟုတ်ပါသဖြင့် ကုမ္ပဏီ၏ ပထမအကြိမ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးအား ရက်အကန့်အသတ်မရှိ ရွှေ့ဆိုင်းထားပါကြောင်းနှင့် အစည်းအဝေးကျင်းပနိုင်မည့်ရက်ကို ကြိုတင်အသိပေးကြေညာသွားမည်ဖြစ်ပြီး အောက်ဖော်ပြပါ E-mail, Phone များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

Email - mqid.mm@gmail.com
Phone - 09-783700700, 09-899993738

ဒါရိုက်တာအဖွဲ့
Myanmar Quarry-Infrastructure Development Public Co.,Ltd

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ရွှေထီးအိမ်ရာ၊ အခန်း(၁၀၁)၊ တိုက်အမှတ်(၉)တွင်နေထိုင်သူ ဒေါ်နှင်းဝတ်ရည်မင်း [၁၂/လမန(နိုင်)၁၃၇၇၁၉]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်ကြေညာအပ်သည်မှာ- ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဘုရင့်နောင်လမ်း၊ တိုးချဲ့(၂)ရပ်ကွက်၊ အိမ်ရာအကွက်အမှတ်(5)၊ အိမ်ရာအဆင့် (W)၊ ကိုယ်ထူကိုယ်ထ အိမ်ရာချထားရေးကော်မတီ၏ ငွေရပြေစာအမှတ်စဉ်-1219/2097၊ ခြံကွက်အမှတ်(၄၂)၊ အကျယ်အဝန်း(အလျား ၄၀'x အနံ ၆၀')ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်၊ ကိုယ်ပိုင်လျှပ်စစ်မီတာ၊ ရေမော်တာ အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ရှင်ဖြစ်သူဦးကျော်မြင့်ထွန်း[၁၂/မရက(နိုင်)၀၀၆၄၇၂]ထံမှ (၁၄-၃-၂၀၂၁)ရက်နေ့တွင် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နှင်းဝတ်ရည်မင်းက "မြေကွက်နှင့် နေအိမ်အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်"ချုပ်ဆို၍ ဝယ်ယူလက်ဝယ်ပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပိုးဇာမြင့်ဦး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၇၂၂)**
**(၉/၁၁)၊ (၃၆)လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၈၄၈၄၉၃၅၈၊ ၀၉-၄၀၁၅၂၆၈၀၉**

# တိုက်စစ်မှူး ဒီယေဂိုကော်စတာအား ခေါ်ယူမယ့်သတင်းအပေါ် ဘင်ဖီကာအသင်း ငြင်းဆို

ချယ်လ်ဆီးအသင်းနဲ့ အက်သလက်တီကိုမက်ဒရစ်အသင်းတို့ရဲ့ တိုက်စစ်မှူးဟောင်း ဒီယေဂိုကော်စတာကို ခေါ်ယူမယ်ဆိုတဲ့အသင်းအား ပေါ်တူဂီကလပ် ဘင်ဖီကာအသင်းက ငြင်းဆိုခဲ့တယ်လို့ သိရပါတယ်။


ဘင်ဖီကာအသင်းနဲ့ တိုက်စစ်မှူး ဒီယေဂိုကော်စတာတို့ဟာ နှစ်နှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ချုပ်ဆိုရေးနဲ့ပတ်သက်ပြီး စည်းမျဉ်းအရသဘောတူညီထားတယ်လို့ စပိန်အားကစားသတင်းဌာနတစ်ခုက ဖော်ပြခဲ့ပြီးနောက် ဘင်ဖီကာအသင်းက အထက်ပါအတိုင်းငြင်းဆိုခဲ့တာဖြစ်ပါတယ်။



ဘရာဇီးနွယ်ဖွား စပိန်လက်ရွေးစင်ကစားသမား ဒီယေဂိုကော်စတာဟာ ၂၀၁၃-၂၀၁၄ ဘောလုံးရာသီမှာ အက်သလက်တီကိုမက်ဒရစ်အသင်းကို စပိန်လာလီဂါဖလားရယူပေးခဲ့ပြီးနောက် ချယ်လ်ဆီးအသင်းကို ပြောင်းရွှေ့ခဲ့တာဖြစ်ပြီး ချယ်လ်ဆီးအသင်းနဲ့အတူ ၂၀၁၄ ခုနှစ်ကနေ ၂၀၁၇ ခုနှစ်အထိ ပါဝင်ကစားပေးခဲ့ရာမှာ ပရီမီယာလိဂ်ဖလားနှစ်ကြိမ် ရယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။

အဲဒီနောက်မှာတော့ တိုက်စစ်မှူး ဒီယေဂိုကော်စတာဟာ အသင်းဟောင်း အက်သလက်တီကို မက်ဒရစ်အသင်းဆီ ပြန်လည်ပြောင်းရွှေ့ခဲ့ပြီး ဒုတိယအကြိမ်ပြန်လည်ခြေချခဲ့တဲ့သုံးနှစ်တာကာလအတွင်းမှာ စပိန်လာလီဂါပွဲစဉ် ၄၃ ပွဲသာ ပွဲထွက်ကစားခွင့်ရရှိခဲ့တာဖြစ်ပါတယ်။ အဲဒီ ၄၃ ပွဲမှာ သွင်းဂိုး ၁၂ ဂိုးသာသွင်းယူပေးနိုင်ခဲ့ပြီး ပုဂ္ဂိုလ်ရေးဆိုင်ရာ အကြောင်းပြချက်ကြောင့် ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာလအတွင်းက အက်သလက်တီကိုမက်ဒရစ်အသင်းကနေ ထွက်ခွာခဲ့တာဖြစ်ပါတယ်။

လက်ရှိမှာ ဘင်ဖီကာအသင်းက ခေါ်ယူမယ့်သတင်းအပေါ်ငြင်းဆိုထားပေမယ့် ပရီမီယာလိဂ်ကလပ် ဝုလ်ဗာဟမ်တန်အသင်းနဲ့ ဘရာဇီးကလပ် ဆော်ပေါ်လိုအသင်းတို့က အသက် ၃၂ နှစ်အရွယ်ရှိ တိုက်စစ်မှူး ဒီယေဂိုကော်စတာကို ခေါ်ယူဖို့ ပစ်မှတ်ထားနေတယ်လို့ သိရပါတယ်။



# ဘာစီလိုနာအသင်းတိုက်စစ်မှူး မက်ဆီ စာချုပ်သစ်ချုပ်ဆိုရန် နီးစပ်နေ

ဘာစီလိုနာအသင်းတိုက်စစ်မှူး မက်ဆီဟာ လက်ရှိကလပ် ဘာစီလိုနာအသင်းနဲ့အတူ စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုဖို့ နီးစပ်နေပြီဖြစ်တယ်လို့ ဘာစီလိုနာကစားသမားဟောင်း ရီဗယ်ဒိုက ပြောကြားခဲ့ပါတယ်။

အသက် ၃၃ နှစ်အရွယ် တိုက်စစ်မှူး မက်ဆီဟာ ယခုလိုစာချုပ်သစ်ကိစ္စနဲ့ ပတ်သက်ပြီး သဘောတူညီဖို့ မဆုံးဖြတ်မီ ပြီးခဲ့တဲ့ဘောလုံးရာသီက ဘာစီလိုနာအသင်းကနေ ထွက်ခွာဖို့အထိ စီစဉ်ခဲ့တာလည်းဖြစ်ပါတယ်။ အဲဒါကြောင့် ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်းက တိုက်စစ်မှူး မက်ဆီကို ခေါ်ယူမယ်ဆိုတဲ့ သတင်းတွေလည်း ထွက်ပေါ်ခဲ့ပါတယ်။

ဒါပေမယ့် ဘာစီလိုနာအသင်းဥက္ကဋ္ဌအဖြစ် ဘာပေ့ါတာ ရွေးချယ်ခံခဲ့ရပြီးချိန်မှာတော့ စာချုပ်သစ်ချုပ်ဆိုသွား မယ်လို့ တိုက်စစ်မှူးမက်ဆီက ၎င်းရဲ့ဆန္ဒကို ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။ တိုက်စစ်မှူး မက်ဆီဟာ ယခင်ချုပ်ဆိုခဲ့တဲ့လေးနှစ်သက်တမ်းရှိစာချုပ်သစ်တစ်ရပ်ကို ၂၀၁၇ ခုနှစ် အတွင်းက ချုပ်ဆိုခဲ့တာဖြစ်ပြီး အဲဒီစာချုပ်သက်တမ်းဟာ အခုနှစ် ဇွန်လအတွင်းမှာ ကုန်ဆုံးမှာဖြစ်ပါတယ်။

တိုက်စစ်မှူး မက်ဆီဟာ အခုနှစ်ဘောလုံးရာသီမှာ ဘာစီလိုနာအသင်းနဲ့အတူ သွင်းဂိုး ၂၃ ဂိုးသွင်းယူပေးထားနိုင်ခဲ့ပြီး ဘာစီလိုနာအသင်းကစားသမားဘဝတစ်လျှောက် ပြိုင်ပွဲအရပ်ရပ်သွင်းဂိုး ၆၆၃ ဂိုးအထိရှိလာခဲ့တာဖြစ်ပါတယ်။

# တိုက်စစ်မှူး ဆွာရက်ဇ်ကို လီဗာပူးအသင်း ပြန်လည်ခေါ်ယူဖွယ်ရှိနေ

လီဗာပူးအသင်းရဲ့ အားထားရတဲ့ တိုက်စစ်မှူးတစ်ဦးဖြစ်တဲ့ မိုဟာမက်ဆာလက် အသင်းကနေ ထွက်ခွာခဲ့ပါက လီဗာပူးအသင်းအနေနဲ့ တိုက်စစ်မှူး ဆွာရက်ဇ်ကို ပြန်လည်ခေါ်ယူဖွယ်ရှိနေတယ်လို့ သိရပါတယ်။

တိုက်စစ်မှူး မိုဟာမက်ဆာလက်ကို စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့အပြင် ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းတို့ကလည်း ခေါ်ယူဖို့ ပစ်မှတ်ထားနေတာဖြစ်ပါတယ်။

လီဗာပူးအသင်းနည်းပြ ကလော့ကအသင်းရဲ့ တိုက်စစ်ပိုင်းမှာ ရောဘတ်တိုဖာမီနို၊ ဆာဒီယိုမာနေးတို့နဲ့အတူ အကောင်းဆုံးပုံစံပြန်လည်ရရှိဖို့အတွက် တိုက်စစ်မှူး ဆာလက်ကို အသင်းမှာဆက်ရှိနေဖို့ ဆန္ဒရှိနေခဲ့ပေမယ့် တိုက်စစ်မှူး ဆာလက်က လီဗာပူးအသင်းကနေထွက်ခွာဖို့ စီစဉ်နေတာကြောင့် တိုက်စစ်မှူး ဆွာရက်ဇ်ကို ပြန်လည်ခေါ်ယူဖို့ လီဗာပူးအသင်းက စီစဉ်နေတာဖြစ်ပါတယ်။

ဥရုဂွေးတိုက်စစ်မှူး ဆွာရက်ဇ်ဟာ ၂၀၁၄ ခုနှစ်အတွင်း လီဗာပူးအသင်းကနေ ဘာစီလိုနာအသင်းဆီ ပြောင်းရွှေ့ခဲ့တာဖြစ်ပြီး ပြီးခဲ့တဲ့နှစ်ဘောလုံးရာသီကုန်ချိန်မှာတော့ ဘာစီလိုနာအသင်းကနေ အက်သလက်တီကိုမက်ဒရစ်အသင်းဆီ ပြောင်းရွှေ့ကစားခဲ့တာဖြစ်ပါတယ်။

အသက် ၃၄ နှစ်အရွယ်ရှိ တိုက်စစ်မှူး ဆွာရက်ဇ်ဟာ အခုနှစ်ဘောလုံးရာသီမှာ အက်သလက်တီကို မက်ဒရစ်အသင်းနဲ့အတူ ၂၅ ပွဲပါဝင်ကစားပေးခဲ့ရာမှာ သွင်းဂိုး ၁၉ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့တာဖြစ်ပြီး အက်သလက်တီကိုမက်ဒရစ်အသင်းကိုလည်း စပိန်လာလီဂါအမှတ်ပေးဇယားထိပ်ဆုံးမှာ ဆက်လက် ဦးဆောင်နိုင်ရေး စွမ်းဆောင်ပေးခဲ့တာ ဖြစ်ပါတယ်။

တိုက်စစ်မှူးဆွာရက်ဇ်ဟာ လီဗာပူးအသင်းမှာ ရှိနေစဉ်က ပွဲစဉ်စုစုပေါင်း ၁၃၃ ပွဲပါဝင်ကစားပေးခဲ့ရာမှာ သွင်းဂိုးစုစုပေါင်း ၈၂ ဂိုး အထိသွင်းယူပေးနိုင်ခဲ့တာဖြစ်တဲ့အတွက် လီဗာပူးအသင်းက တိုက်စစ်မှူး မိုဟာမက်ဆာလက် အသင်းကနေ ထွက်ခွာခဲ့မယ်ဆိုရင် တိုက်စစ်မှူး ဆွာရက်ဇ်ကို ပြန်လည်ခေါ်ယူသွားဖို့ ရှိနေတာဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

# သတင်းစာဖတ်ပြည်သူများအနေဖြင့် မြန်မာ့အလင်း၊ ကြေးမုံ၊ The Global New Light of Myanmar ရောင်းစုံသတင်းစာများ မှာယူဖတ်ရှုလိုခြင်းနှင့် သတင်းစာများရောက်ရှိမှု မရှိခြင်းတို့ကြောင့် အခက်အခဲများဖြစ်ပေါ်ပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါသည်-

- သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော်။
  ဖုန်း-၀၆၇-၃၄၁၂၁၁၈၊ ၀၉-၄၃၀၁၀၈၁၆၂
- နေပြည်တော်သတင်းစာတိုက်(ဇေယျာသီရိမြို့နယ်)
  ဖုန်း-၀၆၇-၃၆၁၀၇၊ ၀၉-၄၂၀၇၀၆၈၆၇
- မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)
  ဖုန်း-၀၁-၉၅၄၄၃၁၇၊ ၀၉-၄၄၈၀၄၂၂၁၄
- ကြေးမုံသတင်းစာတိုက်(ရန်ကုန်)
  ဖုန်း-၀၁-၈၂၉၂၈၃၀၊ ၀၉-၄၅၀၀၂၅၅၇၀
- The Global New Light of Myanmar (ရန်ကုန်)
  ဖုန်း-၀၁-၈၆၀၄၅၃၂၊ ၀၉-၉၈၃၉၂၄၉၉၁
- ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)
  ဖုန်း-၀၂-၄၀၃၂၇၂၉၊ ၀၂-၄၀၃၂၅၅၀
- ကိုယ်ပွားသတင်းစာတိုက်(မုံရွာ)
  ဖုန်း-၀၇၁-၂၀၂၆၅၃၅၊ ၀၇၁-၂၀၂၆၅၃၃
- ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)
  ဖုန်း-၀၅၇-၂၀၂၇၅၂၅၊ ၀၅၇-၂၀၂၇၅၂၆
- ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)
  ဖုန်း-၀၄၃-၂၀၂၄၀၉၁၊ ၀၄၃-၂၀၂၃၀၆၈
- ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး)
  ဖုန်း-၀၈၁-၂၁၂၁၀၆၄
- ကိုယ်ပွားသတင်းစာတိုက်(မကွေး)
  ဖုန်း-၀၆၃-၂၀၂၃၇၁၂
- ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံ)
  ဖုန်း-၀၈၄-၂၀၂၂၄၉၂
- ကိုယ်ပွားသတင်းစာတိုက်(ကလေး)
  ဖုန်း-၀၇၃-၂၀၂၂၁၃၃
- ကိုယ်ပွားသတင်းစာတိုက်(မြစ်ကြီးနား)
  ဖုန်း-၀၇၄-၂၅၂၂၄၆၂
- ကိုယ်ပွားသတင်းစာတိုက်(လားရှိုး)
  ဖုန်း-၀၈၂-၂၂၀၄၀၆၇
- ကိုယ်ပွားသတင်းစာတိုက်(ထားဝယ်)
  ဖုန်း-၀၅၉-၂၀၄၂၀၈၃

သင့် လုပ်ငန်းများအောင်မြင်ဖို့

မြန်မာ့အလင်း

ကြေးမုံ

GLOBAL NEW LIGHT OF MYANMAR

သတင်းစာတွင် ကြော်ငြာထည့်ကြစို့

**မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်**
**၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့်**
**လုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ နေပြည်တော်ကောင်စီနယ်မြေ၊ ရေဆင်း၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၌ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါအဆောက်အဦ ဆောက်လုပ်ရန်အတွက် မြန်မာနိုင်ငံသားဆောက်လုပ်ရေးလုပ်ငန်းရှင်များအား ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၈) ရက် (၁၆:၀၀) နာရီ နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါပုံစံ တင်သွင်းရန် ကြေညာအပ်ပါသည်။

RC (၂) ထပ် (၄)ခန်းတွဲ ဆရာ၊ ဆရာမများဝန်ထမ်းအိမ်ရာ (၁)လုံး ဆောက်လုပ်ခြင်း (ရေ၊ မီး၊ မိလ္လာ၊ လမ်း အပါအဝင်)
(၁၁၇'၆"x ၃၈'၀"x ၂၂'၀" ) (၃၁-၈-၂၀၂၂ အပြီးဆောက်လုပ်ခြင်း)

၂။ တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းချက်များကို အထက်ဖော်ပြပါလုပ်ငန်းအတွက် ကျပ်(၂၅၀၀၀/-) နှုန်းဖြင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ငွေစာရင်းဌာန၊ ၀၆၇-၃၄၁၆၆၅၈ သို့ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုသော အချက်အလက်များကို ဖုန်းအမှတ်၊ ၀၆၇- ၃၄၁၆၅၃၀၊ ၀၆၇-၃၄၁၆၅၂၅၊ ၀၆၇-၃၄၁၆၅၂၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း နှင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၏ website ဖြစ်သော www.uvsyezin.edu.mm တွင် ကြည့်ရှုနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်**
**ရေဆင်း၊ ဇေယျာသီရိမြို့နယ်**
**နေပြည်တော်ကောင်စီနယ်မြေ**

**နှစ်ဦးသဘောတူ လက်မှတ်ရေးထိုး**
**လက်ထပ်ပြီးစီးပြီးဖြစ်ကြောင်း**
**အများသိစေရန် ကြေညာခြင်း**

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ကိုလှမြင့်ထွန်း[၈/ပခက(နိုင်)၁၈၃၄၇၈] နှင့် မစံစံမျိုးအောင်[၁၂/အလန(နိုင်)၀၁၃၉၈၃၄]တို့သည် ၂၆-၂-၂၀၁၉ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၌ တရားသူကြီး၏ ရှေ့မှောက်တွင် နှစ်ဦးသဘောတူ တရားဝင် လက်မှတ်ရေးထိုး လက်ထပ်ပြီးစီးပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိုးမိုးအေး(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၅၉၄၃)**
**တိုက်(၂၀)၊ အခန်း(၃၀၂)၊ ကွမ်းခြံ(၄)လမ်း၊ (၄)ရပ်ကွက်၊**
**ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၅၄၃၉၉၃၅၆၊ ၀၉-၇၇၄၇၅၆၅၀၆**

**"ပျောက်ဆုံးကြောင်း"**

ကျွန်တော်များ Standard International MFG CO.,LTD, MICB ဘဏ်စာအုပ် အမှတ်(FDS-100314)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Standard International MFG CO.,LTD**
**Ph:09-966693959**

**အမှတ်တံဆိပ်အသိပေးကြေညာခြင်း**

ပဲခူးတိုင်းဒေသကြီး၊ အမှတ်(၇)၊ မင်းလမ်း၊ ပန်းလှိုင်ရပ်ကွက်၊ ပဲခူးမြို့နေ ဦးမျိုးဆွေ[၁၂/အစန(နိုင်)၁၅၀၃၄၇]သည် အောက်ပါ အမှတ်တံဆိပ်များ၏ မူလတီထွင်ပြုလုပ်သူပိုင်ရှင်ဖြစ်ကာ ယနေ့တိုင် မည်သူကမျှ ထိုအမည်အမှတ်အသားများ အသုံးပြုခြင်းကို မတွေ့မမြင်မကြားသိရသေးပါ-

စိန်ဟင်း

**(စာချုပ်အမှတ် ၆၀/၂၀၁၂၊**
**စာချုပ်အမှတ် ၃၈/၂၀၁၂)**

SeinHinn

အထက်ပါ အမှတ်တံဆိပ်များအား ကုန်မျိုးစုံအထွေထွေပစ္စည်းများရောင်းဝယ်ရေးလုပ်ငန်း၊ လျှပ်စစ်နှင့်စတိုး၊ မီးဖိုချောင်သုံးပစ္စည်းဆိုင်၊ ဆောက်လုပ်ရေးပစ္စည်းဆိုင်၊ အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်၊ စိန်ရွှေရတနာဆိုင်၊ လယ်ယာသုံးပစ္စည်းနှင့်ယင်းအပိုပစ္စည်းအရောင်းဆိုင်၊ ပရိဘောဂဆိုင်၊ လုပ်ငန်းသုံးမော်တော်ယာဉ်အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချသည့် လုပ်ငန်းနှင့် သံရည်ကျို လုပ်ငန်းတွင် စဉ်ဆက်မပြတ် သုံးစွဲလျက်ရှိပြီး ယင်းတံဆိပ်များအား မရိုးမဖြောင့်သောသဘောဖြင့် ပုံတူပုံမှား၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားဖြစ်အောင် ပြုလုပ်ခြင်း၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ၊ ကူးယူ တုပပြုလုပ်သုံးစွဲပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးမျိုးဆွေ[၁၂/အစန(နိုင်)၁၅၀၃၄၇]**
**MIKE & DIKE Trademark and General Services CO.,LTD.**
**အမှတ်-၉၀၊ မင်္ဂလာလမ်း၊ ဖိုင်းဂနိုင်းတောင်ပိုင်းရပ်ကွက်၊ ပဲခူးမြို့**
**၀၉-၆၈၈၅၆၆၃၂၁၉၊ ၀၉-၄၂၈၁၄၂၀၁၈**
**Email:bagotrademarklandlawfirm@gmail.com**

**ပြန်ကြားရေးဝန်ကြီးဌာန**
**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနအတွက်**
**ရုံးသုံး/လုပ်ငန်းသုံး စက်ကိရိယာပစ္စည်းများ ဝယ်ယူရန်**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနအတွက် ရုံးသုံး/လုပ်ငန်းသုံးစက်ကိရိယာပစ္စည်းများကို ပြည်တွင်းသုံးမြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

(က) ရုံးသုံး/လုပ်ငန်းသုံး စက်ကိရိယာပစ္စည်း (၁၂)မျိုး

၂။ အိတ်ဖွင့်တင်ဒါများကို (၂၆-၄-၂၀၂၂)ရက်မှ (၁၀-၅-၂၀၂၂)ရက်အထိ နေ့စဉ် နံနက် (၉:၃၀)နာရီမှ (၁၆:၀၀)နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ ဈေးနှုန်းမပါသော Specification & Catalogue များကို(၁၀-၅-၂၀၂၂)ရက်နှင့် (၁၇-၅-၂၀၂၂) ရက်တို့တွင်လည်းကောင်း၊ ဈေးနှုန်းပါသော Specification & Catalogue များကို (၁၇-၅-၂၀၂၂)ရက် တွင်လည်းကောင်း၊ နံနက် (၉:၃၀)နာရီမှ ညနေ (၁၆:၀၀)နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာန၊ ထုတ်လုပ်မှုဌာနသို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလ ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၇၄၊ ၀၆၇-၄၁၂၇၅ တို့ကို ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | |
|---|---|
| **တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ** | **တင်ဒါတင်သွင်းရန်လိပ်စာ** |
| **ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန** | **ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့်** |
| **ပြန်ကြားရေးဝန်ကြီးဌာန** | **ထုခွဲရောင်းချရေးကော်မတီ** |
| **ရုံးအမှတ်(၇)၊ နေပြည်တော်** | **ပြန်ကြားရေးဝန်ကြီးဌာန** |
| **ဖုန်း-၀၆၇၃-၄၁၂၇၄၊ ၀၆၇၃-၄၁၂၇၅** | **ရုံးအမှတ်(၇)၊ နေပြည်တော်** |
| | **ဖုန်း-၀၆၇၃-၄၁၂၇၅၊ ၀၆၇၃-၄၁၂၇၄** |

**ကန့်ကွက်နိုင်ပါကြောင်း**

**ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၄၃၊ မြေကွက်အမှတ်-၁၃၈၄၊ ဧရိယာ(၀.၀၅၅)ဧက၊ မြေအမျိုးအစား-နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ်(၁၃၈၄)၊ ဘုရင့်နောင်လမ်း၊ ၄၃-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အိမ် အကျိုးခံစားခွင့်အရပ်ရပ်** သည် မြို့မြေစာရင်းတွင် ဦးအေးကြူ (စီအီး-၀၄၉၆၁၀)အမည်ပေါက်တည်ရှိပြီး(၁၈-၈-၁၉၉၉) ရက်စွဲပါ "နှစ်ဦးသဘောတူအိမ် မြေအရောင်းအဝယ်ကတိစာချုပ်" အရ ဦးဝင်းညွန့်ဦး[၁၂/မရက(နိုင်)၀၀၅၂၁၄]မှ ဝယ်ယူခဲ့ပြီး၊ ၎င်းထံမှ (၂၈-၆-၂၀၀၆)ရက်စွဲပါ "နှစ်ဦးသဘောတူအရောင်းအဝယ်ကတိစာချုပ်"အရ ဝယ်ယူထားသူ ဒေါ်စမ်းစမ်းရည်[၈/သရန(နိုင်)၀၂၆၀၈၄]က တရားဝင် လက်ဝယ်ထားရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက် အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန့်ဇော်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)**
**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း**
**အများသိစေရန် ကြေညာခြင်း**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ၁၂၃ လမ်း၊ အမှတ် (၆)၊ ၆ လွှာ(ဘယ်)နေ ဦးသန်းလွင်၊ ဒေါ်တင်ဇာလွင်တို့၏သားဖြစ်သူ မောင်ဝေယံမြင့်လွင် [၁၀/မဒန(နိုင်)၂၇၂၂၃၆] ကိုင်ဆောင်သူသည် မိဘဖြစ်သူတို့အား ကိုယ်စိတ်နှလုံးဆင်းရဲအောင် အကြိမ်ကြိမ်ပြုမူပြီး ဆိုဆုံးမမှုကို နာခံမှုမရှိပါသဖြင့် ယနေ့မှစ၍သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ နောက်နောင် မောင်ဝေယံမြင့်လွင်နှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူများ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးသန်းလွင်** | **ဒေါ်မာမာသိန်း (LL.B)** |
| **[၃/ကဆက(နိုင်)၀၇၃၁၁၆]** | **တရားလွှတ်တော်ရှေ့နေ** |
| **ဒေါ်တင်ဇာလွင်** | **(စဉ်-၈၇၉၂/၂၀၁၃)** |
| **[၁၀/မဒန(နိုင်) ၁၅၇၃၂၆]** | |

**အမှတ်- ၃၇၊ အရိုးကုန်းလမ်း၊ အရိုးကုန်းရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း ၀၉-၅၀၆၄၉၅၉၊ ၀၉-၅၀၈၈၆၀၅**

**သမီးအဖြစ်မှ**
**အမွေပြတ်စွန့်လွှတ်ခြင်း**

ပဲခူးတိုင်းဒေသကြီးရေတာရှည်မြို့နယ်၊ ကုန်းကြီးကျေးရွာအုပ်စု၊ အင်ကြင်းကုန်းကျေးရွာနေ သမီးဖြစ်သူ မသီသီစိုး [၇/ရတရ(နိုင်)၁၄၃၃၈၃] သည် မိဘနှစ်ပါး၏ ဆိုဆုံးမမှုကိုနာခံခြင်းမရှိဘဲ စိတ်ဒုက္ခရောက်အောင် ပြုလုပ်နေပါသဖြင့် သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို မိဘများအနေဖြင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**ဖခင် ဦးမြင့်ရွှေ**
**[၇/ရတရ(နိုင်) ၀၀၄၃၇၇]**

# ရတနာ သစ်တော ပြည့်သွေးကြော သစ်တော ရတနာ ထိန်းသိမ်းပါ

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်ခင်ကြည်(ထားဝယ်)**
**ဇနိတရာမ မိုးကုတ်ယောဂီဟောင်း**
**အသက်(၉၃)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ (၅၇)လမ်း၊ အမှတ်(၂၀)နေ (ဦးအောင်ဘော်-ဒေါ်အုံးတင်)တို့၏သမီးကြီး၊ (ဦးဟိုဟင်)-(ဒေါ်ခင်ရီ)၊ (ဦးထွန်းကြည်)-ဒေါ်ကြည်၊ (ဦးပေါ်ဟီး-ဒေါ်ကျင်လွမ်) တို့၏အစ်မကြီး၊ ဦးကြည်လင်း-ပါမောက္ခ ဒေါ်ထားထားရီ၊ (ဦးဝင်းနိုင်-ဒေါ်သန်းသန်းနွဲ့)တို့၏မိခင်၊ ဒေါ်မြင့်မြင့်ခင်၊ ဦးပိုင်စိုး-ဒေါ်ချယ်ရီဝင်းတို့၏ကြီးကြီး၊ မြေးခြောက်ဦး၊ မြစ်ရှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၂၆-၃-၂၀၂၂ (သောကြာနေ့) နံနက် ၃:၃၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ယင်းနေ့ နံနက် ၁၁:၃၀ နာရီတွင် ရေဝေးသုသာန်၌ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်မြင့်မြင့်ခင်(ခ)ဒေါ်မော်မော်ခိုင်(ခ)ဒေါ်ဘိုမ**
**အသက်(၈၃)နှစ်**
**လ/ထ စာကြည့်တိုက်မှူး(အခြေခံပညာဦးစီးဌာန)**

ရေနံချောင်းမြို့နယ် (ဦးသန်းမောင်-ဒေါ်ခင်ခင်အုန်း)တို့၏ သမီး၊ မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ (ဦးလွှာ-ဒေါ်အေးသ)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄၇)ရပ်ကွက်၊ စံပယ်လမ်း၊ အမှတ်(၉၉)နေ (ဦးသန်းထွန်း)-ဒေါ်ခင်နွဲ့နွဲ့တို့၏ညီမ၊ (ဦးကျော်ဟန်) အခြေခံပညာဦးစီးဌာန၏ဇနီး၊ ဦးသန်းဝင်း- ဒေါ်ဝါဝါထွန်း၊ ဦးကြည်ထွေး-ဒေါ်စန်းစန်းအေး၊ ကိုညာဏ်ဝင်း၊ ကိုဝေဖြိုးဟန်-မလဲ့လဲ့ဝင်းတို့၏ ချစ်လှစွာသော မိခင်ကြီး၊ မသွန်းဆုဟန်နီ၏ အဘွားဖြစ်သူသည် ၂၅-၃-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူအားရည်စူး၍ ၃၁-၃-၂၀၂၂(ဗုဒ္ဓဟူးနေ့)၊ နံနက် ၇နာရီမှ ၁၀နာရီတွင် ဆွမ်းကပ်လှူဒါန်းအမျှပေးဝေလိုပါသောကြောင့် တရားတော်နာကြွရောက်ပါရန် ညှိုးငယ်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဒေါ်မြစော**
**အသက် (၈၈) နှစ်**
**(ခြောက်ရွာ-ဟသ်ာတ)**

တောင်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ သစ္စာဥယျာဉ် အမှတ်-(၇)နေ (ဦးတင်ကြီး-ဒေါ်ရွှေတင့်)တို့၏သမီး၊ ဦးအေးကျော်လွင်(ဒေါ်စန်းရီ)တို့၏ အစ်မကြီး၊ မချိုဦးလွင်၊ ကိုလှဘုန်းလွင်-မထွေးထွေးအေး၊ မထွေးထိပ်တင်လွင်၊ ကိုဇော်မင်းလွင်-မစိုးမြတ်ဝင်း၊ ကိုကျော်မင်းလွင်-မဝင်းလဲ့လဲ့ကြည်တို့၏ ကြီးကြီး၊ မြေးရှစ်ယောက်တို့၏ ဘွားဘွား၊ ကြီးကြီး ဒေါ်မြစော (ခြောက်ရွာ-ဟသ်ာတ) သည် ၂၅-၃-၂၀၂၂ (ကြာသပတေးနေ့) ည ၁၀:၂၅ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂၆-၃-၂၀၂၂ ရက်နေ့တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၃၁-၃-၂၀၂၂ ရက် (ဗုဒ္ဓဟူး)နေ့ နံနက် ၇ နာရီမှ စ၍ ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဦးမြင့်ဆွေ (၇၅)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ယသဝတီ(၁၆)လမ်း၊ အမှတ်(၁၀၇၇)နေ (ဦးမောင်မောင်-ဒေါ်ထွေးခင်)တို့၏သား (ဦးသန်းလွင်-ဒေါ်ခင်မာ)တို့၏သားသမက်၊ ဒေါ်ခင်စန်းလွင်၏ခင်ပွန်း၊ ဦးခင်မောင်ညွန့်-ဒေါ်ခင်မေသွယ်၊ ဦးတင်စိုးဝင်း-ဒေါ်သင်းသင်းမောင်၊ ဒေါ်ပညာသိရီ၊ ဦးရဲလွင်-ဒေါ်ခင်အေးမူ၊ (ဦးသီဟလွင်)တို့၏အကို၊ ဦးမိုးမြင့်မောင်-ဒေါ်ဝါဝါ၊ ဦးသူရထွန်း- ဒေါ်မိုးမြင့်မေတို့၏ဖခင်၊ မြေးသုံးယောက်တို့၏ အဘိုးဖြစ်သူသည် ၂၅-၃-၂၀၂၂၊ (ကြာသပတေးနေ့)၊ နံနက်၁၁:၃၀နာရီတွင် (၉၆)ပါးသောရောဂါဝေဒနာဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလပ်ကို ၂၅-၃-၂၀၂၂ (ကြာသပတေးနေ့)၊ ညနေ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၃၁-၃-၂၀၂၂ (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး**
**ဒေါ်အေးအေးမော် (UK)**
**အသက်(၅၃)နှစ်**

ရန်ကုန်မြို့နေ (ဦးမျိုးခင်)-ဒေါ်သန်းသန်းတို့၏သမီးကြီး၊ (ဦးလေးလွင်)-ဒေါ်စန်းစန်း မြင့်တို့၏သမီးချွေးမ၊ ဦးညိုထွန်းအောင်-ဒေါ်နုနုငယ်၊ ဦးကျော်ဝင်း-ဒေါ်လင်း လင်းမြတ်သာ၊ ဒေါ်မြသန္တာဝင်းတို့၏ အမကြီး၊ တူ တူမ ငါးယောက်တို့၏အဒေါ်၊ သမီးမကျော့ဝတီထွန်း(UK)၏ မိခင်၊ ဦးသန်းထွန်း(UK)၏ ချစ်လှစွာသော ဇနီးသည်၂၁-၃-၂၀၂၂ (တနင်္ဂနွေနေ့) ညနေ့ ၃:၃၀ နာရီတွင် အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့၊ Charing Cross Hospital တွင် ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ကမ္ဘာ့အပူချိန်လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့**

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်စောကြင်အုံး(BA.Ed,B.Ed)**

**ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)၊ အထက(၁၆) မန္တလေးမြို့**

**အသက်(၈၃)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်နေ ဦးမောင်မောင်အောင်၏ဇနီး၊ နေပြည်တော်နေ ဒုတိယ ဗိုလ်ချုပ်ကြီး မျိုးမိုးအောင်+ဒေါ်ပန်းအိဖြူသာတို့၏ ချစ်လှစွာသောမိခင် ဒေါ်စောကြင်အုံးသည် ၂၆-၃-၂၀၂၂ရက် (သောကြာနေ့) နံနက် ၃နာရီ ၄၀မိနစ်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်အေးကြည်(ခရမ်းမြို့၊ သဲတောမြို့)**

**အသက်(၁၀၁)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့၊ ကမ်းနားလမ်း၊ မြေပိုင်ရှင်-သမာဓိမြို့ဝန် (ဦးစံညိမ်း-ဒေါ်အေးသွယ်)တို့၏သမီး၊ သဲတောမြို့နေ (ဦးသုနန်-ဒေါ်ဥဏ်)တို့၏သမီးချွေးမ၊ (ဦးခင်စိန်)၏ဇနီး၊ (ဦးရဲဝေ)၊ ဦးစင်ကြယ်-ဒေါ်ကျင်မွှေး၊ ဦးဝင်းအေး(ကိုတူ)-ဒေါ်အေးအေးစမ်းတို့၏ကျေးဇူးရှင်မွေးသမိခင်၊ ဦးသက်မျိုးဇော်-ဒေါ်ဖြူဖြူသွယ်၊ Dr.မြတ်မင်းဟန်-Dr.ထိုက်ထိုက်အိ၊ ကိုနိုင်လင်း (M3 – Technology) နှင့် ကိုပြည့်စုံ (M3 – Technology)တို့၏အဘွား၊ ခရမ်းမြို့နေ(ဦးမြို့-ဒေါ်သန်းရှင်)၊ သဲတော၊ ဝမ်းတွင်းမြို့နေ (ဦးပန်းညို-ဒေါ်သန်းတင်)၊ ရန်ကုန်မြို့နေ(ဦးသိန်းဟန်-ဒေါ်ခင်သန်း)၊ (ဦးဘစိန်-ဒေါ်အုံးကြည်)တို့၏ညီမ၊ (ဦးနု-ဒေါ်အုံးရီ)တို့၏အစ်မ၊ တူ၊ တူမ (၅၀) ယောက်တို့၏ချစ်လှစွာသောအဒေါ်သည် ၂၄-၃-၂၀၂၂ရက် မွန်းလွဲ ၂နာရီ ၄၈မိနစ်တွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၂၅-၃-၂၀၂၂ ရက်နေ့၌ သဲတောမြို့တွင် ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား သိစေအပ်ပါသည်။

သင်္ဂြိုဟ်သည့်ရက်တွင် အဘက်ဘက်မှဝိုင်းဝန်းကူညီပေးကြပါသော ဆွေမျိုး၊ မိတ်ဆွေသင်္ဂဟများအား ကျေးဇူးအထူးတင်ရှိပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်စောကြင်အုံး (BA.Ed, B.Ed)**

**ကျောင်းအုပ်ဆရာမကြီး (ငြိမ်း)၊ အ.ထ.က (၁၆) မန္တလေးမြို့**

**အသက် (၈၃) နှစ်**

(ဦးမြစ်-ဒေါ်စိန်)တို့၏သမီး၊ (ဦးသိန်း-ဒေါ်ခင်ပု)တို့၏ သမီးချွေးမ၊ ဦးမောင်မောင်အောင် (မြို့နယ်ပညာရေးမှူး(ငြိမ်း)၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့)၏ ချစ်လှစွာသောဇနီး၊ (ဦးခင်ထွေး-ဒေါ်ကြည်ကြည်အုံး) တို့၏ညီမ၊ ဒေါ်ခိုင်ခိုင်အောင်၊ (ဦးကျော်ငြိမ်းအောင်)၊ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် – ဒေါ်ပန်းအိဖြူသာတို့၏ မိခင်၊ မြေးလေးယောက်တို့၏ ဘွားဘွားကြီးသည် ၂၆-၃-၂၀၂၂(သောကြာနေ့) နံနက် ၃:၄၀နာရီ၌ နေပြည်တော်တွင် ဇဖ်ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၂၂ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ငြိမ်းအေးဇရပ်မှ ကျေးကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ ကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်စောကြင်အုံး(BA.Ed,B.Ed)**

**ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)၊ အထက(၁၆) မန္တလေးမြို့**

**အသက်(၈၃)နှစ်**

စစ်တက္ကသိုလ် အပတ်စဉ်(၃၂)မှ ဒုတိယ ဗိုလ်ချုပ်ကြီး မျိုးမိုးအောင်+ ဒေါ်ပန်းအိဖြူသာတို့၏ ချစ်လှစွာသောမိခင် ဒေါ်စောကြင်အုံးသည် ၂၆-၃-၂၀၂၂ ရက် (သောကြာနေ့)တွင် ဇဖ် ပါးရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စစ်တက္ကသိုလ် အပတ်စဉ်(၃၂)မှ မိသားစုများ**

ဗိုလ်ကြီးကျော်သူရ(ငြိမ်း)

B.Sc(D.S.A)(လေ – ၂၀၄၇)

ဒုတိယ အင်ဂျင်နီယာမှူးကြီး(စက်ပြုပြင်)

ရေနံ သယ်/ပို့ ဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

**အသက်(၅၄)နှစ်**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၂)ရပ်ကွက်၊ အမှတ် (၂၉/၉၀)နေ (ဒုတိယဗိုလ်မှူးကြီး အေးကျော်)-ဒေါ်ခင်ချိုဝင်းတို့၏သား၊ ဗိုလ် မှူးကြီးကျော်ဇညား-ဒေါ်ဝင်းပပထွန်း၊ ဒုတိယဗိုလ်မှူးကြီး ကျော်သီဟ(ငြိမ်း)(တပ်မတော်-ရေ)-ဒေါ်စံသာမွန်၊ ဦးပြည်စိုး-ဒေါ်အေးမြ ကျော်(ပြည်တွင်းအခွန်များဦးစီးဌာန)၊ ဒုတိယဗိုလ်မှူးကြီး စိုးသူရ-ဒေါ်သော်သော်ဟံသာ(မြဝတီဘဏ်လီမိတက်)တို့၏အစ်ကိုကြီး၊ မောင်ကျော်သုတ၊ မောင်ကျော်ဝဏ္ဏ၊ မောင်ကျော်ဉာဏ၊မရွှန်းမြတ်မွန်ကျော်၊ မောင် နေထက်နိုင်၊ မောင်ကျော်လင်းဖြိုး၊ မရှုမဝသူတို့၏ ဘကြီးသည် ၂၆-၃-၂၀၂၂ရက် နံနက် ၁၁:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၂၂ ရက် မွန်းတည့် ၁၂ နာရီတွင် မင်္ဂလာဒုံတပ်မတော်ဆေးရုံ ငြိမ်းအေးဇရပ်၌ သရဏဂုံတင်ပြီး မွန်းလွဲ ၁ နာရီအချိန်ခန့်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြား အပ်ပါသည်။

ကွယ်လွန်သူအား ရည်စူး၍ ၁-၄-၂၀၂၂ ရက် နံနက် ၁၀နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ဒါယကာကြီး

**ဦးလှထွန်း**

**အသက်(၉၅)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျီတော်ရပ်ကွက်၊ ရေကျော်လမ်း၊ အမှတ်(၈၁)နေ (ဦးမောင်မြ-ဒေါ်အေးဆင်)တို့၏သား၊ (ဦးဘရှင်-ဒေါ်အေးရင်)တို့၏သားမက်၊ ဒေါ်သန်းနု၏ချစ်လှစွာသောခင်ပွန်း၊ (ဦးမြင့်လွင်)-ဒေါ်တင်တင်လှ၊ (ဦးဇော်မြင့်)-ဒေါက်တာတင်တင်အေး၊ ဒေါက်တာနေဝင်း-ဒေါက်တာခင်သန်းဝင်း၊ ဒေါက်တာနေလင်း-ဒေါက်တာမြင့်မြင့်သိန်း၊ ဦးနေထွန်း(C/E)၊ ဒေါက်တာသီတာထွန်း၊ (ဦးကျော်ဇော်ထွန်း)တို့၏ ချစ်လှစွာသောကျေးဇူးရှင်ဖခင်ကြီး၊ မြေး ၁၀ယောက်တို့၏ ချစ်လှစွာသော အဘိုးသည် ၂၃-၃-၂၀၂၂ (အင်္ဂါနေ့) နံနက် ၈:၃၅ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ ကောင်းမွန်စွာမီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ကွယ်လွန်သူအားရည်စူး၍ ၂၉-၃-၂၀၂၂ (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားနာရန် အထက်ပါနေအိမ်သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ )

ကျန်ရစ်သူမိသားစု

**ဦးဘငွေ (မာန်အောင်)**

**ဒုခရိုင်ဥပဒေအရာရှိ(ငြိမ်း)**

**အသက် (၆၆)နှစ်**

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်၊ မြတ်မချောင်ရွာနေ (ဦးဘနီ) – (ဒေါ်မအေး) တို့၏ သားငယ်၊ (ဦးမောင်မှုန့်) – ဒေါ်ညီမနုတို့၏ သားသမက်၊ ဦးဘအေး(တိုင်းမန်နေဂျာ-ငြိမ်း) – (ဒေါ်စုစု)၊ ဦးဘမြင့်အောင်(တိုင်းမန်နေဂျာ-ငြိမ်း) အထွေထွေမန်နေဂျာ MAEX Co.,Ltd.၊ ဒေါ်ခင်ခင်အေး၊ ဦးမောင်စိန်၊ ဒေါ်အေးရင်၊ ဦးဘဖြူ – (ဒေါ်အေးနု)တို့၏ ညီ၊ မောင်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ (၂၅)ရပ်ကွက်၊ ယုဇန(၅) လမ်း၊ အမှတ် (၆၇၈)(က)နေ ဒေါ်တင်အေးခင်၏ ခင်ပွန်း၊ ဦးဝင်းအောင်(ခေတ္တဂျပန်)-ဒေါ်ခင်ခင်ဇော်(တရားလွှတ်တော်ရှေ့နေ)၊ ဦးထိန်လင်းဦး – ဒေါ်သိင်္ဂီဇော် (LL.B)၊ ဦးမြတ်သူရဇော် (ဒုမြို့နယ်ဥပဒေအရာရှိ-ပျော်ဘွယ်မြို့) – ဒေါ်ရွှေရည်အိမ် (အထက်တန်းရှေ့နေ)တို့၏ မွေးသဖခင်၊ မြေး(၆)ယောက်တို့၏ အဘိုးသည်(၂၆.၃.၂၀၂၂)၊ ညနေ (၅:၁၈)နာရီတွင် ဇဖ် ပါးရောဂါဖြင့် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် (၂၈.၃.၂၀၂၂) (တနင်္လာနေ့)၊ မွန်းတည့် ၁၂ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ၍ နေအိမ်မှကားများ ၁၁ နာရီတွင် ထွက်ခွာမည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(ကွယ်လွန်သူအားရည်စူး၍ (၁.၄.၂၀၂၂) (ကြာသပတေးနေ့) နံနက် (၇)နာရီမှ (၁၁)နာရီထိ ရက်လည်ဆွမ်းကျွေးတရားတော် နာယူမည်ဖြစ်ပါသဖြင့် အထက်ပါနေအိမ်သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်ကြီးကျော်သူရ(ငြိမ်း) B.Sc (D.S.A)**

လေ-၂၀၄၇

ဒုတိယအင်ဂျင်နီယာမှူးကြီး(စက်ပြုပြင်)

ရေနံသယ်/ပို့ဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

**အသက် (၅၄)နှစ်**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၂)ရပ်ကွက်၊ အမှတ် (၂၉/၉၀)နေ (ဒုမှူးကြီးအေးကျော်)-ဒေါ်ခင်ချိုဝင်းတို့၏သားကြီး ဗိုလ်ကြီးကျော်သူရ(ငြိမ်း)သည် ၂၆-၃-၂၀၂၂ရက် နံနက် ၁၁:၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

စစ်တက္ကသိုလ်အမှတ်စဉ် (၃၁)သူငယ်ချင်းများ

**မီးဘေးရှောင်**

**မလောင်ခင်တား**

**ကြီးမြန် သစ်ပင် စိုက်ပျိုး လျှင် စွမ်းအင် လည်း ရ ပြည် လည်း လှ**

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်စောအုန်းခင်**

**အထက်တန်းပြဆရာမ(ငြိမ်း)**

**ကနီမြို့**

**အသက် (၈၃) နှစ်**

ရန်ကုန်မြို့၊ ရွှေဂုန်သူအိမ်ရာ၊ အမှတ်(၈၀၂)နေ (ဦးဘမျိုး- ဒေါ်ညွန့်တင်)တို့၏သမီး၊ ဦးမောင်ဝင်း၏ ချစ်လှစွာသောဇနီး၊ ဒေါက်တာထင်လင်း-ဒေါ်ဂျူအန်းဆု၊ ဒေါက်တာဝင်းကျော်-ဒေါ်ခင်ကေခိုင်၊ ဒေါ်ခင်မြတ်၊ ဦးဉာဏ်မျိုးထိုက်-ဒေါ်နီလာတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေးခြောက်ယောက်တို့၏ အဘွားသည် ၂၄-၃-၂၀၂၂ ရက် (ဗုဒ္ဓဟူးနေ့) ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့၊ အပိုလိုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၃-၂၀၂၂ရက် (သောကြာနေ့) မွန်းလွဲ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီး ကြွင်းကျန်သော အရိုးပြာများကို ဂူသွင်းပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(ကျန်ရစ်သူမိသားစုသည် မိခင်ကြီး၏ကျေးဇူးများကို အောက်မေ့သတိရလျက်ရှိပါသဖြင့် နာရေးသတင်းမေးခြင်းအား သည်းခံပေးပါရန်။)

ကျန်ရစ်သူမိသားစု

**သစ် တော နဲ့ သစ် ပင် ချစ် ခင် တဲ့ လူ မျိုး သစ် ပင် ကို နှစ် စဉ် စိုက် ရွေ တိုက် ကို စိုး**



ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း ဈေးပေါင်း ၁၈၄ ဈေးရှိရာ မြို့နယ်အသီးသီးရှိဈေးများတွင် ကုန်စည်အဝင်နှင့် အထွက်များ ပုံမှန်ဝင်ရောက်လျက်ရှိပြီး မတ် ၂၆ ရက်က လမ်းမတော်မြို့နယ် ညောင်ပင်လေးဈေးတွင် ဈေးရောင်းဈေးဝယ်များဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ သတင်းစဉ်


ကြေးမုံ ယနေ့ ဖတ်စရာ

ညီညွတ်ရေးနှင့် အသက်ရှည်ရှည် ခင်ခင်မင်မင် လက်ရည်တစ်ပြင်တည်း ရှေးကတော့ ပိုချစ်ကြတယ်
စာမျက်နှာ » ၁၀

တရုတ်နိုင်ငံ မြို့တော်ပေကျင်း၌ နိုင်ငံခြားသားသတင်းထောက်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေး
စာမျက်နှာ » ၁၃

သက်ဆိုင်သူများ သိစေချင်ပါသည်
ဆောင်းပါး စာမျက်နှာ » ၁၅

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်
စာမျက်နှာ » ၁၈


# ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆူပူဆန္ဒပြမှုတွင် ပါဝင်သူများအား ထိန်းသိမ်းထားခဲ့ရာမှ ယနေ့ပြန်လည်လွှတ်ပေးခဲ့ပြီး သက်ဆိုင်ရာ မြို့နယ်အသီးသီးသို့ ပြန်လည်ပို့ဆောင်ပေးခဲ့

**ရန်ကုန် မတ် ၂၆**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆူပူဆန္ဒပြမှုတွင် ပါဝင်သူများအား အင်းစိန်ဗဟိုအကျဉ်းထောင်တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၅(က)အရ ထိန်းသိမ်းထားခဲ့ရာမှ ယနေ့ညနေပိုင်းတွင် ပြန်လည်လွှတ်ပေးခဲ့ပြီး သက်ဆိုင်ရာမြို့နယ်အသီးသီးသို့ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ပြန်လည်လွှတ်ပေးမည့်သူများအား အင်းစိန်ဗဟိုအကျဉ်းထောင်ဝင်းရှိအားကစားခန်းမတွင် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးဝင်းတင့်က ဆုံးမဩဝါဒစကားပြောကြားပြီး တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဦးစိုးစိုးဇော်က အမှာစကားပြောကြားသည်။

**ပြန်လည်ပို့ဆောင်**

ထို့နောက် ပြန်လည်လွှတ်မြောက်လာသူများအား YBS ယာဉ်များဖြင့် သက်ဆိုင်ရာမြို့နယ်အသီးသီးသို့ ပြန်လည်ပို့ဆောင်ပေးခဲ့သည်။

ယနေ့ ပြန်လည်လွှတ်ပေးခဲ့သူများတွင် အမျိုးသား ၂၄၉ ဦး၊ အမျိုးသမီး ၇၃ ဦး စုစုပေါင်း ၃၂၂ ဦး ရှိကြောင်း သိရသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆူပူဆန္ဒပြမှုတွင် ပါဝင်သည့်သူများအား အင်းစိန်ဗဟိုအကျဉ်းထောင်တွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၅၀၅(က)အရ ထိန်းသိမ်းထားခဲ့ရာမှ မတ် ၂၄ ရက်တွင် အမျိုးသား ၃၆၀၊ အမျိုးသမီး ၂၆၈ ဦး စုစုပေါင်း ၆၂၈ ဦးကို ပြန်လည်လွှတ်ပေးခဲ့ပြီး သက်ဆိုင်ရာ မြို့နယ်အသီးသီးသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ သတင်းနှင့်ဓာတ်ပုံ-လင်းလတ်







# အင်္ဂလန်ကစားသမား စတာလင် သွင်းဂိုး ၁၅၀ ပြည့်ပြီ

အင်္ဂလန်နိုင်ငံ လက်ရွေးစင်အသင်းနဲ့ ဆန်မာရီနိုအသင်းတို့ မတ် ၂၆ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ၂၀၂၂ ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်မှာ အင်္ဂလန်အသင်းက ဆန်မာရီနိုအသင်းကို ၅ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ အင်္ဂလန်အသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၁၄ မိနစ်မှာ ဝက်ဒ်ပရောင်းက တစ်ဂိုး၊ ပွဲကစားချိန် ၂၁ မိနစ်နဲ့ ၅၃ မိနစ်တို့မှာ ကယ်ဗက်လီဝင်က နှစ်ဂိုး၊ ပွဲကစားချိန် ၃၁ မိနစ်မှာ စတာလင်က တစ်ဂိုးနဲ့ ပွဲကစားချိန် ၈၃ မိနစ်မှာ အိုလီဝက်ကင်က တစ်ဂိုးအသီးသီးသွင်းယူပေးခဲ့တာဖြစ်ပါတယ်။

အင်္ဂလန်အသင်းက ဆန်မာရီနိုအသင်းကို အနိုင်ရရှိခဲ့တဲ့ပွဲစဉ်မှာ သွင်းဂိုးတစ်ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ တောင်ပံကစားသမား စတာလင်ဟာ ကစားသမားဘဝတစ်လျှောက် သွင်းဂိုး ၁၅၀ ပြည့်မြောက်ခဲ့ပြီဖြစ်ပြီး ကလပ်အသင်းနှစ်သင်းဖြစ်တဲ့ လီဗာပူးအသင်းနဲ့ မန်စီးတီးအသင်းတို့နဲ့အတူ သွင်းဂိုး ၁၃၆ ဂိုးသွင်းယူနိုင်ခဲ့ကာ အင်္ဂလန်နိုင်ငံလက်ရွေးစင်အသင်းနဲ့အတူ သွင်းဂိုး ၁၄ ဂိုးအထိ သွင်းယူနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

အင်္ဂလန်အသင်းဟာ ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စု(i) ရဲ့ အခြားသောပွဲစဉ်တစ်ပွဲအဖြစ် မတ် ၂၈ ရက်(တနင်္ဂနွေနေ့)မှာ အယ်လ်ဘေးနီးယားအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး မတ် ၃၁ ရက်(ဗုဒ္ဓဟူးနေ့)မှာ ပိုလန်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာလည်းဖြစ်ပါတယ်။

ငွေကြယ်